ဒါနပြုပုံပြုနည်း ဒါနအမျိုးအစားမျိုးစုံ

ဒါနအကျိုး စသည်တို့ဖြင့်

တန်ဆာဆင်အပ်သော

ဒါနဂုဏ်ရည်

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက
B.A. Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)
စုဆောင်း ရေးသားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

၁၆၈၉၁

ဒါနပြုပုံပြုနည်း ဒါနအမျိုးအစားမျိုးစုံ

ဒါနအကျိုး စသည်တို့ဖြင့်

တန်ဆာဆင်အပ်သော

ဒါနဂုဏ်ရည်

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက

B.A. Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

စုဆောင်း ရေးသားသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၅ ၁၉၈၄

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်
ဒေါ်လှမြင့် (၀၅၀) ချိုးဖြူပုံနှိပ်တိုက်
အမှတ် (၉၁၆)၊ သုမိတ္တာ ၂၄-လမ်း၊ (၁)ရပ်ကွက်
မြောက်ဥက္ကလာပ-က ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်(၀၂၅၂၇)က
ထုတ်ဝေသည်။

ဒါနဂုဏ်ရည်ကျမ်း ကျမ်းဦးမှတ်ဖွယ်

အစိုးရကြောင်း စည်းစိမ်ရကြောင်းလမ်းစဉ်

ဗုဒ္ဓဘာသာဝင် မဟုတ်သူများပင် ဒါနကို အထိုက်အလျောက်ပြုကြသည်၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ကား သဒ္ဓါလွန်စွာ ဒါနပြုကြသည်။ ဒါနသည် အစိုးရခြင်း, အရှိန်အဝါကြီးခြင်း, ဖြစ်လေရာရာဘဝတို့၌ စည်းစိမ်ဥစ္စာပေါများခြင်းကို ဖြစ်စေတတ်သည်။ လောက၌အစိုးရသူ ချမ်းသာကြွယ်ဝသူ ဟူသမျှတို့သည် ဒါန၏စွမ်းရည်သတ္တိကြောင့်ဖြစ်သည်။

နတ်ပြည်စောင်းတန်း သံသရာ့ရိက္ခာထုပ်

ဧင်းပြင် ဒါနသည် နတ်ပြည်သို့ တက်ရောက်ကြောင်း စောင်းတန်း လှေကားဖြစ်လေသည်။ သံသရာခရီးသွားစဉ် သုံးစားဖို့ရာ ရိက္ခာကောင်းလည်း ဖြစ်လေသည်။[၁]

လိုအပ်သမျှ ပေးနိုင် ပြည့်စုံစေနိုင်
ရွှေအိုးနှင့်တူ, ပဒေသာပင်နှင့်တူ

ဒါနသည် လိုအပ်သမျှ ဥစ္စာအလုံးစုံကို ပေးစွမ်းနိုင်သည်၊ လိုနေသမျှကို ဖြည့်စွမ်းနိုင်သည်၊ အလိုရှိလျှင် သုံးစွဲရန် မြှုပ်နှံထားသည့် ရွှေအိုးနှင့် တူသည်သာမက

၁။ ဒါနံ ဗျသနရသသ္မျှတံ၊ ဒါနံ ဘောဂံ ဥပဋ္ဌိတံ။
ဒါနံ သဂ္ဂဿ သောပါနံ၊ ဒါနံ ပါထေယျ မုတ္တမံ။

အလိုရှိရာအခါ ဆွတ်ယူသုံးစွဲရန် ပေါက်သာသည့် ပဒေသာပင်နှင့်လည်း တူ၏၊ ရေဖြင့် တင်းကြမ်းပြည့်သော မြစ်သမုဒ္ဒရာသည် မကုန်နိုင်သကဲ့သို့ ဒါနပြုသူမှာ အသုံးအဆောင်များ ကုန်သည်မရှိ ပြည့်စုံပေါများလေကုန်၏။

သဗ္ဗကာမဒဒံ ဒါနံ၊ ယံပိစ္ဆံ ပရိပူရေတိ။
နိဓိကုမ္ဘသမာဒါနံ၊ ကပ္ပရုက္ခူပမံ ဣဝ။
ယထာ ဝါရိဝဟော ပူရော၊ သဗ္ဗကာလံ
နခိယတိ။
ဧဝံ ဒါနံ ဒဒန္တဿ၊ သဗ္ဗဘောဂါ န ခိယရေ။-၁

ဒါနကြောင့် ဥစ္စာဖြစ်

ဂင်္ဂါဝါလုသဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တို့သည် ဘုရားဖြစ်ကြောင်းအကျင့်ကောင်း ပါရမီတော်တို့ကို ရှုဆင်ခြင်တိုင်း ဒါနကိုသာ ဦးစွာပထမမြင်တော်မူကြသည့်အတိုင်း ဘုရားရှင်တို့ မပြုဖူးသော ဒါနဟူ၍ မရှိချေ။ -၂

ဒါနကိုစတင်၍ ကျင့်တော်မူကြသဖြင့် ဘုရားဖြစ်တော်မူကြသည်၊ သို့ဖြစ်၍ ‘ဒါနံဝ အာဒိံ ကတွာ၊ သမ္ဗောဓိံ စ လဘန္တိတေ’’ ဟု မိန့်ဆိုတော်မူကြသည်။

၁။ ရှေးဆရာတော်များ။

၂။ ဝိစိနန္တော တဒါ ဒက္ခိံ၊ ပဌမံ ဒါနပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။ အပ၊ ၂။
၃၁၅။

နဲနဲလှူ၊ များများရ၊ များများလှူ၊ သာလွန်များစွာရ
စေတနာပြဋ္ဌာန်းလျက် နဲနဲလှူခဲ့လျှင် များစွာရ၍ များစွာလှူခဲ့လျှင် အလွန်အမင်းများစွာ ရရှိလေသည်။ ပန်းတပွင့် ဆွမ်းတဇွန်း မုန့်တခုစသည် အနည်းငယ်လှူခဲ့သဖြင့် ကမ္ဘာပေါင်းကုဋေကုဋာ အပယ်လေးဝမကျပဲ နတ်ပြည်လူ့ပြည် လှည့်လည်ဖြစ်ရ၍ နိဗ္ဗာန်ဝင်သူတွေ ဂဏန်း မထိုးနိုင်အောင် များလှကုန်၏။

အပ္ပံ ဒိန္နံ ဗဟုကေဟိ၊ ဗဟုဒိန္နံ ဗဟုတရံ။
တသ္မာ ဟိ တဒိဒံ ဒါနံ၊ အပ္ပံ ဝါ ယဒိ ဝါ ဗဟူ။၁

ဗောဓိဆုအားလုံး ရရှိနိုင်

များစွာသော ဘုရားရှင်၏ သာဝကတို့သည် ဒါနပြု၍ ဆုတောင်း ပတ္ထနာပြုတော်မူခဲ့ကြပြီး မိမိတို့ဆိုင်ရာ ဗောဓိဆုဖြင့် နိဗ္ဗာန် ဝင်စံတော်မူခဲ့ကြသည်။ စင်စစ်အားဖြင့် ဒါနသည် ဗောဓိဆုအားလုံးကိုလည်း ရရှိကြောင်းဖြစ်လေသည်။၂

အရဟတ္တဖိုလ်, ပစ္စေကဗောဓိဉာဏ်
သဗ္ဗညုတဉာဏ်ရအောင် ဒါနပြုနည်း

ဒါနပြုသူသည် အရဟတ္တဖိုလ် ပကတိသာဝက ဗောဓိ, အဂ္ဂသာဝကဗောဓိ, မဟာသာဝကဗောဓိ, ပစ္စေကဗောဓိဉာဏ်, သဗ္ဗညုတဉာဏ်ကိုရလိုလျှင်

၁။ မိမ္မာလက်ာရကျမ်း ၂၃၂။ ၂။ ခုဒ္ဒက။၉။ ခုဒ္ဒက။၄၊ ၁၀၄-၁၉၇။

"ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု" သို့မဟုတ်၊

"ဣဒံ မေ ဒါနံ ပကတိသာဝက ဗောဓိ ဉာဏဿ ပစ္စယော ဟောတု၊

ဣဒံ မေ ဒါနံ အဂ္ဂသာဝကဗောဓိ ဉာဏဿ ပစ္စယော ဟောတု၊

ဣဒံ မေ ဒါနံ ပစ္စေက ဗောဓိဉာဏဿ ပစ္စယော ဟောတု၊

ဣဒံ မေ ဒါနံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု၊

တွင် တမျိုးမျိုး အလိုရှိအပ်သည့် ဗောဓိဆုကို တောင့်တ၍ ပြုရသည်၊ သို့ဖြစ်၍ အင်္ဂုတ္တိုရ် အဋ္ဌကထာ ပဏိဟိတ အစ္ဆဝဂ်အဖွင့်၌-

"ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတုတိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေက ဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ-ဟုလာ ရှိလေသည်။[၁]

လှူဒါန်းမှု ဒါနကုသိုလ်ရနိုင်

သဒ္ဓါနည်းပါး မာယာများသူများသည် လှူဖွယ် ဝတ္ထုကို မပေးလှူပဲ လှူလိုစိတ်ဖြစ်ကာမျှဖြင့် ဒါန

၁။ အံ၊ဋ္ဌ၊၁။၄၃။

ကုသိုလ်ရနိုင်သည် ဟုယူဆကြ၏။ စင်စစ်ကား ယင်းသို့ မဟုတ်ချေ။ယုံယုံကြည်ကြည် ပေးလှူမည်ဟူသောစိတ်ဖြင့် လှူဖွယ်ဝတ္ထုကို လက်တွေ့လှူဒါန်းမှသာ ဒါနကုသိုလ် ရနိုင်၏။-၁

ပုထုဇဉ်အဖြစ်နှင့်အလှူခံ အရိယာဖြစ်မှသုံးဆောင် ပုထုဇဉ်အား လှူရာရောက်

ပုထုဇဉ်ဖြစ်စဉ်ကာလက လှူဒါန်းထားသော ပစ္စည်းကို အရိယာအဖြစ်သို့ရောက်မှ သုံးဆောင်လျှင် အရိယာ**အား လှူဒါန်းရာမရောက်**၊ ပုထုဇဉ်အားသာ လှူဒါန်း**ရာရောက်လေသည်**။ ၂

ရှိသလောက်ပေးလှူ သုံးတန်ချမ်းသာရနိုင်

အလှူ့ရှင်အနေနှင့် အတိုင်းအရှည်အားဖြင့် ပေးလှူဖွယ်မလို၊ မစ္ဆေရ ရန်ကို အောင်နိုင်၍ မိမိရှိသလောက် လှူဖွယ်ဝတ္ထုကို ပေးလှူရာ၏၊ ယင်းသို့ ပေးလှူလျှင် မှန်မြတ်လှစွာသော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရနိုင်သည်။

ဒါနဂုဏ်ရည်ကျမ်း ပြုစုရေးသားခြင်း

မိမိသည် ပခုက္ကူမြို့ ကုက္ကိုတန်းရပ်နေ ဒါယကာကြီး ဦးကံ၏ လျှောက်ထားချက်ဖြင့် သီလဂုဏ်ရည်ကျမ်းငယ်ကို

၁။ ဒီ၊ဋ္ဌ၊၂။၃၇၇။ သံ၊ဋ္ဌ၊၃။၁၉၄။
၂။ အံ၊ဋ္ဌ၊၁။၃၅၅။ အဘိ၊ဋ္ဌ၊၂။၄၀၀။

ရေးသားပြုစီရင်ခဲ့သည်၊ ယင်းသို့ဖြင့် သီလဂုဏ်ရည် ကျမ်းထွက်လာသောအခါ ဒါနဂုဏ်ရည် ကျမ်းတကျမ်း ရှိသင့်သည်ဟု ယူဆလာပြန်သည်၊ သို့ဖြစ်၍ မန္တလေး သာသနာ့ဝင် တေရသမတွဲကျမ်း ပြုစုရေးသားသုတ်သင် အပြီး ၂-ရက်အလွန် ၁၃၄၅-ခုနှစ်၊ သီတင်းကျွတ် လဆန်း ၉-ရက်နေ့ညနေတွင်စ၍ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းများ ကြည့်ရှုပြီး အကျဉ်းချုံး၍ ရေးသားခဲ့ရာ ယနေ့ ၁၃၄၅-ခုနှစ် သီတင်းကျွတ်လဆုတ် ၃-ရက်နေ့ ၂-နာရီအချိန်တွင် ပြီးဆုံးပါသည်။

စေတနာသုံးတန် ညီညွတ်စွာဒါနပြုကြ

အို.... သပ္ပုရိသန္တယ်ဝင် သူတော်စင်.... သင်သည် ဒါနဂုဏ်ရည်ကျမ်းကို ကြည့်ရှုလေ့လာပြီး အကောင်းဆုံး သောဒါနပြုနည်းဖြင့် နိဗ္ဗာန်ကို တောင့်တ၍ ပုဗ္ဗစေတနာ မုဉ္စစေတနာ, အပရစေတနာ သုံးတန်ညီညွတ်စွာဖြင့် ဒါန ပြုရာ၏။

နိဗ္ဗာန်တောင့်တ လှူဒါန ပြုကြနိုင်ပါစေ။

အရှင်ကေလာသ

မြောစရိယ, ဂဏဝါစက, ဘီ-အေ(ဂုဏ်ထူး)

သာသန ဇောတိပါလကျောင်း

မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၁၃၄၅-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃-ရက်နေ့။

ဒါနဂုဏ်ရည်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမ, ပဋိညာဉ်

သစ္စာလေးဝ၊ မမွှသိမြင်၊ ဘုရားရှင်နှင့်၊ ဆယ်အင်မမွှ၊ ရှစ်ဝအရိယာ၊ မြတ်သံဃာတည့်၊ ဆရာသခင်၊ ကျေးဇူးရှင်ကို၊ ကြည်လင်လှစွာ၊ သဒ္ဓါရိုကျိုး၊ ရှိခိုးပြီးက၁၊ ဒါနဂုဏ်ရည်၊ အာနည်တင့်စွာ၊ ကျမ်းတော်စာကို၊ သမ္မာဆန္ဒ၊ ဉာဏသမ္ပယုတ်၊ စိတ်စိတ္တုပ်ဖြင့်၊ အကျွန်ုပ်လျှင်၊ ရေးစီရင်မည်။ ။ကင်းစင်အန္တရာယ် သွယ်သွယ်တည်း။

မိမိသည် ဒါနဂုဏ်ရည်ကျမ်းကို ရေးသားစီရင်မည်ဖြစ်ရာ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို အလိုရှိပါသည်၊ သို့ဖြစ်၍ သစ္စာလေးဝ မမွှသိမြင် ဘုရားရှင်နှင့် စသည်ကဗျာပိုဒ်လင်္ကာဖြင့် ရတနာသုံးပါး ဆရာသမားနှင့်ကို ရိုသေမြတ်နိုးစွာ ရှိခိုးပါသည်၊ ကျမ်းစာပြု စီရင်စဉ်အကြားတွင်လည်း ရတနာသုံးပါး ဆရာသမားတို့၏ ဂုဏ်ကျေးဇူးတော်အနန္တကို အောက်မေ့ဆင်ခြင်ပါမည်၊ ယင်းသို့ ရတနာသုံးပါး ဆရာသမားတို့ကို ရှိခိုးပူဇော်ရသဖြင့် အန္တရာယ်အမှောင့်အနှောင့်မဝင်ပဲ ဒါန ဂုဏ်ရည်ကျမ်းဆုံးခန်းတိုင်မြောက် အပြီးသို့ရောက်လိမ့်မည်ဟု ယုံကြည်ပါသည်။

ကမ္မဿကတာဉာဏ်နှင့်ယှဉ်၍ လှူဒါန်းပါ

သံဃာတော်အရှင်မြတ်တို့အား ဆွမ်းကျွေးခြင်း,သင်္ကန်း ကပ်ခြင်း စသည်တို့ပြုသူ သူတော်စင်, သို့မဟုတ် ရှင်ပြု ရဟန်းခံ စသည့် သာသနာတွင်း သွတ်သွင်းချီးမြှောက် သည့် ကုသိုလ်ကောင်းမှုကိုပြုသူ သူတော်စင်, သို့မဟုတ် ဘုရားရှင်အား ပန်း, ရေချမ်း, ဆွမ်း, ဆီမီး စသည်ဖြင့် ပူဇော်မှုကိုပြုသော သူတော်စင် ဥပါသကာ, ဥပါသိကာ သည် ရှေးဦးစွာ ကမ္မဿကတာဉာဏ်နှင့်ယှဉ်အောင် ပြုရာ၏၊ ကမ္မဿကတာ ဉာဏ်ဟူသည် ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသောဉာဏ်ဖြစ်သည်၊ ကုသိုလ်ကံသည် အကျိုးမဲ့တွေကို ဖျက်ဆီးတတ်, အကျိုးစီးပွားတွေကို ဖြစ်စေတတ်သဖြင့် မိမိကံဖြစ်သည်။ (= သကကံဖြစ်သည်။) အကုသိုလ်ကံ သည် အကျိုးစီးပွားတွေကို ဖျက်ဆီးတတ်, အကျိုးမဲ့ တွေကို ဖြစ်စေတတ်ရကား မိမိကံမဟုတ် (= နေ့သက ကံတည်း)ဟု သိသော ဉာဏ်ဖြစ်သည်။ စရိတ်ကြေးငွေ အလုံအလောက်ပါသော ခရီးသွား အမျိုးသားသည် ရောက်လေရာရာ မြို့ရွာနိုင်ငံများ၌ ပွဲလမ်းသဘင်များကို တွေ့လေလျှင် ငါကား ဧည့်သည်သာ ဖြစ်သည်။ မည်သူ့ ကို အမှီပြု၍ ကြည့်ရှုရမည်နည်း စသည်ဖြင့် မကြံစည်မဲ့ အလိုရှိကိုင်း, စိတ်တိုင်းကျ ကြည့်ရှုပြီး ချမ်းချမ်း သာသာ မိမိလိုရာ ခရီးပေါက်ရောက်အောင် သွားနိုင်သကဲ့သို့ သတ္တဝါများသည် ကမ္မဿကတာဉာဏ် (ကံသာလျှင် မိမိ ဥစ္စာဟု သိသောဉာဏ်)၌ တည်၍ ဘဝထိုက်၌ လှည့်လည် ရောက်စေတတ်သောကံ (ဝဋ္ဋဂါမိကုသိုလ်ကံ) ကိုအား

ထုတ်ပြုလုပ်ကြသည်။ ယင်းကံများကြောင့် "လူချမ်းသာ လူ့စည်းစိမ် နတ်ချမ်းသာ နတ်စည်းစိမ်များကို ခံစားကြပြီး အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်မျက်မှောက်ပြုကြသူတွေ ကုဋေကုဋာမက မရေမတွက်နိုင်အောင် များလှလေပြီ၊ သို့ဖြစ်ရာ ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသောဉာဏ် (ကမ္မဿကတာဉာဏ်)၌တည်၍ အလှူဒါနပြုရာ၏။ [၁]

ဆောင်။ ။ကမ္မဿကတာ၊ဉာဏ်မှာသာလျှင်၊ ကောင်းစွာ
စဉ်စီ. တည်ကြီး တည်၍၊ ဘုန်းစည်မြတ်စွာ
သာသနာဝယ်၊ ဒါနကောင်းမှု၊ ပြုပြုကြ
လော့ ယခုဖော်ပြ၊ ကမ္မဿကတာ၊ ဉာဏ်မှာ
တည်၍၊ ဒါနပြုသူ၊ ဟိန္ဒူတို့၊ နတ်လူပြဟ္မာ၊
ချမ်းသာစည်းစိမ်၊ ကြိမ်ကြိမ်ခံကာ၊ အမတာ
ပြည်ခွင့်၊ ဝင်ဝင် ကြ၊ ဂဏန်းမပြနိုင်ပြီ
တကား။

ကမ္မဿကတာ ဉာဏ်အကျယ်မှတ်ဖွယ်

အိုသူတော်စင် ... သင်သည် ပေးလှူရခြင်း၌ အကျိုးရှိတယ်ဆိုတာ ယုံကြည်ပါ၊ အလှူကြီး, အလှူငယ်ပြုမှု ပူဇော်ရမှု၌ အကျိုးရှိတယ်ဆိုတာ စွဲမြဲစွာ ယုံကြည်ပါ။ ၎င်းပြင် ကောင်းမှု မကောင်းမှုကံတို့ရဲ့ အကျိုးများ အကျိုးဆက်ရှိတယ်ဆိုတာ မုချယုံကြည်ပါ။ အမိအဖ၌ ကောင်းစွာပြုမှု, မကောင်းသဖြင့်ပြုမှုရဲ့ အကျိုးရှိတယ်ဆိုတာ ယုံကြည်ပါ။ သေလွန်ပြီး တဖန်ဖြစ်တဲ့ သတ္တဝါတွေ

၁။ အဘိဓ္ဓ၊ ၁။ ၄၃၃-၄၃၄။

ရှိတယ်ဆိုတာ ယုံကြည်ပါ၊ ဤပစ္စက္ခလောကနှင့် တမလွန်လောကကို ကိုယ်တိုင်ထူးခြားသော ဉာဏ်နှင့်သိပြီးမျက်မှောက်ပြုကာ ဟောကြားတော်မူနိုင်သော ကောင်းတဲ့အကျင့်ကို ကျင့်ကြတဲ့ သမဏဗြာဟ္မဏ (ကိလေသာငြိမ်းအောင် ကင်းကွာအောင်ပြုကြတဲ့ပုဂ္ဂိုလ်) တွေရှိတယ်ဆိုတာ ယုံကြည်ပါ။ ဤကဲ့သို့ ယုံကြည်မှုဟာ ကမ္မဿကတာဉာဏ်ဖြစ်ပေသည်။ ၁

ဆောင်။ ။ပေးလှူလေက၊ အကျိုးရ၏။ တဝမှတ်ဖွယ်၊ လှူငယ်လှူကြီး၊ သီးသီးမုချ၊ အကျိုးရ၏။ မိဘနှစ်ဖော်၊ တို့အပေါ်မှာ၊ ကောင်းစွာပြုမှု၊ အကျိုးစုနှင့်၊ ပြုမှုမကောင်း၊ ကျိုးအပေါင်းလဲ၊ မလွဲမုချ၊ ရှိလေကြဟု၊ အစပြုလေ၊ ယူမှုတွေ၊ မသွေကမ္မဿကတာဉာဏ်ပင်တည်း။

တနည်းကမ္မဿကတာဉာဏ် မှတ်ဖွယ်

ပါဏာတိပါတ = သူ့အသက်သတ်မှု။ အဒိန္နာဒါန= သူ့ဥစ္စာ ခိုးဝှက်တိုက်ခိုက်လုယူမှု။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာစွာ ကျင့်မှုဟူသော ကာယဒုစရိုက် ၃-ပါး။ မုသာဝါဒ = မုသားပြောမှု, ပိသုဏာဝါစာ = ချောပစ်ကုန်းတိုက် စကားပြောမှု, ဖရုသဝါစာ = ကြမ်းတမ်းသော စကားကိုပြောဆိုမှု, သမ္ဖပ္ပလာပ = သေးနုတ်ပိန်ဖျင်းသော စကားကို

၁။ မ၊ဋ္ဌ၊၁။၁၉၂။သံ။ဋ္ဌ၊၃။၂၃၄။

ပြောဆိုမှုဟူသော ဝစီဒုစရိုက်လေးပါ။ အဘိဇ္ဈာ။ သူများစည်းစိမ်ကို မတရားယူလိုမှု, ဗျာပါဒ = သူတပါး ပျက်စီးသေကျေဖို့ ကြံစည်မှု, မိစ္ဆာဒိဋ္ဌိ = အယူမှားမှု ဟူသော မနောဒုစရိုက်သုံး၊ပေါင်းဒုစရိုက်တရားဆယ်ပါး သည် အကျိုးစီးပွားကို ဖျက်ဆီးတတ်, အကျိုးမဲ့တွေကို ဖြစ်စေတတ်သောကြောင့် ကိုယ်ပိုင်ဥစ္စာမဟုတ်။

ပါဏာတိပါတဝိရတိ = ပါဏာတိပါတမှ ရှောင်ကြဉ်မှု အဒိန္နာဒါန ဝိရတိ = အဒိန္နာဒါနမှ ရှောင်ကြဉ်မှု, ကာမေသုမိစ္ဆာစာရဝိရတိ = ကာမေသုမိစ္ဆာစာရမှ ရှောင် ကြဉ်မှုဟူသော ကာယသုစရိုက်သုံးပါး၊မုသာဝါဒဝိရတိ= မုသာဝါဒမှ ရှောင်ကြဉ်မှု, ပိသုဏာဝါစာဝိရတိ = ပိသုဏာဝါစာမှ ရှောင်ကြဉ်မှု, ဖရုသဝါစာဝိရတိ=ဖရုသ ဝါစာမှ ရှောင်ကြဉ်မှု, သမ္ဖပ္ပလာပဝိရတိ=သမ္ဖပ္ပလာပမှ ရှောင်ကြဉ်မှုဟူသော ဝစီသုစရိုက် လေးပါး၊ အနဘိဇ္ဈာ= အဘိဇ္ဈာ မဖြစ်အောင် စောင့်စည်းမှု, အဗျာပါဒ= ဗျာပါဒမဖြစ်အောင် စောင့်စည်းမှု, သမ္မာဒိဋ္ဌိ=အယူမှန် ခြင်းဟူသော မနောသုစရိုက်သုံးပါး။ ပေါင်းသုစရိုက် တရားဆယ်ပါးသည် အကျိုးစီးပွားကို ဖြစ်စေတတ်, အကျိုးမဲ့တွေကို ဖျက်ဆီးတတ်ရကား ကိုယ်ပိုင် ဥစ္စာ မည်၏၊ ဤကဲ့သို့သိသောဉာဏ်သည် ကမ္မဿကတာဉာဏ် မည်၏။ ဝါ=ကံသာလျှင် မိမိဥစ္စာဟုသိသောဉာဏ်မည်၏။

ဆောင်။ ။ဒုစရိုက်မှု၊ ယင်းဆယ်စုကား၊စီးပွားကိုဖျက်
တချက်ကျိုးမဲ့၊ ကဲ့ရဲ့ဖွယ်ဆာ၊ ကိုယ့်ဟာ
မဟုတ်၊ ထုတ်လေဿမှု၊ သုစရိုက်ဟု၊ ယင်း

ဆယ်ခုကား၊ စီးပွားအကျိုး ပွားတိုးဖြစ်စေ၊
ကျိုးမဲ့တွေကို၊ ဖွဲ့ချေဖြတ်တတ်၊ ယင်းကြောင်း
ရပ်ကြောင့်၊ ဆတ်ဆတ်ကိုယ်ပိုင် မည်သတည်း။
ယင်းသို့မသွေ၊ သိရှိလေက၊ ကေန်ကမ္မဿ
ကတာဉာဏ် မည်သတည်း။

ကမ္မဿကတာဉာဏ်ကြောင့်

နိဗ္ဗာန်ရောက်သူတွေ မရေမတွက်နိုင်

ဖော်ပြပါ ကမ္မဿကတာ ဉာဏ်ဝယ်တည်၍ ဒါနပြုသူတွေ့, သီလဆောက်တည်သူတွေ့, ဘာဝနာပွားများသူတွေ လူ့ချမ်းသာ လူ့စည်းစိမ် နတ်ချမ်းသာ နတ်စည်းစိမ်, ဗြဟ္မာ့ချမ်းသာ ဗြဟ္မာ့စည်းစိမ် ချမ်းသာတခုမှ လူ့ချမ်းသာ လူ့စည်းစိမ် နတ်ချမ်းသာ နတ်စည်းစိမ်, ဗြဟ္မာ့ချမ်းသာ ဗြဟ္မာ့စည်းစိမ်သို့ ရောက်ရှိလှည့်လည် ခံစားပြီး နိဗ္ဗာန်အောင်မြို့ ဆိုက်ရောက်ကြသူတို့မှာ မရေမတွက်နိုင်ပါချေတကား။[၁]

ဆောင်။ ။ဒုစရိုက်မှု၊ ယင်းဆယ်ခု၊ မှတ်ရှုကိုယ့်ဟာမဟုတ်ပါတကား။

သုစရိုက်မှု၊ ဤဆယ်ခု၊ မှတ်ရှုကိုယ့်ဟာကိုယ့်ဥစ္စာပါတကား။

ဤသို့သိကာ၊ ဒါသီဘာဇဟု၊ အစုစု၊ ပြုကြလေပါတကား။

၁။ အကျယ်၊ အဘိ၊ ဋ္ဌ၊ ၂။ ၃၉၇။ (ဉာဏဝိဘင်းအဋ္ဌကထာ။)

စေတနာသဘော, စေတနာကို ကံဟုခေါ်သည်

စေ့စပ်ဆက်သွယ်ပေးတတ်သော သဘောတရားကို စေတနာဟု ခေါ်သည်၊ ယင်းစေတနာသည် ကောင်း ကောင်း ဆိုးဆိုး အမျိုးမျိုးသော ကိုယ်မှု နှုတ်မှု စိတ်မှုတို့ကို ပြုလုပ်ရာ လိုရင်း ပဓာနကျသော တရားဖြစ်၏၊ မည်သည့် လုပ်ငန်း ကိစ္စကိုမဆို စေတနာမပါလျှင် မအောင်မြင်၊ မပြီးမြောက် နိုင်ပါချေ၊ စေတနာ ပါမှသာ ထမြောက် အောင်မြင်နိုင်သည်၊ သို့ဖြစ်၍ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ၊ ကာယေန ဝါစာယ မနသာ" ဟု ဘုရားရှင် ဟောတော်မူသည်။၁ စေတနာဖြင့် နှိုးဆော်တိုက်တွန်း၍ ကိုယ် နှုတ် စိတ်တို့ဖြင့် ကိုယ်မှု, နှုတ်မှု, စိတ်မှုတို့ကို ပြုလုပ် ပြောဆို ကြံစည်ကြ သဖြင့် စေတနာ ရှေ့သွားရှိသော ကံသည် စေတနာ သဘော ရှိသောကြောင့် စေတနာကို ကံဟု ခေါ်ဆို ရလေသည်။၂

ဆောင်။ ။ဆက်သွယ်စေ့စပ်၊ ယင်းဗျုပွတ်ကြောင့်၊
မှတ်လေ စေတနာမည်သတည်း။
စေတနာကို၊ ကံဟုဆို၊ ရှေ့ကိုယ်မြတ်စွာ မိန့်
ချက်တည်း။

၁။ အံ၊ ၂း၃၆၃။ အဘိ၊က၊၂၉၀ ကြည့်။
၂။ အကျယ် မဋ္ဌ၊၃၊၃၀။ မူလဋီ၊၁။၇၇။

စေတနာကို ဒါနလို့ဆိုခြင်း

စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို ဖြစ်စေရကား စေတနာကို ဒါနဟု ခေါ်ဆိုရသည်။ ယင်း ဒါနစေတနာသည်-

၁။ ပုဗ္ဗစေတနာ

၂။ မုဥ္စစေတနာ

၃။ ပရစေတနာ ဟု ၃ မျိုးပြားသည်။

ယင်း ၃ မျိုးတွင် မလှူမီ ရှေးအဖို့၌ဖြစ်သော စေတနာသည် ပုဗ္ဗစေတနာမည်၏။

ပေးလှူဆဲခဏ၌ဖြစ်သော စေတနာသည် မုဥ္စစေတနာမည်၏။

ပေးလှူပြီးနောက် အဖန်ဖန် ဖြစ်ပေါ် အောက်မေ့နေသော စေတနာသည် အပရစေတနာမည်၏။

ယင်းစေတနာ ၃ တန် ထက်သန် ညီညွတ်နေခြင်းကို အလှူဒါန၏ ပြည့်စုံခြင်း ယညသမ္ပဒါဟု ခေါ်သည်။ ယင်းအလှူဒါနပြုရာ၌ ပုဗ္ဗ မုဥ္စ ပရစေတနာ ၃ ဖြာနှင့် ပြည့်စုံအောင် ကြိုးစားရာ၏။

ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ပဒါ။ ၁

၁။ အံ၊ ၂၊ ၂၉၆။ (ဒါနသုတ်။)

ဒါနာ၊ လှူရာအခါမှ။ ပုဗ္ဗေဝ၊ ရှေး၌သာလျှင်။ သုမနော၊ ဝမ်းမြောက်ရ၏။ ဒဒံ၊ ပေးလှူစဉ်။ စိတ္တံ၊ စိတ်ကို။ ပသာဒယေ၊ ကြည်လင်စေရာ၏။ ဒတွာ၊ ပေးလှူပြီး၍။ အတ္တမနော၊ ဝမ်းမြောက်သူသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ဤမလှူခင် ဝမ်းမြောက်, လှူစဉ်ကြည်လင် လှူပြီးရွှင်လန်းခြင်းသည်။ ယညဿ၊ ယညမည်ရ အလှူဒါန၏။ သမ္ပဒါ၊ ပြည့်စုံခြင်းမည်၏။

ဆောင်။ ။မပေးလှူခင်၊ စိတ်အစဉ်၊ ကြည်လင်ရွှင်ပျစေ။ လှူဆဲခါတွင်၊ စိတ်အစဉ်၊ ကြည်လင်ဝမ်းမြောက်စေ။

လှူပြီးသည့်နောက်၊ ရွှင်ဝမ်းမြောက်၊ မဖောက်ဖြစ်ပါစေ။

အင်္ဂါသုံးဝ၊ ပြည့်စုံက၊ ဒါနအောင်မြင်ပေ။

မျက်မှောက်ဘဝ အကျိုးပေးနိုင်သော သမ္ပဒါ လေးပါးတွင် တပါးအပါအဝင်

ဖော်ပြပါ စေတနာ ၃-တန်၏ ပြည့်စုံညီညွတ်ခြင်း သည်-

၁။ နိရောဓသမာပတ်ကို ဝင်စားနိုင်သည့် အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်ဟူသော အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း ဝတ္ထုသမ္ပဒါ။

၂။ တရားသဖြင့် ရှာမှီးရအပ်သော လှူဖွယ်ဝတ္ထုပြုသော ပစ္စည်း၏ ပြည့်စုံခြင်း ပစ္စယသမ္ပဒါ။

၃။ စေတနာ ၃-တန် ထက်သန်ညီညွတ်ခြင်း စေတနာသမ္ပဒါ။

၄။ အနာဂါမိ ရဟန္တာဟူသော အလှူခံပုဂ္ဂိုလ်၏ နိရောဓ သမာပတ်မှ ထပြီးဖြစ်ခြင်း ဂုဏာတိရေကသမ္ပဒါ ဟူသော ခုဝတ္ထုမာန် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးနိုင်သော သမ္ပဒါလေးပါးတွင် တပါးအပါအဝင် ဖြစ်လေသည်။ ၁

စေတနာ ၃-တန်ပြည့်လှူသည့် သုမနပန်းသည်

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးအား နေ့စဉ်ပန်းဆက်ရသော သုမနပန်းသည် အမျိုးသားသည် အခါတပါးတွင် အညိုတဖြာ အဝါတလီ အနီတဆူ အဖြူတကြောင်း ရောင်မှောင်းတချက် ဖြိုးဖြိုးပြက်ဆန်း ကြွယ်သောရောင်ခြည်တော် ခြောက်သွယ်ကွန့်မြူးလျက် ဘုရားရှင်၏ တင့်တယ်ခြင်းဖြင့် ဆွမ်းခံကြွတော်မူလာသောဘုရားရှင်အား လွန်စွာကြည်ညို သဒ္ဓါဖြစ်သဖြင့် ဗိမ္ဗိသာရမင်းအား ဆက်သရန် ယူဆောင်လာသော ပန်းရှစ်ဆုပ်ကို ပေးလှူလိုက်လေ၏။ ပေးလှူပြီးနောက်၌လည်း ဝမ်းမြောက် ဝမ်းသာ ဖြစ်နေလေ၏။ စေတနာ ၃ တန်

၁။ အဘိ၊ ဋ္ဌ၊၁။ ၂၀၆။ ဓမ္မ၊ ဋ္ဌ။ ၂။ ၅၆။

ထက်သန်ပြည့်ဝသော ပန်းဒါနကြောင့် ထိုနေ့မှာပင် သုမန ပန်းသည် သည် ဆင်ရှစ်စီး, မြင်းရှစ်စီး ကျွန်ယောကျ်ား ရှစ်ယောက်, ကျွန်မိန်းမရှစ်ယောက်, ကောင်းမြတ်ဆန်း ကြယ်သောအဆင်း တန်ဆာရှစ်မျိုး, ငွေအသပြာရှစ် ထောင်,ရေမြေပိုင်စိုး မင်းမျိုးမှ ဖွားမြင်သည့် အမျိုးသမီး ရှစ်ယောက်, ရွာကြီးရှစ်ရွာဟူသော ရှစ်မျိုးရှစ်လီသော သဗ္ဗဋ္ဌကဒါနကို ရရှိလေသည်။ ထိုဘဝမှ စုတေပြီးနောက်၌ လည်း ကမ္ဘာတသိန်းကာလပတ်လုံး ငရဲတိရစ္ဆာန်, ပြိတ္တာ အသူရကာယ်ဟူသော ဒုဂ္ဂတိဘဝသို့ မလားမရောက်ရတော့ ပဲ လူနတ်စည်းစိမ်ကို အကြိမ်ကြိမ် စုန်ကာဆန်ကစံစား ပြီး နောက်ဆုံးဘဝတွင် သုမနပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပရိ နိဗ္ဗာန်ဝင်စံရပေမည်။ ၁

အို သပ္ပုရိသန္တယ်ဝင် သူတော်စင် ဖော်ပြပါသုမနအမျိုး သားပန်းသည် ဝတ္ထုကို သတိပြု၍ စေတနာ ၃-တန်နှင့် ညီညွတ်စွာ ဒါနပြုပါလေ။

ဆောင်။ ။သုမနဝတ္ထု ထောက်ရှုဆင်ခြင်၊ စိတ်သို့တင်၍၊
သုံးအင်စေတနာ၊ ပြည့်စုံစွာဖြင့်၊ ဒါနကောင်း
မှု၊ အစုစု၊ ပြုလုပ်မသွေကြိုးပမ်းလေ။

ပုဗ္ဗစေတနာ ပြည့်စုံရုံမျှဖြင့် နတ်သမီးဖြစ်ရသောဝတ္ထု

စေတနာ ၃-မြာ ပြည့်စုံစွာ လှူဒါန်းသည်ကို မဆိုထား ဘိ မိမိပစ္စည်းဥစ္စာကို မပေးလှူမီ ပုဗ္ဗစေတနာဖြစ်ရုံမျှ ဖြင့်ပင် ကြီးမြတ်ထူးကဲသော အကျိုးကိုရနိုင်လေသည်။

၁။ ဓမ္မာ၊ဋ္ဌ၊၁။၃၀၆-၃၁၀။

မာဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၌ အမျိုးသမီးတယောက်သည် ဝါဝင်းလှပသောသပွတ်ခါးပွင့် ၄-ပွင့်ကို စေတီတော်အား တင်လှူရန်အသွားတွင် စေတီတော်သို့ မရောက်ခင် ခရီးအကြား နွားဝှေ့သတ်သဖြင့် ကွယ်လွန်လေသည်။ စေတီတော်အား ပန်းလှူဒါန်းမှု ဒါနအထမမြောက်သော်လည်း လှူဒါန်းပူဇော်လိုသော ပုဗ္ဗစေတနာကြောင့် တာဝတိံသာနတ်ပြည်၌ ဝါရွှေဝင်းပြောင် ကိုယ်ရောင်တောက်ပသော ကိုယ်ရောင်ကိုယ်ဝါဖြင့် အခြားနတ်သမီးတို့ထက် သာလွန်လှပထူးခြားပေသည်။၁

အိုသူတော်စင် ဤဝတ္ထုကိုထောက်၍ အဘုမဲ့ကောင်းသောဘုရားရှင်၏ ကောင်းသည်၏အဖြစ်, ကောင်းသောတရားတော်အဖြစ်, သံဃာတော်၏ပြည့်စုံပုံတို့ကို အာရုံပြုပြီး စေတနာ ၃-တန်နှင့် ပြည့်စုံအောင် ကြိုးပမ်းရာသတည်း။

ဆောင်။ ။စေတနာ ၃-တန်၊ ထူးခြားဟန်ကို၊ ကောန်
စိစ္စေး၊ အာရုံပြေး၍၊ ရွေးရွေးစေတနာ၊ တဖြာ
မုဉ္စ၊ အပရဟု၊ ၃-ခုကောန်၊ ပြည့်စုံလျှံအောင်
ကြံဆောင်ကြိုးပမ်း နိုင်ကြပါစေသောဝ်။

ပုဗ္ဗစေတနာချို့တဲ့မှုကြောင့်
အကြည့်တန် အရုပ်ဆိုးသူ ဖြစ်ရခြင်း

စေတနာ ၃-တန်တို့တွင် ပုဗ္ဗစေတနာချို့တဲ့ ပျက်ကွက်ခဲ့ပါလျှင် ပထမအရွယ်တွင် ဆင်းရဲနွမ်းပါးခြင်း, ရုပ်ဆင်းဖောက်ပြန် အကြည့်တန်ခြင်းစသော အကျိုးများ ရရှိရတတ်လေသည်။

၁။ ဝိမာန။ ၆၅။ ဝိမာန၊ဋ္ဌ။ ၁၈၄။

ပဋ္ဌပါပီသည် ရှေးအတိတ်ဘဝက လိုဏ်ဂူလိမ်းကျံဖို့ရန် မြေညက်ခဲအလှူခံသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တပါးကို မလှူမိ ရှေ့အဖို့ဝယ် အမျက်ဒေါသဖြင့် ကြည့်ရှုလျက် ကြုံကြုံစည်စည် မြေညက်ခဲကိုပင် အလှူခံဘိ၏ဟု ပြစ်မှား ပြောဆိုပြီးမှ နောက်ထပ်တဖန် စေတနာထက်သန်စွာ လှူဒါန်းပြန်လေသည်။ မြေညက်လှူဒါန်းသော ဒါနစေတနာကြောင့် ကိုယ်အတွေ့အလှန်ကောင်းသော အမျိုးသမီး တယောက်ဖြစ်ရသော်လည်း ပုဗ္ဗစေတနာချို့တဲ့ ပျက်ကွက်ခဲ့သည့်အတွက် လက် ခြေ ပါးစပ် မျက်စိ နှာခေါင်းအင်္ဂါ ၅ ပါး အချိုးအစားမကျ အလွန်အရုပ်ဆိုးသူမ ဖြစ်ရလေသည်။ ၁

အိုသူတော်စင် တိုက်တွန်းအကြံပြုပါသည်၊ ဒါနကောင်းမှုပြုသောအခါ အလှူခံပုဂ္ဂိုလ်ကို မပြစ်မှားမိပါစေနှင့်၊ စေတနာ ၃-တန် ဟန်ချက်ညီပါစေ။

ဆောင်။ ။ပဋ္ဌပါဒီ၊ နာရီဝတ္ထု၊ သင်ထောက်ရှု၍၊ သုံးခုစေတနာ၊ မကွာမလွတ်၊ မချွတ်မိအောင်၊ သတိဆောင်၊ အမှောင်အမိ ပြုနိုင်စေ။

ပုဗ္ဗစေတနာချို့တဲ့သဖြင့် ရုပ်မလှသူ ကုသမင်း

ဘုရားအလောင်းတော် ကုသမင်းသည် မိမိအဖို့ရာ ဝေစုရသောမုန့်ကို မရိုးဖြစ်သူက ပစ္စေကဗုဒ္ဓါတဆူအား ပေးလှူလိုက်သည်ကို အမျက်ဒေါသထွက်ကာ လုယူပြီးမှ

၁။ ဓာ၊ ၂၊ ၅၊ ၄၇၅။

နောက်ထပ်တဖန် ပေးလှူပြန်သည်၊ မုန့်လှူဒါန်းခဲ့သော ဒါနစေတနာကြောင့် တန်ခိုးကြီးသော မင်းတပါးဖြစ်ရသော်လည်း ပုဗ္ဗစေတနာချို့တဲ့ ပျက်ကွက်ခဲ့သောကြောင့် ရုပ်ဆင်းမလှသူ ဖြစ်ရလေသည်။

ဆောင်။ ။ပေးလှူ။ကောင်းသဒ္ဓါ၊ ကုသတွင်ခေါ်၊ မင်းမဟော်သည်၊ ရှေးသော်ကာလ၊ ပုဗ္ဗစေတနာ၊ ပျက်မိပါသဖြင့်၊ ရုပ်ဝါမလှ၊ ဖြစ်ခဲ့ရ၊ သတိ ရမိကြပါစေ။

အပရစေတနာ ချို့တဲ့လျှင် ကောင်းမြတ်သော အသုံးအဆောင်များ မသုံးဆောင်နိုင်

ကုသိုလ်ပြုရာ၌ အပရစေတနာ ချို့တဲ့ပျက်ကွက်ခဲ့လျှင် ကောင်းမြတ်သော အသုံးအဆောင် ပစ္စည်းဘဏ္ဍာတို့ကို မသုံးဆောင် မသုံးစွဲလိုခြင်း, မသုံးစွဲရခြင်း အစရှိသော အကျိုးများ ဖြစ်ရတတ်လေသည်။

ဧ.ပုတ္တက သဌေးသည် တဂ္ဂရသိခီမည်သော ပစ္စေက ဗုဒ္ဓါအား ဆွမ်းလှူဖို့ရန် ဇနီးအား မှာထားခဲ့၍ အရပ် တပါးမှ ပြန်လာသောအခါ ဇနီးလောင်းလှူလိုက်သည့် မွန်မြတ်သော ဘောဇဉ်ကို မြင်ရသဖြင့် ဤမွန်မြတ်သော ဘောဇဉ်ကို ငါ၏ကျေးကျွန် အစေအပါးတို့အား ကျွေးရ ပါမှ ကောင်းလေစွ၊ ကျေးကျွန် အစေအပါးတို့သည် ဤဘောဇဉ်ကိုစား၍ ငါ၏အမှုကိစ္စ လုပ်ငန်းကို ပြုလုပ် ကြပေလိမ့်မည်။ ဤရဟန်းသည်ကား မိမိနေရာသို့သွား၍ ဤဘောဇဉ်ကို စားပြီးအိပ်နေပေလိမ့်မည်ဟု နှလုံးမသာ

မယာ အပရစေတနာချို့တဲ့ခဲ့လေသည်။ လှူဒါန်းခဲ့သော ဒါနစေတနာကြောင့် နတ်ပြည်၌ နတ်သား ၇-ကြိမ်၊ လူ့ပြည်၌ သဋ္ဌေး ၇-ကြိမ် ဖြစ်ရသော်လည်း အပရစေတနာ ချွတ်ယွင်းပျက်ကွက်ခဲ့သောကြောင့် ကောင်းမြတ်သောထမင်း၊ အဝတ်တန်ဆာ ယာဉ်ရထား စသော အသုံးအဆောင်များကို မသုံးဆောင်ရက်ပဲ ရှိလေသည်။ ၁

အို သူတော်စင်....ဤအပုတ္တက သဋ္ဌေးဝတ္ထုကိုထောက်၍ ကောင်းမှု ကုသိုလ်ပြုစဉ် အပရစေတနာကိုလည်း မချွတ်ယွင်းအောင် သတိပြုရာ၏။

စေတနာ ၃-တန် ညီညွတ်အောင် ကြိုးပမ်းပါ၊ စိတ်ကို ပြုပြင်ပါ။

ဆောင်။ ။ကုသိုလ်ပြုရာ၊ စေတနာအပရ၊ ချွတ်ယွင်းကမူ၊ မြတ်လှသုံးဆောင်၊ တောက်ပြောင်လျှမ်းလျှမ်း၊ အခန်းခန်းကို၊ အစွမ်းမထက်၊ မသုံးရက်ပဲ၊ ဆင်းရဲစွာလှ၊ သုံးဆောင်ရ၏၊ ဒါနပြုစဉ်၊ သုံးအင်စေတနာ၊ မိုးသို့ရွာ၍၊ သဒ္ဓါထက်ထက်၊ ပြုရန်တွက်၊ စိတ်စက်ပြုပြင်နိုင်စေသော်။

မုဥ္စစေတနာကို သန္နိဋ္ဌာပက စေတနာဟုခေါ်

ဒါနပြုရာဝယ် ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာ ၃-မျိုးအကြိမ်များစွာဖြစ်ပေါ်သကဲ့သို့ အခြားပုညကြိယာဝတ္ထု သုစရိုက်မှု၊ ဒုစရိုက်မှုတို့ကို ပြုရာ၌လည်း

၁။ သံ၊၁။ဧ၂။သံ၊ဋ္ဌ၊၁။၁၄၇။မ္မ၊ဋ္ဌ၊၂။၃၅၃၊ ဇာ၊ဋ္ဌ၊၃။၂၀။

ယင်းပုဗ္ဗ, မုဉ္စ, ပရစေတနာ ၃-မျိုးတို့ အကြိမ်များစွာ ဖြစ်ပေါ်သည်သာ။ သို့ဖြစ်၍ ကုသိုလ်မှု, အကုသိုလ်မှု တခုခုကိုပြုရာဝယ် ပုဗ္ဗ, မုဉ္စ, ပရစေတနာ ၃ မျိုးရနိုင်သည်သာလျှင် ဖြစ်သည်။ ယင်းစေတနာ ၃ မျိုးတွင် မုဉ္စစေတနာကို သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချကြောင်း စေတနာ ဖြစ်ရကား သန္နိဋ္ဌာပက စေတနာဟုလည်း ခေါ်လေသည်။ [၁]

ဆောင်။ ။ကောင်းမှု မကောင်းမှု၊ ပြုပြုသမျှ၊ ဤ၌ာန
ဝယ်၊ ပုဗ္ဗ, မုဉ္စ၊ ပရစေတနာ၊ ယင်းသုံးဖြာ၊
မှန်စွာဖြစ်သတည်း။

မုဉ္စစေတနာ၊ မည်သညာ၊ သန္နိဋ္ဌာပကလည်း
ခေါ်သတည်း၊

ဒါန၏စွမ်းရည်သတ္တိ

ဒါန (ပေးကမ်းလှူဒါန်းခြင်း) သည် အလွန်လျှင် စွမ်းရည်သတ္တိတန်ခိုးထက်မြက်သည်၊ ဘုရားသဗ္ဗညုအဆူဆူနှင့် အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက စသည့် ပုဂ္ဂိုလ်မြတ်တို့သည် မိမိတို့ဆိုင်ရာ ဗောဓိဉာဏ်ကို ဒါနဖြင့် စတင်တော်မူခဲ့ကြလေသည်။ လူ့ပြည်, နတ်ပြည်၌ လူ့စည်းစိမ်, နတ်စည်းစိမ်ဖြင့် အထက်တန်းကျနေကြသော ပုဂ္ဂိုလ်မှန်သမျှသည် ဒါန၏စွမ်းရည်ကြောင့် ဖြစ်လေသည်။

၁။ ဒီ၊ ဋ္ဌ၊ ၃။ ၁၈၀။ မ်ာ၊ ဋ္ဌ၊ ၂။ ၂၇၄။ မ၊ ဋ္ဌ၊ ၄။ ၁၇၉၊ အဘိ၊ ဋ္ဌ၊
၁။ ၂၀၁။

ဒါနပရိယာယ် မှတ်သားဖွယ်

ယင်းဒါနသည်ဆောက်တည်အပ်,ကျင့်အပ်ရကား'ဝတ'မည်၏။ပညာရှင်တို့ ပညတ်ထားအပ်သည်ဖြစ်၍ မြတ်သောအကျင့်ဖြစ်သောကြောင့် လည်းကောင်း, ပုဂ္ဂိုလ်မြတ်တို့၏ အကျင့်ဖြစ်သောကြောင့် လည်းကောင်း "ဗြဟ္မစရိယ" မည်၏။ သတ္တဝါတို့ကို ဘေးမဲ့ပေးကြောင်း ဖြစ်သောကြောင့်လည်းကောင်း, သတ္တဝါအပေါင်းကို အကြွင်းမဲ့ စောင့်ရှောက်ကြောင်း ဖြစ်သောကြောင့် လည်းကောင်း "သီလ"လည်း မည်၏။

ဆောင်။ ။ဆောက်တည်ကျင့်အပ်၊ ယင်းဗျူပ္ပတ် ၁ ဒါန ဝတမည်။

ပညာရှင်တို့ ခေါ်တွင်သတ်မှတ်၊ ယင်းပြုပ္ပတ်၊ မှတ်လေဗြဟ္မစရိယမည်။

ပုဂ္ဂိုလ်မြတ်တို့၊ ကျင့်အပ်စွ၊ မှတ်လေဗြဟ္မ စရိယမည်။

သတ္တဝါ အပေါင်း၊ ဘေးမဲ့ ကြောင်း ကောင်းလှသီလမည်။

သတ္တဝါအပေါင်း၊ စောင့်ရှောက်ကြောင်း၊ ကောင်းလှသီလမည်။

ငင်းပြင် ပစ္စုပ္ပန်, တမလွန်နှစ်တန်သောဘဝတို့၌လောကီစည်းစိမ်ချမ်းသာနှင့် ဈာန်ဝိပဿနာ မဂ်ဖိုလ်ဟူသော

၁။ ယင်းဗျူပ္ပတ်ကြောင့်ဟု ဆိုလိုသည်။

လောကုတ္တရာ ချမ်းသာကို ပေးတတ်ရကား နိဒါနလည်း မည်၏။ လူ့စည်းစိမ်, နတ်စည်းစိမ်တို့၏ အခြေခံ အကြောင်းရင်းဖြစ်သောကြောင့် မူလလည်း မည်၏။ သုံးဆောင်ခံစားအပ်သော နှစ်သက်ဖွယ်ရာ အာရုံတို့ကို မှီ၍ဖြစ်ပေါ်လာသည့် ချမ်းသာတို့၏ တည်ရာခိုင်မာသော ဌာနဖြစ်သောကြောင့် ပတိဋ္ဌာလည်းမည်၏။ အခက်အခဲ အကြပ်အတည်းနှင့်တွေ့လျှင်မှီခိုရာထောက်တည်ရာ လားရာ လည်းလျောင်းရာဖြစ်သဖြင့် တာဏ, လေဏ, ဂတိ, ပရာယဏလည်းမည်၏။ ၁

ဆောင်။ ။များသတ္တဝါ၊ မှီခိုရာ၊ ဒါနတာဏမည်။
များသတ္တဝါ၊ ထောက်တည်ရာ၊ ဒါနလေဏ
မည်။

များသတ္တဝါ၊ ဖြစ်လားရာ၊ ဒါနဂတိမည်။
များသတ္တဝါ၊ လည်းလျောင်းရာ၊ ဒါနပရာ
ယဏမည်။

ထို့မှတပါး သတ္တဝါအပေါင်းတို့၏ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝ၌ တိုးတက်ကြီးပွားကြောင်း ဖြစ်သောကြောင့် ဒက္ခိဏာလည်း မည်၏။၂ ပူဇော်အပ် ပူဇော်ကြောင်း ဖြစ်သောကြောင့် ယည, ယာဂလည်းမည်၏။

၁။ ဒီ၊ဋ္ဌ၊၂။၆၂။ မ၊ဋ္ဌ၊၃။၆၄။
၂။ အံ၊ဋ္ဌ၊၂။၂၉။

ဆောင်။ ။ပဗ္ဗပ်ဘနှလွန်၊ နှစ်ဘန်နှစ်ပါး၊ ဘဝများ
ဝယ်၊ကြီးပွားတိုးကြောင်း၊ အလွန်ကောင်း
ဘိ၊ ဒက္ခိဏာလည်း ခေါ်ကြသတည်း။
ပုဂ္ဂိုလ်အရပ်ရပ်၊ ပူဇော်အပ်၊ မှတ်လေယည့်,
ယာဂမည်သတည်း။

ဒါနနှင့်စပ် ဥပမာအရပ်ရပ်

ဒါန၏ထူးမြတ်ပုံတို သိသာပေါ်လွင်စေရန် ကျမ်းဂန်အရပ်ရပ်တို့၌ ဥပမာအမျိုးမျိုးဖြင့် ခိုင်းနှိုင်းတော်မူကြသည်။

ဒါနသည် သတ္တဝါများ၏ အားထားမှီခိုရာဖြစ်ရကား သီဟာသနပလ္လင်ကြီးနှင့်တူသည်။ နောက်လေရာရာ ဖြစ်လေရာရာ ဘဝတိုင်းတို့၌ ထောက်တည်ရာကို ရစေတတ်သောကြောင့် မဟာပထဝီမြေကြီးနှင့်တူ၏။ သတ္တဝါတို့၏ မြဲမြံတင်းကြပ်စွာ စွဲကိုင်အပ်ရကား အာလမ္ဗဏရဇ္ဇု=လက်ကသုံးကြိုးတန်းနှင့်လည်းတူ၏။ ဒုဂ္ဂတိဘဝဆင်းရဲ ဒုက္ခအမျိုးမျိုးမှ ထုတ်ဆယ် ကယ်တင်တတ်သောကြောင့် နာဝါ=လှေသင်္ဘောနှင့်လည်းတူ၏။ လိုချင်မှုလောဘ, နှမြောဝန်တိုမှု မစ္ဆရိယစသော ဆန့်ကျင်ဖက်ရန်သူဘေးမှ သက်သာရာကို ရစေတတ်သောကြောင့် သင်္ဂါမသူရ စစ်မြေပြင်ရောက် စစ်သူရဲကောင်းနှင့်လည်းတူ၏။ ဆင်းရဲနွမ်းပါး ဥစ္စာရှားပါးခြင်း၏ ဘေးရန်မှ ကာကွယ်တတ်သောကြောင့် သုံသခ်တနဂရ=ကောင်းစွာတည်ဆောက်အပ်သော မင်းနေပြည်မြို့တော်နှင့်လည်းတူ၏။ နှမြောဝန်တိုမှု မစ္ဆရိယ, မိမိ

ပစ္စည်းကို ခင်မင်မှုလောဘ, အလှူခံပုဂ္ဂိုလ်နှင့် သတ္တဝါ သန္တာန်ရတို့၌ အမျက်ထွက် စိတ်ဆိုးမှုဒေါသ, သူများ စည်းစိမ်ကို ငြူစူမှုဣဿာ, အမြင်မှားမှု မိစ္ဆာဒိဋ္ဌိ, တွေး တောဝေယံမှားမှု ဝိစိကိစ္ဆာစသော စိတ်အညစ်အကြေးတို့ မလိမ်းကျံ မကပ်ငြိ နိုင်သော တရားဖြစ်၍ ပဒုမ= ပဒုမ္မာကြာပန်းနှင့်လည်း တူ၏။ ကိလေသာ လောင်စာ အမြိုက်တို့ကို လောင်မြိုက်တတ်သောတရားဖြစ်၍ အဂ္ဂိ= မီးနှင့်လည်း တူ၏။ သဒ္ဓါတရား ခေါင်းပါးမစ္ဆရိယများ သူတို့ ချဉ်းကပ်နိုင်ခဲသောတရားဖြစ်၍ အာသိဝိသ=အဆိပ် ထန်သောမြွေနှင့်လည်းတူ၏။ ပစ္စုပ္ပန်, တမလွန် နှစ်တန် ဘဝလုံး၌ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသောတရားဖြစ်၍ သီဟ=ခြင်္သေ့မင်းနှင့်လည်း တူ၏။ ခုဘဂဝယ် ခြွေရံသင်း ပင်းနှင့် ပြည့်စုံစေ၍ နောင်ဘဝ၌ သူတပါးတို့ထက် ခွန်အားသာလွန်စေတတ်သောကြောင့် ဟတ္ထိ=ဆင်ပြောင် နှင့်လည်းတူ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝ၌ ကောင်းကြွယ် ပွားစီး ကြီးပွား တိုးတက်ကြောင်း ကောင်းမြတ်သောမင်္ဂလာဟု ဘုရားရှင်တို့ သမုတ်တော် မူအပ်သော တရားဖြစ်၍ "သေတုသဘ=ငွေတောင်တမျှ ကိုယ်လုံးဖြူသော နွားလားဥသဘနှင့်လည်းတူ၏၊ ဘေးရန် ထူလှသော ဒုဂ္ဂတိဘဝမှ ဘေးရန် ကုန်ခန်း ငြိမ်းချမ်းသာ ယာသော သုဂတိဘဝသို့ ပို့ဆောင်တတ်သောကြောင့် ဝလာဟကအဿရာဇာ=မြင်းပျံရတနာနှင့်လည်း တူ၏။[၁]

၁။ ဒီ၊ ဋ္ဌ၊ ၂။၆၂။ မ၊ဋ္ဌ။၃။၆၄။

အလှူရှင်များ သိမ်းသိမ်းထားအပ်သော နိဟိတဘဏ္ဍာက= ဥစ္စာဘဏ္ဍာထုပ်နှင့်လည်းတူ၏။[၁]

ဒါနသည် စစ်တိုက်ခြင်းနှင့်တူ

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဒါနသည် စစ်တိုက်ခြင်းနှင့်တူ၏။ လောကဝယ် သေရမှာကြောက်သူသည် စစ်မတိုက်ရဲသကဲ့သို့ မိမိပစ္စည်းကုန်မှာကြောက်သူသည် မပေးမလှူနိုင်ချေ။ အသက်ကိုလည်း စောင့်ရှောက်မည်၊ စစ်ကိုလည်းတိုက်မည်ဟု ဆိုသောသူသည် မည်သည့်အချိန်အခါမှ စစ်မတိုက်ဖြစ်ချေ။ အသက်ကိုမငဲ့ပဲ စွန့်လွှတ်နိုင်သူသည်သာ စစ်တိုက်နိုင်သည်။ ၎င်းနည်းတူ ပစ္စည်းဥစ္စာကိုလည်း စောင့်ရှောက်ထိန်းသိမ်းမည်၊ အလှူဒါနကိုလည်း ပေးမည်ဆိုသူသည် မည်သည့်အခါမျှ မပေးမလှူဖြစ်။ ပစ္စည်းဥစ္စာကုန်သော်လည်း ကုန်ပစေဟုသဘောပိုက်မှသာ ဥစ္စာပစ္စည်းဝယ် တွယ်တာမှုပြတ်မှသာ ပေးလှူနိုင်၏။ ရဲစွမ်းသတ္တိရှိသူ စစ်တိုက်မှုကို ကျွမ်းကျင်သူသည် ရန်သူစစ်အင်အားများစွာကို နိုင်အောင်တိုက်ခိုက်နိုင်သကဲ့သို့ ယုံကြည်မှုသဒ္ဓါတရား ပေးလှူမှု၌ ကျွမ်းကျင်၍ စေတနာထားတတ်သူသည် ပစ္စည်းဝတ္ထုအနည်းငယ် လှူသော်လည်း များစွာသော မစ္ဆရိယရန်သူကို ချေမှုန်းအောင်မြင်နိုင်လေသည်။ သဒ္ဓါတရား ထက်ထက်နှင့် လှူဒါန်းပါက ညောင်စေ့သဖွယ် အနည်းငယ်လှူသော်လည်း ညောင်ပင်ကြီးပမာ များစွာအကျိုးရ၏။

၁။ သံ၊ ၄၊ ၁။ ၇၇။

ဆောင်။ ။သဒ္ဓါကြည်ဖြူ၊ ပေးလှူခြင်းကား၊ စစ်ခင်း
ခြင်းလျှင်၊ ပမာထင်သည်၊ အစဉ်မသွေမှတ်ကြ
လေ။

ညောင်စေ့သဖွယ်၊ နည်းငယ်နေ၊ လှူဒါန်း
ကလည်း၊ သဒ္ဓါနေ၊ လွန်များကာ၊ များလှ
အကျိုးတွေ။

နဲနဲလှူသော်လည်း အကျိုးများစွာရ

ကောသာဠကပုဏ္ဏားနှင့် ဇနီးမှာ အပေါ်ရုံစုလျား တထည်တည်းသာ ရှိသည်၊ ကောသာဠကပုဏ္ဏားသည် တထည်တည်းသာ ရှိသော အပေါ်ရုံကို ညဉ့်ဦးယံ, သန်းကောင်ယံ နှစ်ယံတိုင်တိုင် မစ္ဆရိယသူပုန်ကိုတိုက်ခိုက်ပြီး ဝိပဿီဘုရားရှင်အား လှူဒါန်းလိုက်လေသည်၊ ယင်းသို့ လှူဒါန်းလိုက်သဖြင့် ပစ္စက္ခဘဝမှာပင် ဗန္ဓုမမင်းက ချီးမြှင့်သည့်ဝတ်စုံ ၃၂ စုံကို ရရှိလေသည်။[၁]

စူဠကောသာဠကပုဏ္ဏားသည်လည်း ငါတို့ဘုရားရှင်အား အပေါ်ရုံစုလျားတထည် လှူဒါန်းခြင်းကြောင့် ပသေနဒီကောသလမင်းကြီး၏ ဝတ်စုံ ၃၂ စုံ ချီးမြှောက်ပူဇော်ခြင်းကို ခံယူရရှိလေသည်။[၂]

အရှင်မဟာကဿပလောင်းလျာ နန္ဒမင်းသည် ပစ္စေကဗုဒ္ဓါဘုရားရှင်တဆူအား သင်္ကန်းအနားပတ် လှူဒါန်းခဲ့

၁။ အံ၊ ဋ္ဌ၊ ၁။ ၁၃၀။ ၂။ ဓမ္မ၊ ဋ္ဌ၊ ၂။ ၂။

ခြင်းကြောင့် မင်းဖြစ်သောအခါ နတ်၌ဖြစ်သော ပုဆိုး ပဒေသာ ၃၂-ပင် (၆၄-ပင်)ပေါက်လာလေသည်။[၁]

ဤသို့စသည်ဖြင့် နဲနဲလှူသော်လည်း များစွာအကျိုး ရသောဝတ္ထုဖြစ်ရပ်တို့မှာ ပိဋကတ်တော်၌များလှလေသည်၊ သို့ဖြစ်၍ အသင်သူတော်စင်သည် ဘုရားမြတ်စွာသာသနာ တော်ကြီးကို နိယျာနိကသာသနာတော်ဟု ယုံကြည်ကာ လှူဒါန်းပေးကမ်းမှုကို ပြုဖြစ်အောင် ပြုရာ၏။

ဆောင်။ ။ငါတို့ကိုးကွယ်၊ ဘုန်းကြွယ်မြတ်စွာ၊သာသနာ ကား၊ သံသရာဝဋ်၊ လွတ်ထွက်ရာစစ်၊ ကေန် ဖြစ်၏၊ သစ်သစ်ဖြစ်ပွား၊ သဒ္ဓါတရားဖြင့်၊ ဘုရားမြတ်စွာ၊ သာသနာဝယ်၊ ဒါနကောင်း မှု၊ သင်ပြုပါလော့၊ သီလစောင့်မှု၊ သင်ပြု ပါလော့၊ ဘာဝနာမှု၊ သင်ပြုပါလော့၊ ကြီးထုများစွာ၊ မြေပထဗျာသို့၊ များစွာ အကျိုး၊ ရလိမ့်ကေန်တည်း။

ဒါနအပြား ၂-ပါး

ဓမ္မဒါန, အာမိသဒါန

ဒါနသည်—

၁။ အာမိသဒါန

၂။ ဓမ္မဒါနအားဖြင့် ၂-ပါးအပြားရှိသည်။

၁။ အံ၊ ဋ္ဌ၊၁။၁၃၁။ ပေတာဋ္ဌ။၆၀

ထိုတွင် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေး ပါးအလှူသည် အာမိသဒါနမည်၏။ ဘုရားဗိနေ်ဟော ကြားတော်မူအပ်သော တရားဒေသနာများကို အကျိုးလို လား၍ သူတပါးတို့အား ဟောကြားပြသဆုံးမခြင်း သင် ပေးခြင်းသည် ဓမ္မဒါနမည်၏။ ယင်း ၂-ပါးတွင် အာမိသ ဒါနထက် ဓမ္မဒါနက သာလွန်ထူးချွန်သည်။၁

ဆောင်။ ။ဓမ္မတဲ့အာမိသာ၊ ဒါနမှာနှစ်မျိုးပြား၊ မှတ် ကြလေပါ။ ယင်း ၂-ဖြာ၊ ဓမ္မဒါနာက အာမိသာဒါနထက်၊ ကဲတက်ထူးခြား။

တရားတော်ကို လှူဒါန်းခြင်းသည် မသေရာသမိုက် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်နှင့်တူ၏။ ဒါနအားလုံးကို အောင်နိုင်သောဒါနကား ဓမ္မဒါနသာဖြစ်လေသည်။ ဒါန အားလုံးထက် ဓမ္မဒါနသာ အမြတ်ဆုံးဖြစ်၏။၂

ဒါန ၂-ပါးကို မင်္ဂလာဟုခေါ်ဆိုခြင်း

အာမိသဒါနကို လူများအပေါင်းတို့ ချစ်မြတ်နိုးခြင်း စသော မျက်မှောက်တမလွန် နှစ်တန်သော အကျိုး ဟူသမျှတို့ကိုရခြင်း၏ အကြောင်းဖြစ်ရကား မင်္ဂလာဟု ခေါ်ဆိုရသည်၊ ဓမ္မဒါနကိုမူကား အကျိုးကို ခံစားရခြင်း အနက် အဓိပ္ပါယ်သဘော သကန်သိခြင်း အစရှိသော ဂုဏ်ကျေးဇူးများကို ရရန်နီးကပ်သော အကြောင်းဖြစ် ဖြင့် မင်္ဂလာဟု ခေါ်ဆိုရလေသည်။၃

၁။ အံ၊ ၁။ ၉၀။ ဓမ္မပဒ။ ၆၄။ ၂။ သံ၊ ၁။ ၂၉။ သံ၊ဋ္ဌ၊ ၁။ ၇၉။
၃။ ခုဒ္ဒကပါဋ္ဌ။ ဋ္ဌ။ ၁၁၀။ သုတ္တနိ၊ ဋ္ဌ၊ ၂။ ၂၄။

ဆောင်။ ။မျက်မှောက်ဘဝလွန်၊ နှစ်ဘန်ကျိုးရ၊ မိအာ
သ ဒါနမင်္ဂလာ ခေါ်သဘည်း။

နက်သဘော၏၊ သိရန်အပုံ၊ ဂုဏ်များရရန်၊
နိုးကြောင်းမှန်၊ ကေန်ခမ္မဒါန မင်္ဂလာ
ခေါ်သတည်း။

သပရိဝါရဒါန, အပရိဝါရဒါန

တနည်း ဒါနသည်-

၁။ သပရိဝါရဒါန

၂။ အပရိဝါရဒါန အားဖြင့်လည်း ၂-ပါး
ပြားသည်။

လှူဒါန်းဖွယ် ဝတ္ထုတခုကို လှူဒါန်းလျှင် အခြား လှူဖွယ်ဝတ္ထုပစ္စည်းများကို ယင်းပဓာန အလှူဝတ္ထု၏ အခြံအရံပြု၍ လှူဒါန်းသော ဒါနသည် သပရိဝါရဒါန မည်၏။ အခြံအရံဝတ္ထုပစ္စည်းမပါ လှူဖွယ်ဝတ္ထုတမျိုး တည်းကိုသာ လှူခြင်းသည် အပရိဝါရဒါန မည်၏။ လှူဒါန်းသော အခြံအရံပစ္စည်းဝတ္ထုနှင့်တကွ လှူဒါန်း သင့်သည်။ သပရိဝါရဒါနရှင်ကား နိဗ္ဗာန်မရမီစပ်ကြား ဖြစ်လေရာရာ သံသရာမှာ အခြံအရံအသိုင်းအဝိုင်းနှင့်တကွ အကျိုးပေးသည်။ ဘုရားရှင် အလောင်းတော်ဘဝတုန်း က အခြံအရံပစ္စည်းဝတ္ထုနှင့်တကွ အကြိမ်မြားမြောက်စွာ လှူဒါန်းခဲ့သဖြင့် အတုမဲ့အခြံအရံနှင့် ပြည့်စုံသော ပုဂ္ဂိုလ်

တူးဖြစ်တော်မူသည်။ ဘုရားရှင် တရားရှစ်ကွက် စက်လက္ခဏာတော်ရတော် မူသည်မှာလည်း ယင်းသပရိဝါရဒါန၏ အကျိုးဆက်လည်း ဖြစ်ပေသည်။

ဆောင်။ ။ဂိုလ်လူအများ၊ ချမ်းသာပွားဖို့၊ ဆီးတားဘေးဘျမ်း၊ ခြံရံပန်းလျက်၊ လှူဒါန်းသည့်တွက်၊ သက်ရှည်ဆင်းဝါ၊ ချမ်းသာစိုးရ၊ ခြွေရံခလျက်၊ ရုပသဒ္ဒ၊ ဂန္ဓရသ၊ ဖောဋ္ဌဗ္ဗဖြင့်၊ လွန်ထဆယ်မည်၊ နတ်ဖြစ်သည်နောက်၊ လူ့ပြည်ရောက်မူ၊ ဤလူတို့ဘောင်၊ ကန့်တထောင်နှင့်၊ ရုပ်ရောင်ပြင် စက်ဝန်းထင်လျက်၊ စက္ကဝိတာ၊ ပါဒလက္ခဏာ၊ ပြည့်စုံလာလျက် ခြွေရံတက်၏။

သို့ဖြစ်ရာ သင်သူတော်စင်သည်လည်း လှူဒါန်းလျှင် အခြံအရံပစ္စည်းပါထည့်၍ လှူပါ။ သင်္ကန်းလှူလျှင် မျက်နှာသုတ်တဘက်, လက်ကိုင်ပဝါ စသည်ကိုပါထည့်၍ လှူရာ၏။

ဆောင်။ ။ခြံရံပါရှိ၊ မပါရှိဟု၊ နှစ်ခုနှစ်ပါး၊ ဒါနများတွင်၊ ကြည်ရွှင်သဒ္ဓါ၊ ခြံရံပါက၊ ဒါနမှူ, ပြုလေစင်စစ်တည်း။

၁။ ပါထိကဝဂ္ဂပါဠိ။ ၁၂၇၊ ဒီ ၃၊ ၃။ ၁၀၆-လည်းကြည့်။

ဓုဝဒါန, အနုကုလဒါန

တနည်း ဒါနသည်-

၁။ ဓုဝဒါန

၂။ အနုကုလဒါန အားဖြင့် ၂ ပါးအပြားရှိသည်။

ယင်း ၂-ပါးတွင် ကြံခိုင်တည့်မတ်စွာ စိတ်ကိုဆောက်တည်၍ ဆွမ်းသင်္ကန်းကျောင်း ဆေးလေးပါးသောပစ္စည်းကို အမြဲနိစ္စထာဝရ ပေးလှူခြင်းသည် ဓုဝဒါနမည်၏။ ဤအလှူကား ငါတို့၏ မိဘဘိုးဘွား စဉ်ဆက်မပျက်မကွက်လှူဒါန်းခဲ့သည့် ဒါနပေတည်း၊ ငါလည်း လှူဒါန်းရမည်ဟု နှလုံးသွင်း၍ မျိုးနွယ်စဉ်ဆက် မပျက်မကွက်လှူဒါန်းခြင်းသည် နိဗဒ္ဓအနုကုလဒါနမည်၏။ ယင်းအလှူဒါနမျိုးကို သံဃာတော်အား စွန့်လှူပူဇော်အပ်သောကြောင့် ယည-လည်းခေါ်သည်။ မဟာသမုဒ္ဒရာ ရေပမာ လွန်စွာများပြားသောအကျိုး အာနိသင်ရှိသောအလှူမည်၏။[၁] သို့ဖြစ်ရာ ယခုကာလ မိဘဘိုးဘွားတို့ ကိုးကွယ်သည့် စေတီပုထိုး ကျောင်းတိုက်စသည်များကို ဆက်လက်ကိုးကွယ် လှူဒါန်းခြင်းများသည် ချီးမွမ်းဖွယ် ကောင်းသော လုပ်ဆောင်ချက်တို့ ဖြစ်ကုန်၏။

ဆောင်။ ။မိဘဘိုးဘွား၊ ဆရာများတို့၊ ကိုးစားခဲ့ရာ၊ ဒက္ခိဏာမည်၊ စေတီပုထိုး၊ ကိုးကွယ်ရာသမိုက်၊ ကျောင်းတိုက်များမှာ၊ ဆက်ကာကိုးကွယ်၊ ပူဇော်ဖွယ်ဖြင့်၊ ဆက်သွယ်လှူဒါန်း၊ အခန်းခန်း၊ ချီးမွမ်းဖွယ် ကောင်းလှပါသတည်း။

၁။ ဒီ၊ ၄၊ ၃။ ၂၇၀-ကြည့်။

ဝိစိနန ဒါန, အဝိစိနန ဒါန

တနည်း ဒါနသည်–

၁။ ဝိစိနန ဒါန

၂။ အဝိစိနန ဒါန အားဖြင့် ၂ ပါးအပြားရှိသည်။

ထိုတွင် ညံ့သော လှူဖွယ် ပစ္စည်းတို့ကို မလှူဒါန်းပဲ မွန်မြတ်သော လှူဖွယ်ဝတ္ထုတို့ကို ရွေးချယ်စိစစ်၍လည်းကောင်း, သီလမရှိသော ဒုဿီလအလှူခံ ပုဂ္ဂိုလ်တို့အား မလှူဒါန်းပဲ အကျိုးဖလ များစွာပေးစွမ်းနိုင်သော သီလရှိသော သီလဝန္တ အလှူခံပုဂ္ဂိုလ်တို့ကိုသာ ရွေးချယ်စိစစ်၍လည်းကောင်း လှူဒါန်းခြင်းသည် ဝိစိနနဒါန မည်၏။ လှူဖွယ်ဝတ္ထုနှင့် အလှူခံ ပုဂ္ဂိုလ်တို့ကို ကောင်းဆိုး ယုတ်မြတ် မရွေးချယ်ပဲ လှူဒါန်းခြင်းသည် အဝိစိနန ဒါန မည်၏။

ဘုရားရှင်တို့ ချီးမွမ်းသော အလှူ

ဖော်ပြပါ ဒါန ၂ မျိုးတွင် အလှူဝတ္ထု အလှူခံ ဤနှစ်တန်ကို ရွေးချယ်စိစစ်၍ လှူဒါန်းခြင်းကိုသာလျှင် ဂင်္ဂါဝါဠုသဲစုမက ပွင့်ကုန်ကြသော ဘုရားမြတ်စွာတို့ ချီးမွမ်းတော်မူကြသည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာပုဂ္ဂိုလ် သံဃာတော်, သီလဝန္တပုဂ္ဂိုလ်တို့အား လှူဒါန်းသော ကောင်းမှု ကုသိုလ်သည် လယ်ယာမြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့ပမာ အကျိုးများစွာ ရရှိနိုင်

လေသည်။ ထို့ကြောင့် သင်သူတော်ကောင်းသည် သီလဝန္တ ပုဂ္ဂိုလ်တို့အား ရွေးချယ်၍ လှူဒါန်းရာ၏။[၁]

ဆောင်။ ။လှူဖွယ်လှူခံ၊ ဤနှစ်တန်ကို၊ ဝေဖန်စိစစ်။ ရွေးချယ်လစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာ ၌၊ ဒါနကောင်းမှု၊ သင်လှူပြုလော့၊ သုဂတိ ဌာန်၊ ပျော်ရွှင်စံ၍၊ နိဗ္ဗာန်ကြွင်းမဲ့၊ ဝင်စံ မြန်းမည်၊ အတည်စွဲပိုက် နှလုံးတည်း။

မဟာဒါန၊ ပရိတ္တဒါန

တနည်း ဒါနသည်

၁။ မဟာဒါန–

၂။ ပရိတ္တဒါနအားဖြင့် ၂-ပါး အပြားရှိသည်။

ထို ၂-မျိုးတို့တွင် သီလသမာဓိပညာတို့ဖြင့် မြင့်မြတ် အထက်တန်းကျသော အလှူခံ ပုဂ္ဂိုလ်တို့အား လှူဒါန်း ထိုက်သော ယာဂု၊ ခဲဖွယ် ဘောဇဉ်အမျိုးမျိုးတို့ကို ဆက် ကပ် လှူဒါန်းပြီးနောက် ခြေနယ်ဆီ၊ ထီး၊ ဖိနပ်အစရှိ သော ရဟန်းတော်များ၏ အသုံးအဆောင် ပရိက္ခရာအမျိုး မျိုးကို၊ ပျား၊ တင်လဲ အစရှိသော ဆေးပစ္စည်းအမျိုးမျိုး ကို ပေးလှူခြင်းသည် မဟာဒါန မည်၏။ အသေးအဖွဲ အနည်းငယ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ပရိတ္တဒါန မည်၏။[၂]

၁၊ သံ၊ ၁။၂၀၊ ပေတ။၁၆၀။ ဇာ၊ ၁။၁၀၃။ သံ၊ ၄၊ ၁။၅၉။ ပေတာ၊ ၄။၁၃၀။ ဇာ၊ ၄၊ ၃။၄၄၀။

၂။ သံ၊ ၄၊ ၁။၅၀။ သာရတ္ထ၊ ၁။၁၃၂။

မဟာဒါန လှူဒါန်းနိုင်ရန် ကြိုးပမ်း

ယင်း ၂-မျိုးအနက် ပရိတ္တဒါနကိုမူ မပြတ်မလပ်လှူဒါန်း၍ တတ်နိုင်လျှင် မဟာဒါနကိုလည်း မကြာမကြာ လှူဒါန်းနိုင်အောင် ကြိုးပမ်းရာ၏၊ သို့မဟုတ် အခါအား လျော်စွာ ရံခါကြိုးကြား မဟာဒါနကိုလည်း ပြုလုပ်လှူဒါန်းနိုင်ရန် ကြိုးပမ်းရာ၏။

ဆောင်။ ။မနုဿတ္တ၊ ဒုလ္လဘကို၊ ရသည့်လျော်စွာ၊ မဟာဒါန၊ မည်ရဝင့်ရှောင်း၊ ကောင်းမှုပြုရန်၊ သတိဖန်၊ ကေန်သဘောပေါက်စေရာသတည်း။

မဟာဒါနပြုသူများ

မဟာဒါနပြုသူများကို အောက်ပါအတိုင်း အကျဉ်း မှတ်သားရာ၏။

မဟာဝိဇိတမင်းသည် မြို့တွင်းမြို့ပြင် အလှူမဏ္ဍပ် ၅-ဆောင် ဆောက်လုပ်၍ မွန်မြတ်လှစွာသော ယာဂု ခဲဖွယ် ဘောဇဉ် စသောလှူဖွယ်ဝတ္ထုတို့ကို အယုတ်အလတ်အမြတ် မရွေး အလှူခံဟူသမျှအား ရက်ရောစွာ လှူဒါန်းခဲ့လေသည်။ ဂင်းပြင် ဒွါရာဝတီမြို့သား အင်္ကုရမည်သော ကုန်သည်, ပါယာသိမြို့စား, အနာထပိဏ်သဌေး, သီရိမာ ပြည့်တန်ဆာမ, မေဏ္ဍကသဌေး, စိတ္တသူကြွယ်, ခရာရုဝ မြို့သား အသယှသဌေး, ဆင်းရဲသား မဟာဒုက်, ဝိပဿီ ဘုရားရှင်၏ ခမည်းတော်နှင့် တိုင်းသူပြည်သားများ, ဝေလာမပုဏ္ဏား, ပသေနဒီကောသလမင်း,မဟာနေကုန်သည်,

ဥဂ္ဂသူကြွယ်, သုမနသဌေး, အပရာဇိတသူကြွယ်, ဝိဇိတာဝီ စကြာမင်း, အလောင်းတော်သုရုစိပုဏ္ဏား, အလောင်းတော်အတုလနဂါးမင်း, အလောင်းတော် အကိတ္တိပုဏ္ဏား အလောင်းတော်ဘီလူး စစ်သူကြီး, အလောင်းတော်ဥတ္တရလုလင်, သုမင်္ဂလမြို့သူမြို့သားများ, အလောင်းတော်အရိန္ဒမမင်း, အလောင်းတော်သုဒဿနမင်း, အလောင်းတော်ခေမမင်း, အလောင်းတော်ဝေဿန္တရာမင်း, ကုမာရကဿပ၏ ခမည်းတော်သဌေး, အလောင်းတော် ဗာရာဏသီသဌေး, လိစ္ဆဝီမင်း, သာဝတ္ထိမြို့သူမြို့သားများ, သူကြွယ်၏သားသူငယ်ချင်း ၂-ယောက်, ဗာရာဏသီမြို့သူမြို့သားများ, အလောင်းတော်ပုဏ္ဏားသူကြွယ်, ဥဒေနမင်း, ဗြဟ္မဒတ်မင်းနှင့် မိဖုရား, ရောရုဝမင်း, သာဝတ္ထိမြို့တော်နေ ဥပါသကာတဦး, အလောင်းတော်သင်္ခပုဏ္ဏား, ဇနသန္ဓမင်း, အလောင်းတော် အကိတ္တိပုဏ္ဏား, မိတ္တဗန္ဓက ဥပါသကာ, သာဝတ္ထိမြို့တော်နေ ကုန်သည်များ, အလောင်းတော်သိဝိမင်း, ဤသူတို့ကား သာသနာတွင်း၌ မဟာဒါနပြုသူများ အဖြစ် ထင်ရှားလှကုန်၏။

မဟာဒါနတမျိုး

၅-ပါး[၁] သီလကို ခါးဝတ်အထည်ပမာ လုံခြုံစွာစောင့်ထိန်း၍ သတ္တဝါတို့အသက်ကို ဘေးမဲ့ပေးခြင်းသည်လည်း မဟာဒါန မည်၏ဟု မိန့်ဆိုတော်မူကြသည်။

၅-ပါးသီလကို ထာဝစဉ်လုံခြုံအောင် စောင့်ထိန်း ထိုက်သည်အားလျော်စွာ အလှူဒါနပြု, ရှမ်းရက်သီတင်း

၁။ အံ၊ ၃။ ၇၆။ အဘိ၊ က။ ၂၅၅။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၇၃။

လပြည့်လကွယ်တို့၌ ရှစ်ပါးသီလ ဥပုသ် စောင့်သုံးသော ဥပါသကာ, ဥပါသိကာ သူတော်စင်သည် ပုံသေမဖောက် လူ့ရပ်နတ်ထံ ကေန်မဖောက် သွားရောက်ရသော ဟူ၏။

ပဉ္စသီလသာဒါ ရက္ခော၊ ယထာဗလဥ္စ ဒါယကော။
ကာလေ ဥပေါသထောဝါသော၊ သောနိစ္စံ သုဂ
တိံ ဝဇေ။

ပဉ္စသီလသာဒါရက္ခော=ငါးပါးသီလကို အခါခပ်သိမ်း စောင့်ရှောက်သော။ ယထာဗလဉ္စ=အားစွမ်း အလျောက် လည်း။ ဒါယကော=လှူဒါန်း ပေးကမ်း တတ်သော။ ကာလေ=ဝါပဝါတွင်း လေးသီတင်း ရှစ်သီတင်းအခါ၌။ ဥပေါသထောဝါသော=ဥပုသ် စောင့်သုံးခြင်း ရှိသော။ သော=ထိုသူသည်။ နိစ္စံ=အမြဲ။ သုဂတိံ=သုဂတိဘဝသို့။ ဝဇေ=ရောက်ရာ၏။[၁]

အဿုမုခဒါန, အနဿုမုခဒါန

တနည်း ဒါနသည်-

၁။ အဿုမုခဒါန
၂။ အနဿုမုခဒါန အားဖြင့် ၂-ပါးအပြား ရှိသည်။

ထိုတွင် တပါးသူများ မျက်ရည်ပေါက်ကြီးငယ် ကျစေလျက် လုယက်ပုတ်ခတ်ညှဉ်းဆဲ၍ ရသောပစ္စည်း ဝတ္ထုကို လှူခြင်းသည် အဿုမုခဒါနမည်၏။ သူတပါးတို့ကို မျက်ရည်ပေါက်ကြီးငယ် မကျစေပဲ တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် အနဿုမုခဒါန

၁။ စတုရာရက္ခ။ မရဏာဿတိနိဒ္ဒေသ။ ၃၈-ဂါထာကြည့်။

မည်၏။ဤ ၂-မျိုးအနက် သူတပါးတို့ကို မျက်ရည်ပေါက်ကြီးငယ် မကျစေပဲ မညှဉ်းဆဲပဲ တရားသဖြင့် ရှာဖွေ၍ လှူဒါန်းသော အနဝဇ္ဇဒါနကိုသာ လှူဒါန်းရာ၏။ ယင်းသို့လှူဒါန်းမှ သူတော်ကောင်းတို့ လှူဒါန်းရိုးဖြစ်သည့် သပ္ပုရိသ ဒါနမြောက်လေသည်၊[၁]

ဆောင်။ ။တပါးသူကို၊ မငြိုမငြင်၊ ကြည်လင်စေ၍။
မွေ့နေသမှ၊ တရားအလျော်၊ လှူဒါန်းသော်၊
အဟော်အစ္ဆရိယပါတကား။

သာဒဏ္ဍဒါန, အဒဏ္ဍဒါန

တနည်း ဒါနသည်-

၁။ သာဒဏ္ဍဒါန

၂။ အဒဏ္ဍဒါန အားဖြင့် ၂-ပါးအပြားရှိသည်၊

ထိုတွင် တုတ် လှံတံတို့ဖြင့် ခြိမ်းခြောက်ရိုက်နှက်၍ ပေးလှူခြင်းသည် သဒဏ္ဍဒါနမည်၏။ တုတ်လှံတံလက်နက်တို့ဖြင့် မခြိမ်းခြောက် မရိုက်နှက်ပဲ ပေးလှူခြင်းသည် အဒဏ္ဍဒါနမည်၏။ ယင်းဒါန ၂-မျိုးတွင် နံပါတ် ၂-ဖြစ်သော အဒဏ္ဍဒါနကိုသာ လှူဒါန်းရာ၏။

ဝဋ္ဋနိဿိတဒါန, ဝိဝဋ္ဋနိဿိတဒါန

တနည်းဒါနသည်-

၁။ ဝဋ္ဋနိဿိတဒါန

၂။ ဝိဝဋ္ဋနိဿိတဒါန အားဖြင့် ၂-ပါးအပြား ရှိသည်။

၁။ သံ၊၁။၁၉။ ဇာ၊၁။၂၁၉။ သံဋ္ဌ၊၁၊၅၁၊ ဇာဋ္ဌ၊၄။၆၇။

ထိုတွင် ဝဋ် ၃-ပါးဖြစ်သောလူနတ်စည်းစိမ်ချမ်းသာ ဝဋ္ဋသမ္ပတ္တိကိုတောင့်တ၍ပေးလှူခြင်းသည် ဝဋ္ဋနိဿိတဒါနမည်၏။ "ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု" မေ=အကျွန်ုပ်၏။ ဣဒံ ဒါနံ=ဤဒါနသည်။ ဤအလှူသည်။ ဤပေးလှူကြောင်း ဒါနစေတနာသည်။ အာသဝက္ခယာဝဟံ=အာသဝေါတရားတို့၏ကုန်ရာ နိဗ္ဗာန်ကို ရွက်ဆောင်သည်။ ဟောတု = ဖြစ်ပါစေသတည်း ဟု ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ ပေးလှူခြင်းသည် ဝိဝဋ္ဋနိဿိတ ဒါနမည်၏။[၁] ယင်း ၂-ပါးတွင် ဝဋ္ဋနိဿိတဒါနသည် ဝဋ်ကိုသာ ဆောင်နိုင်၏၊ ဝိဝဋ္ဋသို့ မဆောင်နိုင်။ ဝိဝဋ္ဋဒါနသည်ကား ဝဋ္ဋ, ဝိဝဋ္ဋ ၂-ပါးလုံးကို ဆောင်သည်။

ဒို့ သပ္ပုရိသနွယ်ဝင် အလှူရှင် ... သင်သည် ဇာတိ, ဇရာ, မရဏတို့နှင့် ရောထွေးသော ဒုက္ခများလှသော ဝဋ်စည်းစိမ်ကို မတောင့်တပဲ ဝဋ်ကင်းရာနိဗ္ဗာန်ချမ်းသာကို တောင့်တ၍ ဝိဝဋ္ဋနိဿိတဒါနကိုသာ ပြုရာ၏။

ဆောင်။ ။ဝိဝဋ္ဋနိဿိတ၊ ယင်းဒါနကား၊ ဇာတိဇရာ၊
မရဏတို့၊ များလှ ဆက်လက်၊ ရောထွေးယှက်
လျက်၊ ဒုက္ခဖက်၏။ သို့တွက်သို့တာ၊ သို့ခြင်းရာ
ကြောင့်၊ ဆင့်တဖြာမီး၊ အပြီးငြိမ်းရာ၊
အမတာကို၊ စိတ်မှာစွဲထ၊ မျှော်တောင့်တ၍၊
ဒါနကောင်းမှု ပြုစေသော်။

၁၊ အံ၊ဋ္ဌ၊၁။ ၄၃။

သက္ကစ္စဒါန, အသက္ကစ္စဒါန

တနည်း ဒါနသည်-

၁။ သက္ကစ္စဒါန

၂။ အသက္ကစ္စဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် ကံကံ၏အကျိုးကို ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဖွယ်ဝတ္ထုကို ကောင်းမွန်စွာ ပြုပြင်စီရင်၍ အလှူခံ ပုဂ္ဂိုလ်ကို ရိုသေစွာ လှူဒါန်းခြင်းသည် သက္ကစ္စဒါန မည်၏။ ရတနာ ၃ တန် ကံကံ၏ အကျိုးကို မယုံကြည်ပဲ လှူဖွယ်ဝတ္ထုကို ကောင်းစွာလျော်စွာ ပြုလုပ်စီမံ၍ အလှူခံ ပုဂ္ဂိုလ်ကို မရိုမသေ မလေးမစား လှူဒါန်းခြင်းသည် အသက္ကစ္စဒါနမည်၏။[၁] ယင်းဒါန ၂-မျိုးတွင် သက္ကစ္စဒါန ဖြစ်အောင် လှူဒါန်းရာ၏။ သက္ကစ္စမြောက် လှူဒါန်းလျှင် နိဗ္ဗာန်မရမီ ကြားကာလ၌ ဥစ္စာစည်းစိမ်ပေါများ ကြွယ်ဝ ပြီး မိမိစကားကို လိုက်နာကြသည့် ခြွေရံသင်းပင်း ကျေးကျွန်ကောင်းတို့နှင့်တွေ့ရလေသည်။[၂]

ဆောင်။ ။သက္ကစ္စဒါန၊ မုချမသွေ၊ ဖြစ်လေအောင်၊
သတိဆောင်၍ ပြုပါလေ၊

စည်းစိမ်ပေါကြွယ်၊ အလျှံပယ်နှင့်၊ ခြံရံကျွန်
ကျေး၊ ယဉ်ကျေးသိမ်မွေ့ တွေ့ကြုံရ၊ မုချ
မှန်မသွေ။

၁။ ဒီ၊ ၂။ ၂၀၁။ အံ၊ ၃။ ၁၉၅။
၂။ အံ၊ ၂။ ၁၅၂။ (သပ္ပုရိသဒါနသုတ်)။

သဟတ္ထဒါန, အသဟတ္ထဒါန

တနည်းဒါနသည်-

၁။ သဟတ္ထဒါန

၂။ အသဟတ္ထဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် မိမိလက်ဖြင့် ကိုယ်တိုင်ဆက်ကပ်၍ ပေးလှူခြင်းသည် သဟတ္ထဒါနမည်၏။ မိမိလက်ဖြင့် ကိုယ်တိုင်ကိုင်၍ မပေးလှူပဲ သူတပါးတို့ကို တဆင့်စေခိုင်း၍ပေးလှူခြင်းသည် အသဟတ္ထဒါနမည်၏။

သဟတ္ထဒါနဖြစ်အောင် ကြိုးပမ်း

ယင်း ၂-မျိုးအနက် သဟတ္ထဒါနဖြစ်အောင် ကြိုးပမ်းရာ၏။ ကိုယ်တိုင်ကိုယ်ကြပ် ကိုယ်ထိလက်ရောက် ဆက်ကပ်လှူဒါန်းရာ၏။ ပါယာသိမင်းသားသည် မိမိကိုယ်တိုင် မစီရင် မပေးမလှူပဲ ဥတ္တရလုလင်အား စေခိုင်းခဲ့ရာ စတုမဟာရာဇ်နတ်ပြည် သေရီသကဗိမာန်၌ အပေါ်မမှီးအခြေအနေမမှီးတဘိုးတည်း ဖြစ်ရသည်။ ပါယာသိမင်းသား၏ စေခိုင်းချက်အရ စီမံသူ ဥတ္တရလုလင်သည်မူကား တာဝတိံသာနတ်ပြည်၌ အခြေအနေနှင့် ပြည့်စုံစွာ ဖြစ်ရသည်။ ၁ သို့ဖြစ်၍ သဟတ္ထဒါနဖြစ်အောင် ကြိုးပမ်းရာ၏။ ကိုယ်ထိလက်ရောက်လှူဒါန်း ရာ၏။

၁။ ဒီ၊ ၂။ ၂၀၁။ ဒီဋ္ဌ၊ ၂။ ၄၀၂။

ဆောင်။ ။အလှူဒါန၊ပြုလေက၊သဟဿမြောက်ပါစေ။
သဟဿဒါန၊ ပြုလုပ်က၊ မုချကျိုးပြီးလေ။

စိတ္တီကတဒါန, အစိတ္တီကတဒါန

တနည်း ဒါနသည်-

၁။ စိတ္တီကတဒါန
၂။ အစိတ္တီကတဒါန အားဖြင့် ၂-ပါးအပြား ရှိသည်။

ထိုတွင် အမြတ်တနိုး စိတ်ပါလက်ပါ ပူဇော်၍လည်းကောင်း, အံ့ဩချီးကျူးဖွယ်ဖြစ်အောင် ပြုလုပ်စီမံ၍လည်းကောင်း ပေးလှူခြင်းသည် စိတ္တီကတ ဒါနမည်၏။ အမြတ်တနိုး စိတ်ပါလက်ပါမဟုတ်ပဲ ပူဇော်မှုကင်းသဖြင့်လည်းကောင်း, အံ့ဩချီးကျူးဖွယ်ဖြစ်အောင် မပြုလုပ်မူ၍လည်းကောင်း ပေးလှူခြင်းသည် အစိတ္တီကတဒါနမည်၏။ ယင်း၂-ပါးတွင် စိတ္တီကတဒါနသည် အစိတ္တီကတဒါနထက် များစွာ သာလွန်သည်။ ဥတ္တရလုလင်သည် စိတ္တီကတဒါနကြောင့် တာဝတိံသာနတ်ပြည်၌ ထူးခြားစွာဖြစ်ရသည်။ ပါယာသိမင်းသားသည် အစိတ္တီကတဒါနကြောင့် စတုမဟာရာဇ်နတ်ပြည်၌ သေးသိမ်စွာ ဖြစ်ရသည်။ သို့ဖြစ်၍ စိတ္တီကတဒါနမြောက်အောင် ပြုလုပ်လှူဒါန်းရာ၏။

ဆောင်။ ။အစိတ္တီကတ၊ ဒါနမြောက်အောင်၊ သတိဆောင်၊ အမောင်အမိ ပြုပါလေ။

အနုပဝိဋ္ဌဒါန, အပဝိဋ္ဌဒါန

တနည်း ဒါနသည်-

၁။ အနုပဝိဋ္ဌဒါန

၂။ အပဝိဋ္ဌဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် စွန့်ပစ်အပ်သော စားကြွင်းစားကျန် စသည်တို့ကဲ့သို့ သဘောမထားပဲ ကောင်းမွန်စွာ ပေးလှူခြင်းသည် အနုပဝိဋ္ဌ ဒါနမည်၏။ စွန့်ပစ်အပ်သော စားကြွင်းစားကျန် စသည်တို့ကဲ့သို့ သဘောထား၍ ဖရိုဖရဲဖြန့်ကြဲပစ်လွှင့်လျက် ပေးလှူခြင်းသည် အပဝိဋ္ဌဒါနမည်၏။ ဤ ၂ မျိုးတွင် အနုပဝိဋ္ဌဒါန ဖြစ်အောင် ကြိုးပမ်းရာ၏။ ဥတ္တရလုလင်သည် ယင်း အနုပဝိဋ္ဌဒါနကြောင့် တာဝတိံသာနတ်ပြည်၌ ပြည့်စုံစွာ ဖြစ်ရသည်။ ပါယာသိမင်းသားသည် အလှူရှင် ဖြစ်ပါလျက် အပဝိဋ္ဌဒါနကြောင့် စတုမဟာရာဇ် နတ်ပြည်၌ ဥတ္တရလုလင် အောက်နိမ့်ကျစွာ ဖြစ်ရသည်။[၁] ထို့ကြောင့် စွန့်ပစ်အပ်သော စားကြွင်းစားကျန် စသည်ကဲ့သို့ သဘောမထားပဲ ကောင်းမွန်စွာ ပေးလှူမှု အနုပဝိဋ္ဌ ဒါနဖြစ်အောင် ပြုပါလေ။

ဆောင်။ ။အနုပဝိဋ္ဌ၊ ဒါနမြောက်အောင်၊ သတိဆောင်၊ အမောင်အမိ ပြုပါလေ။

၁။ ဒီ၊ ၂။ ၂၇၁။ ဒီဋ္ဌ၊ ၂။ ၄၀၂။

အာဂမနဒိဋ္ဌိကဒါန, အနာဂမနဒိဋ္ဌိကဒါန

တနည်း ဒါနသည်-

၁။ အာဂမနဒိဋ္ဌိကဒါန

၂။ အနာဂမနဒိဋ္ဌိကဒါနအားဖြင့် ၂-အပါးပြား ရှိသည်။

ထိုတွင် ဤအလှူ၏အကျိုးသည် ငါ၏ထံမှောက်သို့ မဖောက်ပုံသေ ရောက်လာပေလိမ့်မည်ဟု ကံ,ကံ၏အကျိုး ကို ယုံကြည်သော ကမ္မဿကတာဒိဋ္ဌိဖြင့် ပေးလှူခြင်းသည် အာဂမနဒိဋ္ဌိကဒါနမည်၏။ ဤအလှူ၏ အကျိုးသည် ငါ ၏ထံမှောက်သို့ လာရောက်လိမ့်မည် မဟုတ်ဟု ကံ ကံ၏ အကျိုးကို မယုံကြည်ပဲ ပေးလှူခြင်းသည် အနာဂမန ဒိဋ္ဌိကဒါနမည်၏။[၁] ဤ ၂-မျိုးတို့တွင် အာဂမနဒိဋ္ဌိက ဒါနဖြစ်အောင်ကြိုးပမ်းရာ၏။ အာဂမနဒိဋ္ဌိကဒါနကြောင့် လူ့စည်းစိမ်, နတ်စည်းစိမ် စသည်ခံစားပြီး၊ နိဗ္ဗာန်ဝင် စံသူတို့မှာ ဤရွေ့ဤမျှ ဂဏန်းချ၍ မရနိုင်အောင် များ ပြောင်လှကုန်၏။[၂]

ဆောင်။ ။အာဂမနဒိဋ္ဌိက၊ ဒါနမြောက်အောင်၊ သတိ ဆောင်၊ အမောင် အမိ ပြုပါလေ။

၁။ အံ၊ ၃။ ၁၉၅။ အံ၊ဋ္ဌ၊ ၃။ ၂၆၇။
၂။ အဘိ၊ဋ္ဌ၊ ၁။ ၄၃၄။ အဘိ၊ဋ္ဌ၊ ၂။ ၃၉၇။

ဝတ္ထုဒါန, အဘယဒါန

တနည်း ဒါနသည်–

၁။ ဝတ္ထုဒါန

၂။ အဘယဒါနအားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် သက်နှိုး, ဆွမ်း အစရှိသော လှူဖွယ်ဝတ္ထု ကိုပေးလှူခြင်းသည် ဝတ္ထုဒါနမည်၏။ သတ္တဝါဟူသမျှ ကို ဘေးမဲ့ပေးခြင်းသည် အဘယဒါနမည်၏။ ထို ၂- ပါးတို့တွင် အဘယဒါနသည် သတ္တဝါဟူသမျှ၏ အသက် ကိုပေးလှူလိုက်ခြင်းဖြင့် တုတ်လှံတံကိုချထားနိုင်းကြောင့် လည်းကောင်း, အလုံးစုံသော လောကီ လောကုတ္တရာ ဂုဏ်ကျေးဇူးတို့၏တည်ရာဖြစ်သောကြောင့်လည်း ကောင်း အကျိုးအာနိသင်ကြီးမားလှပေသည်။[၁] ရှေးကသီဟိုဠ်ကျွန်း အာမဏ္ဍဂါမဏိစသောမင်းများ ယင်း အဘယဒါနကို ပြု ကြောင်း သီဟိုဠ်သမိုင်းများ၌ လာရှိသည်။ ပဋ္ဌမသင်္ဂါ ယနာတင် မင်းတုန်းမင်းတရားကြီး စသည့်မင်းများလည်း ယင်း အဘယဒါန တစိတ်တဒေသကို ရံခါပြုတော်မူသည်။

ပဏီတဒါန, လူခဒါန

တနည်း ဒါနသည်–

၁။ ပဏီတဒါန

၂။ လူခဒါနအားဖြင့် ၂-ပါးအပြားရှိသည်။

၁။ ဒီ၊ဋ္ဌီ၊၁။၃၃၃။ သီ။ဋ္ဌီ၊သစ်၊၂။၃၂၄။

ထိုဘွင် မွန်မြတ်သော လှူဒါန်းဖွယ်ဝတ္ထုကို ပေးလှူခြင်းသည် ပဏီတဒါနမည်၏။ ယုတ်ညံ့ ခေါင်းပါးသော လှူဒါန်းဖွယ်ဝတ္ထုကို ပေးလှူခြင်းသည် လူခဒါနမည်၏။ ယင်း ၂-ပါးတွင် ပဏီတဒါနကိုပြုသူသည် ကိုယ်ခန္ဓာပြည့်ဖြိုးတိုးပွားခြင်း, ကြည်ညိုဖွယ် ကောင်းခြင်း, ကိုယ်ရေအဆင်းချောမောလှပခြင်း,ဟူသော မွန်မြတ်သောအကျိုးကို ရရှိလေသည်။ လူခဒါနကိုပြုသူသည် အသွေးအသားခေါင်းပါးခြောက်ကပ်ခြင်း စသော သိမ်ဖျင်းသေးနုပ်သော အကျိုးကို ရရှိတတ်၏။[၁] သို့ဖြစ်၍ သင်သူတော်စင်သည် ပဏီတဒါနကို ပြုရာ၏။

ဆောင်။ ။လှပပြည့်ဖြိုး၊ ကျက်သရေတိုး၊ အချိုးလွန်ကျပေ။ ကြည်ညိုဖွယ်ဆောင်၊ ကိုယ်ရေရောင်၊ တောက်ပြောင်လွန်လှချေ၊ ပဏီတဒါန၊ ပြုလုပ်က၊ မုချရမည်ပေ။

သုခုမဒါန, ထူလဒါန

တနည်း ဒါနသည်–

၁။ သုခုမဒါန

၂။ ထူလဒါန အားဖြင့် ၂ ပါးအပြားရှိသည်။

ထိုဘွင် နူးညံ့ချောညက်သော အဝတ်အထည် အခင်းအရုံ စသောဝတ္ထုကို လှူခြင်းသည် သုခုမဒါန မည်၏။ မနူးညံ့မချောညက် ထူထဲသော ထူပြောသောပစ္စည်း ဝတ္ထု

၁။ ဒီ၊၃။၂၄။ ဒီ၊ဋ္ဌ၊၃။၁၀၉။

ကို ပေးလှူခြင်းသည် ထူလဒါန မည်၏။ သင်သူဘော် စင်သည် ယင်း ဒါန ၂-မျိုးလုံးကို အခွင့်သင့်သလို ပြုရာ ၏။ ယင်းဒါနများကြောင့် ရွှေအဆင်းကဲ့သို့ ဝါဝင်း ထိန်ပြေ အသရေဆောင်သော အဆင်းနှင့် ပြည့်စုံခြင်း အခင်းအရံ အဝတ်အထည် ပေါများခြင်း စသောအကျိုး များကို ရနိုင်လေသည်။[၁]

ဆောင်။ ။ချုပ်နေမာန်မျက်၊ သဒ္ဓါထက်၍၊ လှူဆက် ချောနု၊ ခင်းရံမှုကြောင့်၊ ရွှေတုအဆင်း၊ ချောလွန်းမင်းသည်၊ အခင်းအရံ၊ ပေါများ တို့၏။

ဒါန, ပဒါန

တနည်း ဒါနသည်–

၁။ ဒါန

၂။ ပဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် နေ့စဉ်အမြဲ လှူဒါန်းခြင်း မျိုးရိုးစဉ်ဆက် မပျက်မကွက်စေခြင်းငှာ စောင့်ရှောက်သော အနေအား ဖြင့် ပေးလှူခြင်း လူအများနှင့် ဆက်ဆံသဖြင့် သာမည ဖြစ်သော ပေးလှူခြင်းသည် ဒါနမည်၏။ ဥပုသ်နေ့စသော နေ့ထူးနေ့မြတ် အခါကြီး ရက်ကြီးများ၌ ထူးထူးကဲကဲ ပေးလှူခြင်း အစဉ်အဆက် မဟုတ်ဘဲ ကိုယ်တိုင် စထွင်

၁။ ဒီ-၃၊၁၁၀။ ဒီ၊ဋ္ဌ၊၃၊၁ ၆၁-ကြည့်။

၍ ပေးလှူခြင်း, လူအများနှင့် မဆက်ဆံပဲ အလွန်လျှင် မွန်မြတ်သော ပေးလှူခြင်းသည် ပဒါန မည်၏။[၁]

ဆောင်။ ။ဒါနပဒါန၊ နှစ်ဝအလှူ၊ ပေးစွန့်လှူ၍၊ သူ
တော်တကာ၊ စံရာဌာန၊ ဒေဝကြွင့်ရှုန်း၊ နိဗ္ဗာန်
နန်း၊ မြန်းကြပါစေသော်။

ဗာဟိရဒါန, အဇ္ဈတ္တိကဒါန

တနည်း ဒါနသည်—

၁။ ဗာဟိရဒါန

၂။ အဇ္ဈတ္တိကဒါန အားဖြင့် ၂–ပါးအပြားရှိသည်။

ထိုတွင် ကိုယ်မှအပဖြစ်သော ရွှေငွေအစရှိသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ဗာဟိရဒါနမည်၏။ ခြေလက်နား နှာ စသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ပေးလှူခြင်းသည် အဇ္ဈတ္တိက ဒါနမည်၏။[၂] ယင်း ၂ မျိုးတွင် ဗာဟိရဒါနကိုမူ လှူဒါန်းရန် လွယ်ကူသော်လည်း အဇ္ဈတ္တိကဒါနက စွန့်လှူရန် မလွယ်ကူပါချေ။ သဗ္ဗညုတဉာဏ်ရရန် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြသော ဘုရားလောင်းများသာ ပြုကျင့်နိုင်ကြသည်။

၁။ သာရတ္ထ၊ ၂။၅။ ဝိမတိ၊ ၁။၁၀၀။ မဏိ၊ ၃။၁၄၁။

၂။ စရိယာ၊ ဋ္ဌ။ ၂၉၅။

အယာစိတဒါန, ယာစိတဒါန

တနည်း ဒါနသည်-

၁။ အယာစိတဒါန

၂။ ယာစိတဒါနအားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် အလှူခံ ပုဂ္ဂိုလ်က မတောင်းခံရပါပဲ မိမိကိုယ်တိုင် အလှူခံပုဂ္ဂိုလ်၏အလို အဇ္ဈာသယကိုသိ၍ အလှူခံပုဂ္ဂိုလ် အလိုရှိသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် အယာစိတ ဒါနမည်၏။ အလှူခံပုဂ္ဂိုလ်ကတောင်းခံသဖြင့် အလှူခံပုဂ္ဂိုလ် အလိုရှိသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ယာစိတ ဒါနမည်၏။

အလှူခံလာလျှင် (တောင်းလာလျှင်) လှူဖြစ်အောင်လှူ

အို သူတော်စင်....တောင်းလာလျှင် အလှူခံလာလျှင် လှူသာလှူပါ များများမလှူနိုင်လျှင် နည်းနည်းပါးပါး ဖြတ်ခနဲ လှူဒါန်းပါ။ ဘုရား, မြတ်စွာက(၁)မှန်မှန်ကန်ကန် ပြောရမည်။ (၂)စိတ်မဆိုးတဲ့ (၃)တောင်းလာလျှင် အနည်းငယ်ဖြတ်ခနဲပေးလှူရမည်၊ ဤအကြောင်း ၃ ပါးနှင့် ပြည့်စုံလျှင် နတ်ပြည်ရောက်လိမ့်မည်ဟု ဟောတော်မူခဲ့လေသည်။[၁]

၁။ သစ္စံ ဘဏေ န ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါနသန္တိကေ။
ဓမ္မပဒ-၄၆

ဆောင်။ ။မှန်မှန်ပြောလျက်၊ မျက်မထွက်၊ စိတ်စက်
အေးမြစေ။
တောင်းလာခဲ့လျှင်၊ အနည်းပင်၊ ကြည်ရွှင်
သဒ္ဓါ ပေးပါလေ။
အင်္ဂါသုံးရပ်၊ ပြည့်စုံလတ်၊ နတ်ပြည်ရောက်
မည်ပေ။

မုတ္တစာဂဒါန, အမုတ္တစာဂဒါန

တနည်း ဒါနသည်–

၁။ မုတ္တစာဂဒါန

၂။ အမုတ္တစာဂဒါန အားဖြင့် ၂ ပါးအပြား ရှိသည်။

ထိုတွင် လှူဖွယ်ဝတ္ထု၌ မငြိမတွယ် မနှမြော မတွန့်ဆုတ်ပဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်ပေးလှူခြင်းသည် မုတ္တစာဂဒါနမည်၏။ မလွှတ်မကျွတ် တွန့်ဆုတ် တွန့်ဆုတ် ပေးလှူခြင်းသည် အမုတ္တစာဂ ဒါနမည်၏။ ယင်း ၂-ပါး တွင် မုတ္တစာဂဒါနသည် အကျိုးကြီးသည်။ အမုတ္တစာဂ ဒါနကား မုတ္တစာဂဒါနကဲ့သို့ အကျိုးမကြီး။ သို့ဖြစ်၍ မုတ္တစာဂ ဒါနဖြစ်အောင် ကြိုးပမ်းရာ၏။

ဆောင်။ ။မုတ္တစာဂ၊ ဒါနဖြစ်အောင်၊ သတိဆောင်၊
အမောင်အမိ ပြုပါလေ။

ပရိယတ္တဒါန, အပရိယတ္တဒါန

တနည်း ဒါနသည်–

၁။ ပရိယတ္တဒါန

၂။ အပရိယတ္တဒါန အားဖြင့် ၂–ပါးအပြားရှိသည်။

ထိုတွင် လှူဒါန်းမည့် ဝတ္ထုရှိခဲ့လျှင် မိမိလှူဒါန်းခြင်းငှာ စွမ်းနိုင်သော ပစ္စည်းဝတ္ထုကိုသာ လှူဒါန်းခြင်းသည် ပရိယတ္တဒါနမည်၏၊ မစွမ်းနိုင်သော ဝတ္ထုကိုလှူခြင်းသည် အပရိယတ္တဒါနမည်၏။ ယင်း ၂-မျိုးတွင် ပရိယတ္တဒါနကိုသာ စေတနာ ၃ တန် ပြဋ္ဌာန်း၍ လှူရာ၏။

ပစ္စုပကာရသန္နိဿိတဒါန, နပစ္စုပကာရသန္နိဿိတ ဒါန

တနည်း ဒါနသည်–

၁။ ပစ္စုပကာရသန္နိဿိတဒါန

၂။ နပစ္စုပကာရသန္နိဿိတဒါနအားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် မိမိ၌ တဖန် ကျေးဇူးတုံ့ပြန်မှုကို လိုလားကပ်မှီ၍ ပေးလှူခြင်းသည် ပစ္စုပကာရသန္နိဿိတ ဒါနမည်၏။ မိမိ၌တဖန် ကျေးဇူးတုံ့ပြန်မှုကို မလိုလား မကပ်မှီပဲပေးလှူခြင်းသည် နပစ္စုပကာရသန္နိဿိတဒါနမည်၏။ ယင်းနှစ်ပါးတွင် နပစ္စုပကာရသန္နိဿိတဒါန ဖြစ်အောင် ကြိုးပမ်းရာ၏။

ဆောင်။ ။နုပစ္စုပကာရ သန္နိဿိတ ဒါနဖြစ်အောင်၊
သတိဆောင်၊ အမောင်အမိ ပြုပါလေ"

ပရူပဃာတာဝဟဒါန, နပရူပဃာတာဝဟဒါန

တနည်း ဒါနသည်-

၁။ ပရူပဃာတာဝဟဒါန

၂။ နပရူပဃာတာဝဟဒါန အားဖြင့် ၂-ပါး
အပြားရှိသည်၊

ထိုတွင် သူတပါးတို့အား ညှဉ်းဆဲ နှိပ်စက်ခြင်းကို ဆောင်တတ်သော လက်နက်အဆိပ် သေရည်အရက်စသည်တို့ကို ပေးလှူခြင်းသည် ပရူပဃာတာဝဟဒါနမည်၏။ သူတပါးတို့အား မညှဉ်းဆဲ မနှိပ်စက်တတ်သော သင့်လျော်လျောက်ပတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းသည် နပရူပဃာတာဝဟဒါနမည်၏။ ယင်း ၂-ပါးတွင် ဒုတိယဖြစ်သော နပရူပဃာတာဝဟဒါနကိုသာ ပေးလှူရာ၏။

ကိဠနကဒါန, အကိဠနကဒါန

၁။ ကိဠနကဒါန

၂။ အကိဠနကဒါန အားဖြင့် ၂-ပါး အပြား
ရှိသည်။

ထိုတွင် အကျိုးမဲ့နှင့် စပ်ယှဉ်၍ မေ့လျော့ပေါ့ဆခြင်းကို ဆောင်တတ်သော မြူးတူးပျော်ပါး ကစားစရာဝတ္ထုကို ပေးလှူခြင်းသည် ကိဠနကဒါနမည်၏။ မြူးတူးပျော်

ပါး ကစားစရာ မဟုတ်သော ဝတ္ထုပစ္စည်းကို လှူဒါန်းခြင်းသည် အကပ္ပိယဒါနမည်၏။ ဤတွင် ဒုတိယဖြစ်သော ကပ္ပိယဒါနကို လှူရာ၏။

အသပ္ပါယဒါန, သပ္ပါယဒါန

တနည်း ဒါနသည်-

၁။ အသပ္ပါယဒါန

၂။ သပ္ပါယဒါန အားဖြင့် ၂-ပါး အပြားရှိသည်။

ထိုတွင် မလျော်ကန် မသင့်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် အသပ္ပါယဒါနမည်၏။ လျော်ကန်သင့်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် သပ္ပါယဒါနမည်၏၊ ယင်း ၂-ပါးတွင် ဒုတိယဖြစ်သော သပ္ပါယ ဒါနကိုသာ ပြုရာ၏။

ပမာဏရဟိတဒါန, ပမာဏယုတ္တဒါန

တနည်း ဒါနသည်-

၁။ ပမာဏရဟိတဒါန

၂။ ပမာဏယုတ္တဒါန အားဖြင့် ၂-ပါး အပြားရှိသည်။

ထိုတွင် အတိုင်းအရှည်မရှိ ပုံတိုက်၍ ဖေါဖေါသီသီ ပုံသြပေးလှူခြင်းသည် ပမာဏ ရဟိတဒါနမည်၏။ အတိုင်း

အရှည်နှင့် ချင့်ချိန်၍ ပေးလှူခြင်းသည် ပမာဏယုတ္တဒါန မည်၏။ ထို ၂-မျိုးလုံးကိုပင် မိမိ ပစ္စည်းဝတ္ထုနှင့် နှိုင်း ချိန်၍ ပြုသင့်သည်။

အနုစ္ဆဝိကဒါန, အနနုစ္ဆဝိကဒါန

တနည်းဒါနသည်-

၁။ အနုစ္ဆဝိကဒါန

၂။ အနနုစ္ဆဝိကဒါန အားဖြင့် ၂-ပါးအပြားရှိ သည်။

ထိုတွင် အလှူခံပုဂ္ဂိုလ်နှင့်ကိုက်ညီထိုက်တန် လိုက်လျော သောပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် အနုစ္ဆဝိကဒါန မည်၏။ အလှူခံပုဂ္ဂိုလ်နှင့် မကိုက်ညီ မလိုက်လျောသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် အနနုစ္ဆဝိကဒါနမည်၏။ ယင်း ၂-မျိုးတွင် ပထမဖြစ်သော အနုစ္ဆဝိကဒါနကို ပေး လှူရာ၏။ အလှူခံပုဂ္ဂိုလ်က ဖိနပ်လိုနေလျှင် ဖိနပ်ကိုလှူ ရာ၏၊ သင်္ကန်းလိုနေလျှင် သင်္ကန်းကိုလှူရာ၏။ ထီးလိုနေ လျှင် ထီးကိုလှူရာ၏၊ ယင်းသို့ လိုအပ် ကြိုက်နှစ်သက်အပ် သော အရာဝတ္ထုကို လှူခြင်းသည် အနုစ္ဆဝိက ဒါနမည် ၏ဟု သိရာ၏။

ပီဠအဇနနဒါန, ပီဠဇနနဒါန

တနည်း ဒါနသည်-

၁။ ပီဠအဇနနဒါန

၂။ ပီဠဇနနဒါနအားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် သူတပါးတို့အား ညှဉ်းဆဲနှိပ်စက်ခြင်းကို မဖြစ်စေပဲ ပေးလှူအပ်သော ဒါနသည် ပိဋ္ဌအဇနနဒါနမည်၏။ သူတပါးတို့အား ညှဉ်းဆဲ နှိပ်စက်ခြင်းကိုဖြစ်လျက် ပေးလှူအပ်သော ဒါနသည် ပိဋ္ဌဇနန ဒါနမည်၏။ ထိုဘွင် ပထမဖြစ်သော ပိဋ္ဌအဇနနဒါနကို ပေးလှူရာ၏။ ယင်းဒါနသည် အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် သပ္ပုရိသဒါနသုတ်လာ "အတ္တာနဥ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ" မိမိ သူတပါး နှစ်ဦးသားကို မညှဉ်းဆဲပဲ ပေးလှူရမည်ဟူသော သပ္ပုရိသဒါနအင်္ဂါနှင့် ညီညွတ်သည်။ ယင်း ပိဋ္ဌအဇနနဒါနကြောင့် ဖြစ်လေရာရာ ကြွယ်ဝချမ်းသာခြင်း, ပစ္စည်းဥစ္စာများခြင်း, ရေ မီး မင်း ခိုးသူ မချစ်မနှစ်သက်အပ်သော အမွေခံ သားသမီးတို့ကြောင့် မပျက်စီးခြင်းဟူသော အကျိုးများကို ရနိုင်လေသည်၊ ၁

ဆောင်။ ၊မနှိပ်မစက်၊ ရက်ရက်ရောရော၊ လှူသော
သူမှာ၊ ဥစ္စာခနေ၊ ပြည့်ဝစုံပြီး၊ ရေမီးမင်းခိုး၊
မွေခံဆိုးကြောင့်၊ ပျက်ရိုးမရှိ၊ ကျိုးကြီးဘိ၊
မှတ်သိစဉ်ဆက် ပြုဖွယ်တည်း။

ဖလကင်္ခိဒါန, အဖလကင်္ခိဒါန

တနည်း ဒါနသည်—

၁။ ဖလကင်္ခီဒါန

၂။ အဖလကင်္ခီဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

၁။ အံ၊၂။၁၅၂။

ထိုတွင် သမ္မာဒိဋ္ဌိဆုမှတပါးသော အကျိုးကို မျှော်လင့်တောင့်တ၍ ပေးလှူခြင်းသည် ဖလကင်္ခိဒါနမည်၏။ တပါးတခြားသောအကျိုးကို မမျှော်လင့် မတောင့်တပဲ သမ္မာသမ္ဗောဓိဆုကိုသာ မျှော်လင့်တောင့်တ၍ ပေးလှူခြင်းသည် အဖလကင်္ခိဒါနမည်၏။ ယင်း၂-မျိုးတွင်ဖလကင်္ခိဒါနကို ဘုရားအလောင်းမှတပါးသော ပုဂ္ဂိုလ်များပြုကြသည်။ အဖလကင်္ခိဒါနကို 'ဘုရားအလျာသူတော်စွာတို့ပြုတော်မူကြသည်။' ၁

လာဘသက္ကာရ၊ သိလောက သန္နိဿိတဒါန
နလာဘသက္ကာရ သိလောကသန္နိဿိတဒါန

တနည်းဒါနသည်-

၁။ လာဘသက္ကာရ သိလောက သန္နိဿိတဒါန

၂။ နလာဘသက္ကာရ သိလောက သန္နိဿိတဒါန

အားဖြင့် ၂-ပါးအပြား ရှိသည်။

ထိုတွင် လာဘ်သပ်ပကာ ကျေးဇူးဂုဏ်သတင်းကျော်စောခြင်းကို လိုလားတောင့်တ၍ ပေးလှူခြင်းသည် လာဘသက္ကာရသိလောက သန္နိဿိတဒါနမည်၏။ လာဘ်သပ်ပကာ ကျေးဇူးဂုဏ်သတင်း ကျော်စောခြင်းကို မလိုလားမှုတောင့်တပဲ လှူဒါန်းခြင်းသည် နလာဘသက္ကာရ သိလောက သန္နိဿိတဒါနမည်၏။ ပုဂ္ဂိုလ်များစွာတို့သည် ပထမဖြစ်သောလာဘသက္ကာရသန္နိဿိတဒါနကိုပြုကြသော်

၁။ စရိယာ၊ဋ္ဌ။၂၉၅။

လည်း ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကိုသာ တောင့်တ၍ ဒါနပြုတော်မူသည်။ လောကီသပ်ပကာ ကျေးဇူးဂုဏ်သတင်း ကျော်စောခြင်းကို မျှော်လင့်၍ ဒါနပြုတော်မမူဘူး၏။

သဒိသဒါန, အသဒိသဒါန

တနည်း ဒါနသည် -

၁။ သဒိသဒါန

၂။ အသဒိသဒါန အားဖြင့် ၂-ပါး အပြား ရှိသည်။

ထိုတွင် အများနည်းတူ ပေးလှူခြင်းသည် သဒိသဒါန မည်၏။ အများနှင့်မတူ ထူးချွန်ကဲလွန်စွာ ပေးလှူခြင်းသည် အသဒိသဒါနမည်၏။ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိမြို့တော်၌ ပသေနဒီကောသလမင်းကြီး၏ အလှူသည် အသဒိသဒါနအဖြစ် ထင်ရှားလေသည်။ ဘုရားအမှူးရှိသော ရဟန်း ၅၀၀ ကို ထီးဖြူတော် ၅၀၀ ဆောင်းမိုး၍ လှူဒါန်းပွဲကြီးမှာ လွန်စွာကြီးကျယ်လှသည်။ တနေ့တည်း၌ ယင်းအသဒိသဒါနအတွက် ကုန်ကျငွေမှာ ၁၄-ကုဋေ ကုန်ကျသောဟူ၏။ ဘုရားတဆူ၌ ဤဒါနမျိုးတခုသာရှိသည်ဟု မိန့်ဆိုတော်မူသည်။ ၂

၁။ စရိယာ၊ ဋ္ဌ။ ၂၉၅။ ၂၊ အကျယ်ဓမ္မ၊ ဋ္ဌ၊ ၂။ ၁၂၁-ကြည့်။

ဥဒ္ဒိဿဒါန, အနုဒ္ဒိဿဒါန

တနည်း ဒါနသည်-

၁။ ဥဒ္ဒိဿဒါန

၂။ အနုဒ္ဒိဿဒါနအားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် ပြိုက္ခာတို့ကို ရည်မှန်း၍ ပေးလှူခြင်းသည် ဥဒ္ဒိဿဒါနမည်၏။ ပြိုက္ခာတို့ကို မရည်မှန်းမဲ ပေးလှူခြင်းသည် အနုဒ္ဒိဿဒါနမည်၏။ ယင်း ၂-ပါးတွင် ဥဒ္ဒိဿဒါနသည် အလှူရှင်နှင့် ရည်မှန်းအပ်သော ပုဂ္ဂိုလ် ၂-မျိုးလုံးတို့အား အကျိုးများသည်။ အနုဒ္ဒိဿဒါနသည် အလှူရှင်အားသာ အကျိုးများ၏။ ၁

ဘုရား မြတ်စွာဘုရားဖြစ်တော်မူစ ရာဇဂြိုဟ်မြို့တော်သို့ကြွရောက် သီတင်းသုံးတော်မူစဉ် ဗိမ္ဗိသာရမင်းကြီးက ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်များအား ဆွမ်းဘောဇဉ်ဆက်ကပ် အဝတ်အထည် ကျောင်းအိပ်ရာ နေရာများလှူဒါန်း၍ ဆွေမျိုးပြိုတ္တာတို့အား အမျှပေးဝေရာ ဆွေမျိုးပြိုတ္တာများ ဥယျာဉ် ဗိမာန်ပေ သာပင်နတ်၌ဖြစ်သောအဝတ်အထည် ယာဉ်စသည်တို့ ရကြသည်။ ၂ ယခုကာလရန်ကုန်, ပခုက္ကူစသည်တို့၌ သုသာန်၌ သံဃာတော်များပင့် တရားနာအလှူဒါန်ပြုပြိုတ္တာများအား အမျှပေးဝေကြသည်မှာ အလွန်ကောင်းသော လမ်းစဉ်ဖြစ်လေသည်၊ ယင်းပြုလုပ်ပုံကို နည်းယူ၍ ပြုသင့်ကြသည်။

၁။ ပေတ၊ဋ္ဌ။ဂ။

၂။ ခုဒ္ဒက၊ဋ္ဌ။၁၇၂ (တိရောကုဍ္ဍသုတ်)၊

ဆောင်။ ။သင့်တော်လေရာ၊ ချိန်အခါ၌၊ ပြိတ္တာအများ၊ ရည်မှန်းထား၍၊ စားဖွယ်ဘောဇဉ်၊ ချိအချဉ်နှင့်၊ ဝတ်ဆင်ဖွယ်ရာ စဖြာခန်းခန်း၊လှူဒါန်း၍သာ၊ မျှဝေပေါ၊ လွန်စွာကောင်းသော လမ်းစဉ်တည်း။

ပူဇာဒါန, အနုဂ္ဂဟဒါန

တနည်း ဒါနသည်—

၁။ ပူဇာဒါန

၂။ အနုဂ္ဂဟဒါန အားဖြင့် ၂-ပါး အပြားရှိသည်။

ထိုတွင် မိမိထက် မြင့်မြတ်သော ပုဂ္ဂိုလ်တို့အား ပူဇော်သောအားဖြင့် ပေးလှူခြင်းသည် ပူဇာဒါနမည်၏။ မိမိအောက် ယုတ်နိမ့်သော ပုဂ္ဂိုလ်အား ချီးမြှောက်ထောက်ပံ့သောအားဖြင့် ပေးလှူခြင်းသည် အနုဂ္ဂဟဒါနမည်၏။ စင်စစ်တမူကား ပူဇော်လို၍ဖြစ်ဖြစ်, ချီးမြှောက်လို၍ဖြစ်ဖြစ် လှူဒါန်းပေးကမ်းခြင်းသည် ကောင်းလှပေသည်။ ဒါနမပြုသူ နှမြောသူများ နတ်ပြည် မသွားရောက်ကြ။ ဒါနအသိအမြင်နည်းသူ လူမိုက်များက ကဲ့ရဲ့ကြသည်။ ပညာရှိများကမူ ချီးမွမ်းကြ၏။ ပညာရှိ ဒါနရှင်များ နတ်ပြည်ရောက်ကြကုန်၏။

န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ။
ဗာလာ ဟဝေ န ပသံသန္တိ ဒါနံ။

ဧဝံ ဓမ္မံ ဒါနံ အနုမောဒမာနေန၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။[၁]

ကာဒရိယာ၊မလှူမဒါန်း နှမြောဝန်တိုသူတို့သည်။ဒေဝ-လောကံ၊ နတ်ပြည်သို့။ ဝေနဇန္တိ၊ စင်စစ်မုချ မသွား ရောက်ကြကုန်၊ ဗာလာ၊ သူမိုက်တို့သည်။ ဒါနံ၊ အလှူ ဒါနကို။ ဝေ နပသံသန္တိ၊ စင်စစ်ကေန် မချီးမွမ်းကြကုန်။ ဓီရောစ၊ ပညာရှိသည်ကား။ ဒါနံ၊ လှူဒါန်းခြင်းကို။ အနုမောဒမာနော၊ အဖန်ဖန် ဝမ်းမြောက်သည်။ ဟော တိ၊ ဖြစ်၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ သော၊ ထို ပညာရှိသည်။ ပရတ္ထ၊ တမလွန်လောက နောက်ဘဝ၌။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ထာဝရဒါန, အထာဝရဒါန

တနည်း ဒါနသည်–

၁။ ထာဝရဒါန

၂။ အထာဝရဒါန အားဖြင့် ၂-ပါး အပြားရှိ သည်။

ထိုတွင် အမြဲတည်သော စေတီပုထိုး စသည်ကို တည် ထားကိုးကွယ်ခြင်း, သိမ်ဒါယကာခံ၍ ဒါနပြုခြင်း စသည် သည် ထာဝရဒါန မည်၏။ သစ်သီးအရံ ပန်းအရံ စိုက်ပျိုး ၍ လှူခြင်း, တံတားတည်ဆောက်လှူဒါန်းခြင်း,ရေတွင်း ရေကန်အလှူ ကျောင်း, ဇရပ်, အရိပ်အာဝါသ အလှူ

၁။ ဓမ္မပဒ၊၄၀။(အသဒိသဝတ္ထု။)

များသည်လည်း ထာဝရ ဒါနပင် ဖြစ်လေသည်။ အမြဲ မတည်အရှည်မခံ ကုန်ခန်းလွယ်သော ဆွမ်းသင်္ကန်းစသော အလှူသည် အထာဝရဒါနမည်၏။ ထိုတွင် သစ်သီးအရံ ပန်းအရံစိုက်ပျိုးလှူဒါန်းသူ၊ တံတားလှူဒါန်းသူ ရေတွင်း ရေကန် ကျောင်း လှူသူတို့မှာ နေ့ရော ညဉ့်ပါထာဝရ ကုသိုလ် တိုးပွားရ၍ နတ်ပြည် သွားရကြောင်းဟု ဘုရားရှင် ဟောတော်မူသည်။

အာရာမရောပါ ဝန ရောပါ၊
ယေ ဇနာ သေတု ကာရကာ။
ပပဉ္စ ဥဒပါနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ။
တေသံ ဒိဝါစ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေဇနာ သဂ္ဂဂါမိနော။ ၁

ယေဇနာ၊ အကြင်သူတို့သည်။ အာရာမရောပါ၊ သစ်သီး အရံပန်းအရံကို စိုက်ပျိုးကြကုန်၏။ ဝနရောပါ၊ တောကို စိုက်ပျိုးကုန်၏။ သေတုကာရကာ၊ တံတားကို ခင်းလှူ ကြကုန်၏။ ပပဉ္စ၊ ရေအိုးစင်ကိုလည်းကောင်း။ ဥဒပါနဉ္စ၊ ရေတွင်းရေကန်ကို လည်းကောင်း။ ကရောန္တိ၊ ပြုကြကုန် ၏။ ယေဇနာ၊ အကြင်သူတို့သည်။ ဥပဿယံ၊ ဇရပ် တန်ဆောင်း ကျောင်းကန် အရိပ်အာဝါသကို။ ဒဒန္တိ၊ ဆောက်လုပ်လှူဒါန်း ကြကုန်၏။ တေသံ ဇနာနံ၊ ထိုသူ တို့အား။ ဒိဝါစ၊ နေ့အခါ၌ လည်းကောင်း။ ရတ္တောစ

၁။ သံ၊၁။၃၀-၃၁။

ညဉ့်အခါ၌လည်းကောင်း။ သဒ္ဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ကောင်းမှုသည်။ ပဝဍ္ဎတိ၊ တိုးပွား၏။ တေဇနာ၊ ထိုသူတို့သည်။ ဓမ္မဋ္ဌာ၊ တရား၌တည်ကြကုန်၏။ သီလသမ္ပန္နာ၊ သီလနှင့်ပြည့်စုံကုန်၏။ တေဇနာ၊ ထိုသူတို့သည်။ သဂ္ဂဂါမိနော၊ နတ်ပြည်သို့ သွားရောက်ကြကုန်၏။

ဆောင်။ ။သစ်သီးအရုံ၊ ပန်းမာလ်စိုက်ပြွား၊ တံတား အလှူ၊ ရေတွင်းလှူနှင့်၊ ကြည်ဖြူသဒ္ဓါ၊ရေကန် လှူသူ၊ ကျောင်းလှူသူကား၊ ငါးပါး အာရုံ၊ အဖုံဖုံ ပြည့်လျှံ၊ နတ်ပြည်စံသည်၊ ဘုန်းလျှံဇိန မိန့်ခွန်းတည်း။

နိစ္စဒါန, အနိစ္စဒါန

တနည်း ဒါနသည်—

၁။ နိစ္စဒါန

၂။ အနိစ္စဒါန အားဖြင့် ၂ ပါးအပြားရှိသည်။

ထိုတွင် အမြဲမပြတ်ဝတ်တည်၍ လှူခြင်းသည် နိစ္စဒါန မည်၏။ အစဉ်အမြဲမဟုတ်ပဲ ရံဖန်ရံခါ လှူဒါန်းခြင်းသည် အနိစ္စဒါနမည်၏။ ယင်း ၂-ပါးအနက် အနိစ္စဒါနထက် နိစ္စဒါနကပို၍ အကျိုးကြီးသည်။

အသင်္ခါရဒါန, သသင်္ခါရဒါန

တနည်း ဒါနသည်-

၁။ အသင်္ခါရဒါန

၂။ သသင်္ခါရဒါနအားဖြင့် ၂-ပါး အပြားရှိသည်။

ထိုတွင် သူတပါးတို့က မတိုက်တွန်း မနှိုးဆော်ရပဲ မိမိအလိုအလျောက် သဒ္ဓါပေါက်၍ လှူဒါန်းခြင်းသည် အသင်္ခါရဒါနမည်၏။ သူတပါးတို့ နှိုးဆော်တိုက်တွန်းသဖြင့် လှူဒါန်းခြင်းသည် သသင်္ခါရဒါနမည်၏။ ယင်း ၂-ပါးတွင် အသင်္ခါရဒါနသည် သသင်္ခါရဒါန ထက်မြတ်သည်။

မလှူခင်, လှူဆဲ, လှူပြီးတို့၌ ကုသိုလ်စေတနာ ခိုင်ခံ့ဝမ်းမြောက် ဒါနပြုစဉ် ဉာဏ်နှင့်လည်းယှဉ်, မတိုက်တွန်းပဲ လည်းလှူသည့် သောမနဿ သဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရ(အသင်္ခါရိက)ဒါန (ကုသိုလ်)သည် အလွန်လျှင် အထက်တန်းကျသော တိဟိတ် ဥက္ကဋ္ဌကုသိုလ်ပေါ်သည်။ ယင်းကုသိုလ်ကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြန်ပါမူ အလွန်အမင်း မြင့်မြတ်လေတော့သည်။ ဒါနပြုလျှင် ယင်းတိဟိတ် ဥက္ကဋ္ဌကုသိုလ်ဖြစ်အောင် ကြိုးစားရာ၏။

ဇာနဒါန, အဇာနဒါန

တနည်းဒါနသည်-

၁။ ဇာနဒါန

၂။ အဇာနဒါန အားဖြင့် ၂-ပါး အပြားရှိသည်။

ထိုတွင် ဒါန၏အကျိုးကို ဉာဏ်ဖြင့်ပိုင်ပိုင် မိမိသိ၍ လှူဒါန်းခြင်းသည် ဇာနဒါနမည်၏။ ဒါန၏အကျိုးကို ဉာဏ်ဖြင့်မသိပဲ လှူဒါန်းခြင်းသည် အဇာနဒါနမည်၏။

ထိုဘွင် ဇာနဒါနသည် အဇာနဒါနထက် မနှိုင်းယှဉ်နိုင် အဆများစွာ သာလွန်သည်။ ဘုရားရှင်က ဇာတိဝိုတ်ပါဠိ တော်ဒါနသုတ်၌ သတ္တဝါများဟာ ဒါန၏အကျိုးကို ငါဘုရားသိသလို သိကြလျှင် မလှူပဲ မစားကြကုန်ရာ စသည်ဖြင့် ဟောတော်မူသည်။

ဓမ္မဒါန, အဓမ္မဒါန

တနည်း ဒါနသည်—

၁။ ဓမ္မဒါန

၂။ အဓမ္မဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် တရားနှင့်လျော်ညီသော လှူအပ် လှူသင့် လှူထိုက်သော ထမင်းအဖျော် စသည်ကို လှူဒါန်းခြင်းသည် ဓမ္မဒါန မည်၏။ တရားနှင့်မကိုက်ညီသော သေရည်အရက် လက်နက်စသည်ကို လှူဒါန်းခြင်းသည် အဓမ္မဒါနမည်၏။

အဓမ္မဒါန ၅-ပါး

မလှူကောင်းသော ယင်း အဓမ္မဒါနသည်—

(၁) မဇ္ဇဒါန=သေအရက် ဘိန်း ဆေးခြောက် စသော အလှူ

(၂) သမဇ္ဇဒါန=ဇာတ် ရုပ်သေး အငြိမ့် ပွဲလမ်း သဘင် အဆိုအတီး ကချေသည် အလှူ

၁။ အကျယ် ဇာတိဝိုတ်။ ၂၀၇-ကြည့်။

(၃) ဣတ္တိဒါန=ကာမဂုဏ်ကိစ္စအတွက် အလိုဖြည့်စေရန် မိန်းမ အလှူ။
(၄) ဥသဘဒါန=နွားမများအလယ်ထယ်ဝါခြင်နှင့်ညားသော နွားလားနွားသိုး အလှူ။
(၅) စိတ္တကမ္မဒါန=ကြည့်လိုက်လျှင် ကာမဂုဏ်စိတ်ကို နှိုးဆွတတ်သော ဆန်းကြယ်လှပစွာပြုလုပ်ထားသော ပန်းချီကားချပ် အလှူ။ အားဖြင့် ၅-ပါးဖြစ်သည်။ ယင်း ၅-မျိုးကို မလှူကောင်း။

ဆောင်။ ။သေ, ပွဲ, မိန်းမ၊ ဥသဘနှင့်၊ စိတ္တကမ္မ၊ ဤငါးဝ၊ မှုချမလှူရာ။

ဓမ္မိကဒါန, အဓမ္မိကဒါန ၆-ပါး

ကနည်း ဒါနသည်-
၁။ ဓမ္မိကဒါန
၂။ အဓမ္မိကဒါန အားဖြင့် ၂ ပါး အပြားရှိသည်။

ထိုတွင် တရားနှင့်အညီ ရည်မှန်းရာဖြစ်သော ပုဂ္ဂိုလ်သံဃာ, စေတီတို့အား လှူဒါန်းခြင်းသည် ဓမ္မိကဒါန၊ တရားနှင့်မညီ ရည်မှန်းယင်းမှ ပြောင်းလွဲ၍ လှူဒါန်းခြင်းသည် အဓမ္မိကဒါန မည်၏။

၁။ ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနံ။ ပရိဝါ၊ ၃၂၁။

အဝမ္မိကဒါနအပြား

ထို ၂-ပါးတွင် အဝမ္မိကဒါနသည်-

(က) ဤသံဃာအား ညွှတ်ပြီးသော ပစ္စည်းဝတ္ထုကို

(၁) အခြားသံဃာ (၂) စေတီ (၃) ပုဂ္ဂိုလ်အား ပေးလှူခြင်း၊

(ခ) ဤစေတီအား လှူရန်ညွှတ်ပြီးသော ပစ္စည်းဝတ္ထုကို

(၁) အခြားစေတီ (၂) သံဃာ (၃) ပုဂ္ဂိုလ်အား ပေးလှူခြင်း။

(ဂ) ဤပုဂ္ဂိုလ်အား ပေးလှူရန် ညွှတ်ပြီး ပစ္စည်းဝတ္ထုကို

(၁) အခြားပုဂ္ဂိုလ် (၂) သံဃာ (၃) စေတီအား ပေးလှူခြင်းအားဖြင့် ၉-ပါး ဖြစ်လေသည်။[၁] မူလကဓမ္မိကဒါနဖြစ်ရန် စီစဉ် စိတ်ကူးပြီး ဖြစ်သော်လည်း ကြားဝင်သည့် ပုဂ္ဂိုလ်များကြောင့် အဓမ္မိကဒါနဖြစ်တတ်သည် သတိပြုရာ၏။

သာဝဇ္ဇဒါန, အနဝဇ္ဇဒါန

တနည်း ဒါနသည်-

၁။ သာဝဇ္ဇဒါန

၂။ အနဝဇ္ဇဒါနအားဖြင့် ၂-ပါးအပြားရှိသည်။

၁။ ဝိ၊ ဋ္ဌ၊ ၄။ ၁၈၁။ (ပရိဝါ နဝကဝါရဝဏ္ဏနာ)

ထိုတွင် ကြက်ဝက်သား ငါး ကျွဲ နွား အစရှိသော သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲ၍ ပေးလှူခြင်းသည် သာဝဇ္ဇဒါန မည်၏။ သူ့အသက်သတ်ခြင်း ညှဉ်းပန်းနှိပ်စက်ခြင်းမပါ အပြစ်ကင်းစွာ ပေးလှူခြင်းသည် အနဝဇ္ဇဒါန မည်၏။

အို သူတော်စင်... သင်သည် သာဝဇ္ဇဒါနကို ရှောင်၍ အနဝဇ္ဇဒါနကို လှူဒါန်းရာ၏။ သာဝဇ္ဇဒါန ပြုသူများ သားသမီး ဇနီး သို့မဟုတ် မိမိကိုယ်တိုင် ပျက်စီးရသည်နှင့် ကြုံရတတ်သည်။ ကုသိုလ်ကတပဲ ငရဲတပိုသာ ဟူသကဲ့သို့ ဖြစ်တတ်သည်။

အဂ္ဂဒါန, ဥစ္စိဋ္ဌဒါန

တနည်း ဒါနသည်—

၁။ အဂ္ဂဒါန

၂။ ဥစ္စိဋ္ဌဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် အဦးအဖျားအမွန်ထား၍ လှူခြင်းသည် အဂ္ဂဒါနမည်၏။ မိမိစားကြွင်းစားကျန်ကို ပေးလှူခြင်းသည် ဥစ္စိဋ္ဌဒါနမည်၏။ သီဟိုဠ်ကျွန်း သာသနာသက္ကရာဇ် ၃၈၃-၄၀၇-တွင် နန်းတက်သော မဟာစေတီတော် ဒါယကာ ဒုဋ္ဌဂါမဏိမင်းသည် ဦးဦးဖျားဖျား လှူဒါန်းပြီးမှသာ စားတော်ခေါ်လေ့ရှိသည်၊ တခါတွင် ဦးဦးဖျားဖျား မလှူပဲ ငရုတ်သီးတတောင့် စားမိသည့်အတွက် မရိစဝဋ္ဋိ

စေတီတော်နှင့် မရိစဝဋ္ဋိကျောင်းတိုက်ကြီးတည်၍ မိမိကိုယ်ကို ဒဏ်ထားသောဟူ၏။[၁]

ကောက်ဦး အလှူသည်လည်း အဂ္ဂဒါနတွင် ပါဝင်သည်၊ ယင်းကောက်ဦး လှူရကျိုးသည် ရှစ်မျိုးရှိကြောင်း အောက်ပါ ဆောင်ပုဒ်ဖြင့် သိရာ၏။

ဆောင်။ ။စည်းစိမ်ကြီးမား၊ ခြွေရံများ၏၊ ပယ်ရှားရန်ဘေး၊ ရုပ်သွေးလှပ။ ခနုပြန့်ပြော၊ မြဲသောရံခြွေ၊ ရှိသေညွတ်ကြ၊ လာဘ်ဦးရသည့်၊ အဋ္ဌကောက်ဦး လှူကျိုးတည်း။ (အဋ္ဌအဂ္ဂဒါနအကျိုးတည်း)

ဉာဏသမ္ပယုတ္တဒါန, ဉာဏဝိပ္ပယုတ္တဒါန

တနည်း ဒါနသည်–

၁။ ဉာဏသမ္ပယုတ္တဒါန

၂။ ဉာဏဝိပ္ပယုတ္တဒါန အားဖြင့် ၂-ပါး အပြားရှိသည်။

ထိုတွင် ကံ ကံ၏ အကျိုးကိုယုံကြည်၍ အသိဉာဏ်နှင့် ယှဉ်လျက် လှူဒါန်းခြင်းသည် ဉာဏသမ္ပယုတ္တဒါနမည်၏။ ကံ ကံ၏ အကျိုးကို မယုံကြည်ပဲ အသိဉာဏ် ကင်းလျက် အတုအပ လှူဒါန်းခြင်းသည် ဉာဏဝိပ္ပယုတ္တဒါနမည်၏။

၁။ တသ္မိံ ဒက္ခိဏကမ္မံ မေ၊ ဘဝတူတိ အကာရယိ။
သစေတိယံ မရိစဝဋ္ဋိ-ဝိဟာရံ သုမနောဟရံ။ မဟာဝံသ။ ၃၆၊ ၁၄

အို သူတော်စင် သင်သည် ဉာဏ်နှင့်ယှဉ်ပြီး ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်အောင် ကြိုးပမ်းရာ၏၊ ယင်းသို့ ဉာဏ်ယှဉ်မှု တိဟိတ်ကုသိုလ်ဖြစ်သည်၊ ဉာဏ်မရှိ ဉာဏ်မယှဉ်လျှင်ကား ဒွိဟိတ်ကုသိုလ် ဖြစ်လိမ့်မည်။ ဒါနမပြုခင် ပြုပြီးနောက် လောဘ ဒေါသ စသော အကုသိုလ်များ မခြံရံပဲ ကုသိုလ်စိတ်များ ခြံရံလျှင် ထိုတိဟိတ် ကုသိုလ်သည် သာလွန်မြင့်မြတ် ဥက္ကဋ္ဌဖြစ်သည်။ အကုသိုလ် ခြံရံလျှင် တိဟိတ်ဩမက ဖြစ်သည်။ ဉာဏ်နှင့်မယှဉ်သည့် ဉာဏဝိပ္ပယုတ် ကုသိုလ်ကား ဒွိဟိတ်ကုသိုလ်ဟု ခေါ်သည်။ လောဘ, ဒေါသ စသည်ခြံရံပြန်လျှင် ဒွိဟိတ်ဩမက ဖြစ်သည်။

ဆောင်။ ။ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊
တိဟိတ်ကုသိုလ်ခေါ်။
ရှေ့နောက်နှစ်ရပ်၊ ကုသိုလ်ညှပ်၊ ဥက္ကဋ္ဌဆင့်ရှိခေါ်။
ကုသိုလ်ပြုစဉ်၊ ကံကျိုးမမြင်၊ ဉာဏ်မယှဉ်၊ ထိုပြင် ဒွိဟိတ်ခေါ်။
ရှေ့နောက်နှစ်တန်၊ အကုခြံ၊ တတန်ဩမကခေါ်။

သောမနဿဒါန, ဥပေက္ခာဒါန

တနည်း ဒါနသည်–

၁။ သောမနဿဒါန

၂။ ဥပေက္ခာဒါန အားဖြင့် ၂ ပါး အပြားရှိသည်။

ထိုတွင် စိတ်နေရှင်လန်း ဝမ်းမြောက်ဝမ်းသာ လှူဒါန်းခြင်းသည် သောမနဿဒါန မည်၏။ ဝမ်းလည်းမသာ ဝမ်းလည်းမနည်းအလယ်အလတ်အားဖြင့် လှူဒါန်းခြင်းသည် ဥပေက္ခာဒါန မည်၏။ ထိုတွင် သောမနဿဒါန ဖြစ်အောင် ကြိုးပမ်းရာ၏။ အလှူဒါန ပြည့်စုံခြင်းမှာ အလှူခံပုဂ္ဂိုလ်များ တွေ့မြင်လျှင် မျက်နှာအဆင်းကြည်လင်ရသည်၊ ဝမ်းမြောက်ရသည်။ ပေးလှူပြီးလျှင်လည်း ဝမ်းမြောက်ရသည်။

> ယဿ ယာစနကေ ဒိသွာ၊ မုခဝဏ္ဏော ပသီဒတိ။ ဒတွာ အတ္တမနော ဟောတိ၊ သော ယညဿ သမ္ပဒါ။[၁]

ယဿ၊ အကြင်အလှူ့ရှင်၏။ ဝါ၊ အကြင်အလှူ့ရှင်အား။ ယာစနကေ၊ အလှူခံပုဂ္ဂိုလ်တို့ကို၊ ဒိသွာ၊ မြင်၍။ ဝါ၊ မြင်ခြင်းကြောင့်။ မုခဝဏ္ဏော၊ မျက်နှာအဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။ ဒတွာ၊ ပေးလှူ၍။ အတ္တမနော၊ ဝမ်းမြောက်သည်၊ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုအလှူရှင်၏။ သော၊ ဤအလှူခံကိုမြင်၍ ကြည်လင်ခြင်း လှူပြီး ဝမ်းမြောက်ခြင်းသည်။ ယညဿ၊ အလှူဒါန၏။ သမ္ပဒါ၊ ပြည့်စုံခြင်းမည်၏။

၁။ ဝိမာနဝတ္ထု။ ၁၅၀။

ဓမ္မိယဒါန, အဓမ္မိယဒါန

တနည်း ဒါနသည်—

၁။ ဓမ္မိယဒါန

၂။ အဓမ္မိယ ဒါနအားဖြင့် ၂ ပါး အပြားရှိသည်။

ထိုတွင် တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းကို လှူဒါန်းခြင်းသည် ဓမ္မိယဒါန မည်၏။ တိုက်ခိုက် ခိုးဝှက် လုယက်မှုဖြင့် မတရား ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် အဓမ္မိယဒါန မည်၏။ ဓမ္မိယဒါနဖြစ်အောင် ကျင့်ဆောင်ရာ၏။

ဒါသဒါန, ဘုဇိဿဒါန

တနည်း ဒါနသည်-

၁။ ဒါသဒါန

၂။ ဘုဇိဿဒါန အားဖြင့် ၂-ပါး အပြားရှိသည်။

ထိုတွင် တဏှာသခင် အရှင့်အကြိုက်လိုက်၍ တဏှာ၏ ကျွန်အဖြစ်ဖြင့် လောကီချမ်းသာကို လိုလား တောင့်တ၍ လှူဒါန်းခြင်းသည် ဒါသဒါန မည်၏။ တဏှာ့အလိုမလိုက်ပဲ အရှင်သခင်ကို တော်လှန်သူ အဖြစ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရည်သန်တောင့်တ၍ လှူဒါန်းခြင်းသည် ဘုဇိဿဒါန မည်၏။ အို သူတော်စင်....သင်သည် မဂ်ဖိုလ်နိဗ္ဗာန် တောင့်တ၍ ဘုဇိဿဒါန အဖြစ်ဖြင့် လှူဒါန်းရာ၏။

နိဗဒ္ဓဒါန, အနိဗဒ္ဓဒါန

တနည်း ဒါနသည်—

၁။ နိဗဒ္ဓဒါန

၂။ အနိဗဒ္ဓဒါန အားဖြင့် ၂ ပါးအပြားရှိသည်။

ထိုတွင် နေ့စဉ်မပြတ် ဆွမ်းလောင်းခြင်းစသည်ဖြင့် လှူဒါန်းခြင်းသည် နိဗဒ္ဓဒါနမည်၏။ နေ့စဉ်မဟုတ်ပဲ တတ်နိုင်သည့်အခါ လှူဒါန်းခြင်းသည် အနိဗဒ္ဓဒါနမည်၏။

ပရာမဋ္ဌဒါန, အပရာမဋ္ဌဒါန

တနည်း ဒါနသည်—

၁။ ပရာမဋ္ဌဒါန

၂။ အပရာမဋ္ဌဒါန အားဖြင့် ၂-ပါး အပြားရှိသည်။

ထိုတွင် တဏှာဒိဋ္ဌိတို့ဖြင့် မှားမှား ယွင်းယွင်း သုံးသပ်လျက် လှူဒါန်းခြင်းသည် ပရာမဋ္ဌဒါနမည်၏။ တဏှာဒိဋ္ဌိတို့ဖြင့် မှားမှားယွင်းယွင်း မသုံးသပ်ပဲ လှူဒါန်းခြင်းသည် အပရာမဋ္ဌဒါန မည်၏။ ယင်း ၂-ပါးတွင် အပရာမဋ္ဌဒါန ဖြစ်အောင် ကျင့်ဆောင်ရာ၏။

ဆောင်။ ။အပရာမဋ္ဌဒါနဖြစ်အောင် သတိဆောင် အမောင်
အမိ ကျင့်ပါလေ။

ဥစ္စိဋ္ဌဒါန, အနုဒ္ဒိဋ္ဌဒါန

တနည်း ဒါနသည်-

၁။ ဥဒ္ဒိဋ္ဌဒါန

၂။ အနုဒ္ဒိဋ္ဌ ဒါန အားဖြင့် ၂-ပါး အပြားရှိ သည်။

ထိုတွင်အကြွင်းအကျန်အညံ့ အဖျင်းဖြစ်သောပစ္စည်းဝတ္ထု ကိုလှူဒါန်းခြင်းသည် ဥဒ္ဒိဋ္ဌဒါန မည်၏။ အကြွင်းအကျန် အညံ့အဖျင်းမဟုတ်သော ပစ္စည်းဝတ္ထုကို လှူဒါန်း ခြင်း သည် အနုဒ္ဒိဋ္ဌဒါနမည်၏။

သဇီဝဒါန, အစ္စယဒါန

တနည်း ဒါနသည်-

၁။ သဇီဝဒါန

၂။ အစ္စယဒါန အားဖြင့် ၂ ပါး အပြားရှိသည်။

ထိုတွင် မိမိအသက်ဝိညာဉ် ရှင်စဉ်ကာလ၌ လှူဒါန်း ခြင်းသည် သဇီဝဒါန မည်၏။ ငါ ကွယ်လွန်ပြီးနောက် ငါ၏ပစ္စည်းကို သင်အား ပေးလှူပါ၏၊ ဤသူအား ပေး လှူပါ၏ အလိုရှိသလို ယူ၍ သုံးဆောင်ရစ်ကြပေလော့ဟု မှာထား ပြောဆိုကာ သေလွန်ပြီးချိန် အခါကို ရည်မှန်း ၍ လှူဒါန်းခြင်းသည် အစ္စယဒါန မည်၏။ ထိုတွင်အစ္စယ ဒါနသည် လူများမှာသာ အပေးအယူမြောက်၍ ရဟန်း တော်များမှာ အပေးအယူ မမြောက်။

ပုဂ္ဂလိကဒါန, သံဃိကဒါန

တနည်း ဒါနသည်—

၁။ ပုဂ္ဂလိက ဒါန

၂။ သံဃိကဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် သီခြားပုဂ္ဂိုလ်အား သတ်မှတ် ပိုင်းခြား၍ လှူခြင်းသည် ပုဂ္ဂလိကဒါန မည်၏။ အများသံဃာအားရည်ရွယ် သတ်မှတ်၍ လှူဒါန်းခြင်းသည် သံဃိကဒါန မည်၏။ ထိုတွင် သံဃိကဒါနသည် ပုဂ္ဂလိကဒါနထက် အဆပေါင်းများစွာ သာလွန် မွန်မြတ်သည်။ စင်စစ်ကား ဒါန အားလုံးတွင် အမြတ်ဆုံးဖြစ်သည်။

အဂ္ဂိဟုတ္တမုခါယညာ၊ သာဝိတ္တီဆန္ဒသော မုခံ။
ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။
နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ ။
ပုညံ အာကင်္ခမာနာနံ၊ သံဃော ဝေ ယဇတံ မုခံ။[၁]

ကေဏိယ၊ ကေဏိယရသေ့။ ယညာ၊ ယဇ်ပူဇော်ခြင်းတို့သည်။ အဂ္ဂိဟုတ္တမုခါ၊ မီးပူဇော်ခြင်းလျှင် အဦး ပဓာန ရှိကုန်၏။ သာဝိတ္တီ၊ သာဝိတ္တိဂါထာသည်။ ဆန္ဒသော၊ ဝေဒကျမ်း၏။ မုခံ၊ အဦးအစ ပဓာနတည်း။ ရာဇာ၊ မင်းသည်။ မနုဿာနံ၊ လူတို့၏။ မုခံ၊ အမြတ်ပဓာနတည်း။ သာဂရော၊ သမုဒ္ဒရာသည်။ နဒီနံ၊ မြစ်တို့၏။ မုခံ၊ အဦး ပဓာနတည်း။

၁။ မ၊၂။၃၅၃။ သုတ္တနိ။ ၇၇၀ (သေလသုတ်)။

စန္ဒော၊ လမင်းသည်။ နက္ခတ္တာနံ၊ နက္ခတ်တို့၏။ မုခံ၊ အဦး ပဓာန အမြတ်တည်း။ အာဒိစ္စော။ နေမင်းသည်။ တပတံ၊ အရောင်တို့၏။ မုခံ၊ အဦး ပဓာန အမြတ်တည်း။ သံဃော၊ ရှစ်ဖော်အရိယာ သံဃာတော်သည်။ ပုညံ၊ ကောင်းမှုကို။ အာကင်္ခမာနာနံ၊ အလိုရှိကြကုန်သော။ ယဇတံ၊ ပူဇော်လှူဒါန်းသူတို့၏။ မုခံ၊ ကောင်းမှုဖြစ်ကြောင်း အကောင်းဆုံး အမြတ်ဆုံးတည်း၁။

သို့ဖြစ်၍ ကုသိုလ်ပုညများစွာ ရအောင် သံဃာအား လှူဒါန်းရာ၏၊ သံဃာအား လှူလျှင် ဘုရားရှင်အား လှူဒါန်းရာ ရောက်လေသည်။

ကာလဒါန, အကာလဒါန

တနည်း ဒါနသည် -

၁။ ကာလဒါန

၂။ အကာလဒါန အားဖြင့် ၂-ပါးအပြားရှိသည်။

ထိုတွင် အချိန်အခါနှင့် တိုက်ဆိုင်ကိုက်ညီအောင် စီမံပြုလုပ်၍ ဝါဆိုသင်္ကန်း လှူဒါန်းခြင်း, ကထိန်သင်္ကန်းလှူဒါန်းခြင်း, မမာမကျန်းသောရဟန်း, အာဂန္တုကရဟန်း, ခရီးသွားသောရဟန်းတို့အား သင့်သလို လှူဒါန်းခြင်း, ငတ်မွတ် ခေါင်းပါး အစာရှားရာအခါ လှူဒါန်းခြင်း

၂။ ကေဏိယရသေ့အား ဟောတော်မူသည့် ၂-ဂါထာ။
၃။ မ၊ ၃။ ၂၉၆။

ကောက်ဦးအလှူသည် ကာလဒါနမည်၏။ အချိန်အခါကို မရွေးချယ်ပဲ တိုက်ဆိုင် ညီညွတ်သည်ဖြစ်စေ မတိုက်ဆိုင် မညီညွတ်သည်ဖြစ်စေ လှူဒါန်းလိုသောအခါ လှူဒါန်း ခြင်းသည်၊ အကာလ ဒါနမည်၏။ ကာလဒါနအကျိုးလည်း ကြီးပါသည် နိဗ္ဗာန်မရမီ လူ့ဘုံ, နတ်ဘုံ၌ ဖြစ်ရပြီး ချမ်း သာကြွယ်ဝခြင်း, အရွယ်ကောင်းတုံး ပထမအရွယ်ကစပြီး အကျိုးပေးတတ်သည်။[၁]

ပစ္စက္ခဒါန, အပစ္စက္ခဒါန

တနည်း ဒါနသည်–

၁၊ ပစ္စက္ခဒါန

၂။ အပစ္စက္ခဒါနအားဖြင့် ၂ ပါးအပြားရှိသည်။

ထိုတွင် မျက်မှောက်၌ လှူဒါန်းခြင်းသည် ပစ္စက္ခဒါန မည်၏။ မျက်ကွယ်၌ လှူဒါန်းခြင်းသည် အပစ္စက္ခဒါန မည်၏။

ဒါနကို မပြတ်ပြုပါ

အို သူတော်စင် ဒါနကို မပြတ်ပြုပါ နေ့စဉ် ဘုရားရှင် အား ဆွမ်းတော်, ပန်းတော်, ရေချမ်းတော်, မီးတော် စသည်တို့ကို သက်တော်ထင်ရှား ဘုရားရှင်ကို ရည်မှန်း၍ အိမ်ဦး၌ ကိုးကွယ်၍ထားသော ဥဒ္ဒိဿစေတီတော် စသည် အားလှူပါ, အထူးသဖြင့် အလှူခံကြွလာ၍ အလှူခံ

၁။ အံ၊ ၃။ ၃၅။ အံ့၊ ၂၊ ၁၅၂။ အံ၊ ၄၊ ၃။ ၅၃-ကြည့်။

လျှင် နည်းများမဟူ ပေးလှူပါ အလှူခံ ပုဂ္ဂိုလ်များကို မောက်မောက်မာမာ မပြောမလျှောက်လေလင့် ယဉ်ကျေး ပြောဆို လျှောက်ထားပါ။

ယဉ်ကျေးစေတတ်, အကျိုးပြီးစေတတ်
မျက်နှာပန်း ပွင့်စေတတ်သောအရာ

ဒါနသည် ရိုင်းသူကို ယဉ်ကျေးစေ, အကျိုးအားလုံး ကို ပြီးစေတတ်, မျက်နှာပန်း ပွင့်စေတတ်သော အရာ ဖြစ်လေသည်။

အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။

ဒါနံ၊ ပေးကမ်း လှူဒါန်း ခြင်းသည်။ အဒန္တဒမနံ၊ မယဉ်ကျေးသူကို ယဉ်ကျေးစေတတ်၏၊ သဗ္ဗတ္ထသာဓကံ၊ အလုံးစုံသော အကျိုးကို ပြီးစေတတ်၏။ ဒါနေန၊ ပေး ကမ်းလှူဒါန်းခြင်းဖြင့် လည်းကောင်း။ ပိယဝါစာယ၊ ချစ် ဖွယ်စကား ပြောကြားခြင်းဖြင့်လည်းကောင်း။ ဒါယကာ၊ ပေးလှူသူတို့သည်။ ဥန္နမန္တိ၊ မျက်နှာပန်းပွင့် ကြီးမြင့်တတ် ကုန်၏၊ ပဋိဂ္ဂါဟကာ၊ ခံယူတတ်သူတို့သည်။ နမန္တိစ၊ ပေး လှူသူ အလှူ့ရှင်သို့ ဆောလျင်မကြာ ညွတ်လာတတ်ကြ ကုန်၏[၁]။

၁။ ကဝိဒပ္ပဏ၊ ၂၆၄-ဂါထာကြည့်။

၃-ပါးတွဲဒါန = အာမိသဒါန, အဘယဒါန, ဓမ္မဒါန

တနည်း ဒါနသည်-

၁။ အာမိသဒါန

၂။ အဘယဒါန

၃။ ဓမ္မဒါန အားဖြင့် ၃-ပါး အပြားရှိသည်။ ထိုတွင် ဆွမ်းသင်္ကန်း ကျောင်း ဆေးလေးပါးသော ပစ္စည်းကို ပေးလှူခြင်းသည် အာမိသဒါန မည်၏။ သတ္တဝါ အပေါင်းတို့အား မသတ်ရ၊ ဘေးမဲ့ပေးခြင်းသည် အဘယဒါနမည်၏။ မီးတဆယ့်တတန် ငြိမ်းရာမှန်သည့် နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ဖြစ်သော ဒါန, သီလ, သမထ, ဝိပဿနာ အကျင့်တို့ကို ကိုယ်တိုင်ကျင့် သုံးခြင်း, သူတပါးတို့အား ဟောကြား ဆုံးမခြင်းသည် ဓမ္မဒါနမည်၏။ [၁] ယင်း ၃-ပါးတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်သည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

ဓမ္မဒါနံ၊ တရားအလှူသည်။ သဗ္ဗဒါနံ၊ အလုံးစုံသော အလှူကို။ ဇိနာတိ၊ အောင်၏။ ဓမ္မရသော၊ တရားအရ

၁။ စရိယာ၊ ဋ္ဌ၊ ၂၉၅။ ဓမ္မပဒ။ ၆၄။ (သက္ကပဉှဝတ္ထု၊)

သာသည်။ သဗ္ဗရသံ၊ အလုံးစုံသောအရသာကို၊ ဇိနာတိ၊ အောင်၏။ ဓမ္မရတိ၊ တရားဖြင့် မွေ့လျော်ခြင်းသည်။ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်ခြင်းကို။ ဇိနာတိ၊ အောင်၏။ တဏှက္ခယော၊ တဏှာကုန်ရာ အရဟတ္တဖိုလ်သည်။ သဗ္ဗဒုက္ခံ၊ အလုံးစုံသောဆင်းရဲကို။ ဇိနာတိ၊ အောင်၏။

ဩဇဒါန, ပါနဒါန, ဇီဝိတဒါန

တနည်း ဒါနသည် -

၁။ ဩဇဒါန

၂။ ပါနဒါန

၃။ ဇီဝိတဒါန အားဖြင့် ၃ -ပါးအပြားရှိသည်။

ထိုတွင် အသီအစေးဩဇာရှိသော ထောပတ်ဆီဦးအစ ရှိသည်ကို ပေးလှူခြင်းသည် ဩဇဒါနမည်၏။ သပြေသီးအဖျော်, သက်သီးအဖျော်, မုဒရက်သီးအဖျော်, ဖက်သက်သီးအဖျော်, မယ်ဇယ်သီးအဖျော်, တောင်ငှက်ပျောအဖျော်, အိမ်ငှက်ပျောအဖျော် ကြာစွယ်အဖျော်ဟူသော အဖျော်ရှစ်မျိုးပေးလှူခြင်းသည် ပါနဒါနမည်၏။ ၁ဤအလှူသည် ကားငါ့၏ အသက်အလှူပေတည်းဟု နှလုံးသွင်းဆင်ခြင်၍

၁။ ယခုခေတ် ဘိလပ်ရေ, ကြံရည်, မန်ကျည်းဖျော်ရေ စသည်တို့သည်လည်း အနုလောမအဖျော်တို့ဖြစ်၍ ပါနပင် ဖြစ်သည်။

စာရေးတံမဲလိပ်ဖြင့် မဲကျရာပေးလှူခြင်း, လဆန်း, လဆုတ်ရက်များတွင် သင့်ရာရက်တို့၌ ပေးလှူခြင်း, မကျန်းမာသူများအတွက် သမားတော်ခေါ်ပေးခြင်း, ပိုက်ကွန်မြှုံးငှက်လှောင်ချိုင့် အနှောင်အဖွဲ့မိနေသော သတ္တဝါတို့ကို လွှတ်စေခြင်း, သားငါး မသတ်ရဟု အမိန့်ထုတ်စည်လည်မောင်းခတ်စေခြင်း, သတ္တဝါများ အဆက်ဘေးမှလုံခြုံရေးအတွက် အမှုကိစ္စအဝဝကို ကိုယ်တိုင် ပြုလုပ်ခြင်း သူတပါးတို့ကို ပြုလုပ်စေခြင်းသည် ဇီဝိတဒါနမည်၏[၁]။

ဒါနဒါသ, ဒါနသဟာယ, ဒါနပတိ

တနည်း ဒါနသည်-

၁။ ဒါန ဒါသ

၂။ ဒါနသဟာယ

၃။ ဒါနပတိ အားဖြင့် ၃-ပါး အပြားရှိသည်။

ထိုတွင် လှူဖွယ်ဝတ္ထုလျှင် အာရုံရှိသော တကျော၏ ကျေးကျွန်ဖြစ်၍ မိမိသုံးဆောင်သလောက် မကောင်းပဲ ညံ့ဖျင်းသော ပစ္စည်းကို ပေးလှူခြင်းသည် ဒါနဒါသမည်၏။ လှူဖွယ်ဝတ္ထုလျှင် အာရုံရှိသော တကျော၏ အသင်းအပင်း သဟာယ်ချင်းဖြစ်၍ မိမိအသုံးအဆောင်နှင့် အဆိုးအကောင်း အယုတ်အမြတ်တူညီသော ပစ္စည်းကို ပေးလှူခြင်းသည် ဒါနသဟာယမည်၏။ အလှူဝတ္ထုလျှင်

၁။ စရိယာ၊ဋ္ဌ။၃၀၀။ သီ၊ဋီ၊သစ်၊၁။၂၇၇။

အာရုံရှိသောတဏှာကို လွှမ်းမိုးအုပ်စိုးနိုင်သည်ဖြစ်၍ မိမိအသုံးအဆောင်ထက် ပိုမိုကောင်းမွန်သော ပစ္စည်းကို ပေးလှူခြင်းသည် ဒါနပတိ မည်၏။ ဒါနပတိ ဒါနဇေဋ္ဌက ဟု ခေါ်သည်။[၁]

ဒါနပတိဖြစ်အောင် ပေးလှူပါ

အို သူတော်ကောင်း သင်သည် ဒါနပတိဖြစ်အောင် ပေးလှူပါ၊ ယင်းသို့ ဒါပတိဖြစ်အောင် ပေးလှူနိုင်လျှင် နိဗ္ဗာန်မရမ်ကြားကာလ လူ့ပြည် နတ်ပြည် ကျင်လည်ခိုက် အောက်တန်းစားမဖြစ်ဲ အထက်တန်းက ချည်းဖြစ်ရမည် ဖြစ်သည်။ ရှေးအတိတ်က မဟာဝိဇိတမင်း, သိန္ဓဝတိုင်း, သောဝိဝါကတိုင်းတို့ကို အစိုးရသော သိဝိမင်း, သီဟစစ်သေနာပတိ, ရောရုဝမြို့သား အသာယုသာဌေးကြီး, မဏ္ဍာဗျသူကြွယ်၏ မိဘဘိုးဘွားများ, ရာဇဂြိုဟ်နန္ဒိယဥပါသကာစသူတို့သည် ဒါနပတိဖြစ်အောင် လှူခဲ့ကြသည်။ ဘုရားအလောင်းတော်သည်လည်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဒါနပတိဖြစ်အောင် လှူတော်မူခဲ့သည်။ အိုသူတော်စင်....သင်သည် ကောင်းသောလမ်းစဉ်ကိုလိုက်ပါ။ လမ်းကောင်းလျှောက်ပါ။ လမ်းမှန်သွားပါလေ။

ဆောင်။ ။အိုသူတော်စင်၊ သောတဆင်လော့၊ သံသရာ
ပြင်၊ လွန်လျှင်ကျယ်ပြော၊ စိတ်မောဖွယ်
တည်း၊ ဘုန်းကြွယ်မြတ်စွာ၊ သာသနာနှင့်

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၂၆၆၊ သံ၊ ဋ္ဌ၊ ၁၊ ၂၀၅။ အံ၊ ဋ္ဌ၊ ၃။ ၂၀။ ဇာ၊ ဋ္ဌ၊ ၄။

၃၄။

သမ္မာကမ္မ၊ ထောက် ပင့်မသဖြင့်၊ မုချတိုက်
ဆိုက်၊ ကြုံကြိုက်ရ၍။ အလိုက်သိကာ၊ ဒါန
သီလ၊ ဘာဝနာမှု၊ ပြုစုလေပါ၊ ဒါနဟူသည်၊
သယမ္ဘူလောင်း၊ သူတော် ကောင်းတို့၊
နှစ်ထောင်း ဝမ်းသာ၊ ပြုခဲ့ပါ၏၊ ဒါနပတိ၊
ဖြစ်ကြီးဖြစ်က၊ ဘဝတိုင်းမှာ၊ ထိပ်ကသာတည်း၊
သို့တာသို့တွက်၊ သို့အချက်ကြောင့်၊ ဆက်ဆက်
မှန်စွာ၊ ဒါနပတိ၊ သတိမကွာ၊ ပြုလုပ်ပါရန်၊
တိုက်တွန်း ပန်သည်၊ ကေန် ကောင်းသည့်
လမ်းစဉ်တည်း။

သံဃနိဒ္ဒသံဃဒါန, စေတိယနိဒ္ဒစေတိယဒါန
ပုဂ္ဂလနိဒ္ဒ ပုဂ္ဂလဒါန

တနည်း ဒါနသည်-

၁။ သံဃနိဒ္ဒသံဃဒါန

၂။ စေတိယနိဒ္ဒစေတိယဒါန

၃။ ပုဂ္ဂလနိဒ္ဒ ပုဂ္ဂလဒါနအားဖြင့် ၃-ပါးအပြား ရှိသည်။

ထိုတွင် သံဃာတော် လှူဒါန်းရန် စိတ်ညွတ်ထားသော ပစ္စည်းဝတ္ထုကို သံဃာတော်အားသာ လှူဒါန်းခြင်းသည် သံဃနိဒ္ဒသံဃဒါနမည်၏။ စေတီတော်အား လှူဒါန်းရန် စိတ်ညွတ်ထားသော ပစ္စည်းဝတ္ထုကို စေတီတော်အားသာ လှူဒါန်းခြင်းသည် စေတိယနိဒ္ဒစေတိယဒါနမည်၏။ပုဂ္ဂိုလ်

အားလှူဒါန်းရန် စိတ်ညွတ်ထားသော ပစ္စည်းကို ပုဂ္ဂိုလ်အားသာ လှူဒါန်းခြင်းသည် ပုဂ္ဂလိကနိဿ ပုဂ္ဂလိကဒါန မည်၏။ ယင်း ၃-ပါးကို တရားနှင့်အညီ ပေးလှူသည် မည်ခြင်းကြောင့် ဓမ္မိကဒါနဟု ခေါ်သည်။[၁]

ဟီနဒါန, မဇ္ဈိမဒါန, ပဏီတဒါန

တနည်း ဒါနသည်-

၁။ ဟီနဒါန

၂။ မဇ္ဈိမဒါန

၃။ ပဏီတဒါနအားဖြင့် ၃-ပါးအပြားရှိသည်။

ထိုတွင် ဒါနပြုရာအခါ၌ အလှူရှင်၏ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတရားလေးပါး ညံ့ဖျင်းစေလျက် လှူဒါန်းခြင်းသည် ဟီနဒါနမည်၏။ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ကို အလယ်အလတ်စား ဖြစ်စေလျက် လှူဒါန်းခြင်းသည် မဇ္ဈိမဒါန မည်၏။ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တို့ကို အမြတ်စား ဖြစ်စေလျက် လှူဒါန်းခြင်းသည် ပဏီတဒါန မည်၏။

တနည်း လူ့စည်းစိမ် လူ့ချမ်းသာ နတ်စည်းစိမ် နတ်ချမ်းသာကို တောင့်တ၍ လှူဒါန်းခြင်းသည် ဟီနဒါန မည်၏။ သာဝကဗောဓိဆု, ပစ္စေကဗောဓိဆုကို ရည်ရွယ်တောင့်တ၍ လှူဒါန်းခြင်းသည် မဇ္ဈိမဒါန မည်၏။ သမ္မာသမ္ဗောဓိဆု (ဘုရားဆု) ကို တောင့်တရည်ရွယ်၍ လှူဒါန်း

၁။ ဝိ၊ ၅၊ ၂၄၅။ ဝိ၊ ဋ္ဌ၊ ၄။ ၁၈၂။

ခြင်းသည် ပဏီတဒါန မည်၏။ ဖော်ပြပါ ၃ မျိုးတွင် ပဏီတဒါနဖြစ်အောင် လှူဒါန်းရာ၏။

ဒုက္ကရဒါန, မဟာဒါန, သာမညဒါန

တနည်း ဒါနသည်—

၁။ ဒုက္ကရဒါန

၂။ မဟာဒါန

၃။ သာမည ဒါန အားဖြင့် ၃ ပါး အပြားရှိသည်။

ထိုတွင် ပုဂ္ဂိုလ်သာမန်တို့ ပြုလုပ်ရန် ခဲယဉ်းသောအမှုကို ပြုလုပ်၍ လှူဒါန်းခြင်းသည် ဒုက္ကရဒါန မည်၏၊ ကြီးကျယ်များပြားစွာ ပြုလုပ်စီမံ၍ လှူဒါန်းခြင်းသည် မဟာဒါန မည်၏။ ခဲယဉ်းလှသည်လည်း မဟုတ် ကြီးကျယ်များပြားသည်လည်း မဟုတ်ပဲ သာမန်အားဖြင့် လှူဒါန်းခြင်းသည် သာမညဒါန မည်၏၊ ဤသည်လျှင် ၃ ပါးတွဲ ဒါနများ ဖြစ်လေသည်။

ဒါနသည် ပီယဆေးကောင်း, အခြံအရံများကြောင်း ဆေးကောင်း

အို သူတော်စင်....ဒါနသည် အကောင်းဆုံး ပီယဆေး မဟုတ်ပါလော၊ အကောင်းဆုံးသောအခြံအရံများကြောင်း ဆေးစွမ်းကောင်း မဟုတ်ပါလော၊ ငါတို့ ဘုရားအလောင်း အလျာ သူတော်စွာသည် အတုမဲ့ ဒါန ပြုခဲ့သည်အတွက်

အတုမဲ့ ချစ်ခင် ကြည်ညိုသူများသည်၊ အတုမဲ့အခြံအရံတွေ များလေကုန်၏။

ဒါနံ သိနေဟ တေသဋ္ဌံ၊ မစ္ဆေရံ ဒေါသနေ့ာသမံ။
ဒါနံ ယသဿိ တေသဋ္ဌံ၊ မစ္ဆေရံ ကပဏော္ဘသမံ။

ဒါနံ၊ ပေးကမ်း လှူဒါန်းခြင်းသည်။ သိနေဟ တေ သဋ္ဌံ၊ ချစ်ဆေးတည်း။ ဝါ၊ ပိယဆေးစွမ်းကောင်းတည်း။ မစ္ဆေရံ၊ မပေးမလှူ နှမြောဝန်တိုခြင်းသည်။ ဒေါသနေ့ာ သမံ၊ မုန်းဆေးတည်း။ ဒါနံ၊ ပေးကမ်း လှူဒါန်းခြင်း သည်။ ယသဿိ တေသဋ္ဌံ၊ အခြံအရံများကြောင်း ဆေး စွမ်းကောင်းတည်း။ မစ္ဆေရံ၊ မပေးမလှူ နှမြောဝန်တို ခြင်းသည်။ ကပဏော္ဘသမံ၊ အထီးကျန်မှု ဆင်းရဲဆေး တည်း။[၁]

၄ ပါးတွဲ ဒါနများကိုလည်း ကြည့်ရှုလေ့လာ၍ သင့် လျော်သောအခါ ယင်းဒါနများအနက် အကောင်းဆုံး ဒါနများကိုလည်း ပြုဖြစ်အောင် ကြိုးပမ်းရာ၏။

စီဝရဒါန၊ ပိဏ္ဍပါတဒါန၊ သေနာသနဒါန၊ ဘေသဇ္ဇဒါန

တနည်း ဒါနသည်–

၁။ စီဝရဒါန
၂။ ပိဏ္ဍပါတဒါန
၃။ သေနာသန ဒါန
၄။ ဘေသဇ္ဇဒါနအားဖြင့် ၄ ပါးအပြားရှိသည်။

၁။ ကပိဒပ္ပဏနိဒီ။၂၆၅။ဂါထာ။

ထိုတွင် သင်္ကန်းကို လှူခြင်းသည် စီဝရဒါန မည်၏။ ဆွမ်းကို လှူဒါန်းခြင်းသည် ပိဏ္ဍပါတ ဒါန မည်၏။ ကျောင်း(အိမ်ရာနေရာ)ကို လှူဒါန်းခြင်းသည် သေနာသနဒါန မည်၏။ ဆေးကို လှူဒါန်းခြင်းသည် ဘေသဇ္ဇဒါနမည်၏။ ယင်း ၄-ပါးတွင် သင်္ကန်းအလှူသည် လွန်စွာ ထူးမြတ်သည်။ အမျိုးသား သင်္ကန်းလှူလျှင် ဟောဘိက္ခုအခေါ်ခံရကာ တန်ခိုးဖြင့်ပြီးသော သင်္ကန်း သပိတ် ပရိက္ခရာ ဝတ်ဆင်၍ မဂ်ဖိုလ် နိဗ္ဗာန် စံဝင်ခြင်းအကျိုးကိုရသည်။

အမျိုးသမီးများ ရတနာအမျိုးမျိုးဖြင့် ပြီးသော အဖိုးကိုးကုဋေတန် မဟာလတာ တန်ဆာကြီး ဝတ်ရုံဆင်မြန်း၍ မဂ်ဖိုလ်နိဗ္ဗာန် ဝင်ရသည်။[၁] သို့ဖြစ်၍ သာသနာတွင်လူဖြစ်ရသော အသင်သူတော်ကောင်းသည် သင်္ကန်းလှူဖြစ်အောင် လှူ၍ အလိုရှိရာ ဗောဓိဆုကို တောင်းရာ၏။

ဆောင်။ ။သင်္ကန်း လှူငြား၊ အမျိုးသားတို့၊ ဘုရားဇိနေ၊ ဟောခေါ်၍၊ ရှစ်ဖော်ပရိက်၊ လွယ်ကာချိတ်၊ နိဗ္ဗာန်ဝင်ရ အကျိုးတည်း။
သင်္ကန်းလှူပြီး၊ အမျိုးသမီးတို့၊ မငြိုးအံ့ရာ၊ မဟာလတာ၊ ဆင်တန်ဆာကို၊ လွှမ်းကာဝတ်ရုံ၊ နိဗ္ဗာန်လှုံ၊ ယုံကြည် လှူဒါန်း ကြစေသော်။

ဤကားအကျဉ်းဆောင်ပုဒ်တည်း။ အောက်ပါအကျယ်ဆောင်ပုဒ်ကိုလည်း အရဆောင်၍ သင်္ကန်း အလှူဒါနပြုရာ၏။ သင်္ကန်းအလှူနှင့် စပ်၍ ဟောပြောရာ၏။

၁။ ဓမ္မဋ္ဌ၊ ၁။ ၂၄၉။

ဆောင်။ ။သကျပုတ္တ၊ သမဏာ ဘု၊ သာကိယဇာတ်၊ ရဟန်းမြတ်အား၊ လျှောက်ပတ်တင့်ဆန်း၊ မြတ်သင်္ကန်းကို၊ လှူဒါန်းသည့်သူ၊ ယောကျ်ားမှူကား၊ ဘုန်းလူ့ဇိနော်၊ ဟေိခေါ၍၊ ဝါတော်သဒ္ဒိ၊ ခြောက်ဘယ်ရှိသား၊ ထေရ်ကြီးအလား၊ လွန်တည်ငြား၍၊ ရှစ်ပါးပရိက္ခရာ၊ လှယ်ပြီးကာလျှင်၊ လေးဖြာအာသဝေါ၊ သန့်စင်ကြော၏၊ မနောစင်ဖြူ၊ မိန်းမမှူကား၊ ရွှေဇမ္ဗူရာဇ်၊ ဦးသစ်သစ်ကို၊ ချိန်စစ်တထောင်၊ နိက္ခဆောင်၍၊ ထိန်ပြောင်စိန်သား၊ လေးကွမ်းစားတည့်၊ မြကားတော်ဘိ၊ ရှဲထိန်သဏ္ဌာ၊ ဗာဝီသာနှင့်၊ မုတ္တာဆယ့်တစ်၊ ကြွင်းလစ် ရတနာ၊ သင့်ရာရာကို၊ ကောင်းစွာငွေကြိုး၊ ချယ်သီထိုး၍၊ အဖိုး ကိုးကုဋေ၊ ထိုက်တန်ပေသည့်၊ ရွှေပန်းထိမ်ငါးရာ၊ ရက်ကြာလေးလ၊ ကာလကြာအောင်၊ ကောင်းစွာချုပ်ပြီး၊ တန်ဆာကြီးကို၊ ငါးစီးဆင်ပြောင်၊ အားကို ဆောင်သည့်၊ အခေါင်တုလွတ်၊ မိန်းမမြတ်ဘို့၊ ဝတ်ဆင်ကြရာ၊ မဟာလတာ၊ ပသာဓန၊ နာမတံဆိပ်၊ ခတ်နှိပ်ဝေဆာ၊ ထိုတန်ဆာကို၊ ကောင်းစွာအံ့ချီး၊ ဝတ်ဆင်ပြီး၍၊ မဂ်ထီးဖိုလ်မိုပ်၊ အောင်ဘိသိက်ဖြင့်၊ အောင်နိဗ္ဗူနန်း၊ ဆန်တက် မြန်းသည်၊ သင်္ကန်း ဒါန လှူကျိုးတည်း[၁]။

၁။ မ၃၊၈၊၁။ ၂၄၈-လည်းကြည့်။

ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ, သမားတော်ဇီဝက, ပါဝါမြို့သား ပုက္ကုသ, အရှင်အာနန္ဒာ, မဟာပဇာပတိ ဂေါတမီ, ဝေရဥ္စာပြည်သား ဥဒယပုဏ္ဏား, ဝိသာခါ အလောင်း အမျိုးသမီး, ကောသာဠကပုဏ္ဏား, မေဏ္ဍက သဌေး, ဥမ္မာဒန္တီလောင်းလျာ အမျိုးသမီး, ဗာရာဏသီ မြို့သားသူကြွယ်, အတိဒေဝပုဏ္ဏား စသည်တို့သည် ထင်ရှားသော သင်္ကန်း လှူရှင်တို့ ဖြစ်ကြသည်။ သင်္ကန်း လှူခြင်း၏ အကျိုးရှစ်မျိုးလည်း ကျမ်းဂန်များ၌ လာသေးသည်။

ဆောင်။ ။ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝန်း တိုလှ၊ ထွန်းလင်းပ၏၊ မကသိန်းဖိုး၊ ပုဆိုး ရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီ သင်္ကန်းလှူကျိုးတည်း။

သင်္ကန်းအလှူကို နတ် (ဘီလူး)
ဝမ်းမြောက်ထုတ်ဖော်ကျူးရင့်

ဘုရားမြတ်စွာ ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်း တိုက်၌ သီတင်းသုံးတော်မူစဉ် ဥပါသကာတယောက် ဒီရာ မည်သော ရဟန်းမိန်းမတပါးအား သင်္ကန်းလှူ၏။ ထို ဒီရာရဟန်းမိန်းမ၌ ကြည်ညိုသော နတ် (ဘီလူး) သည် ရာဇဂြိုဟ်မြို့တွင် လမ်းမကြီးတိုင်း လမ်းဆုံတိုင်းလှည့် လည်ပြီး—

ပုညံ ဝတ ပသဝိ ဗဟုံ၊
သပ္ပညော ဝတာယံဥပါသကော။

ယော ဝိရောယ အဒါသိ စီဝရံ၊
သဗ္ဗယောဂ ဝိပ္ပမုတ္တယာ။

ယောဥပါသကော၊ အကြင်သီတင်းသည် ဒါယကာသည်။ သဗ္ဗယောဂေဟိ၊ အလုံးစုံသော ယောဂလေးပါးတို့မှ။ ဝိပ္ပမုတ္တယာ၊ လွတ်မြောက်ခြင်းငှါ။ ဓိရောယ၊ ဓိရာ ရဟန်းမိန်းမအား။ စီဝရံ၊ သင်္ကန်းကို။ အဒါသိ၊ ပေးလှူပြီ။ အယံဥပါသကော၊ ဤသင်္ကန်းလှူသော သီတင်းသည် ဒါယကာသည်။ သပ္ပညော ဝတ၊ ပညာရှိပါပေစွ။ ဣမသ္မိ၊ ဤသင်္ကန်းလှူသော သီတင်းသည် ဒါယကာအား။ ဗဟုံ၊ များစွာ။ ပုညံ၊ ကောင်းမှုပုညသည်။ ပသဝိဝတ၊ တိုးပွားလေစွတကား။ ဟူ၍ ရွတ်ဆိုချီးကျူး ကြွေးကြော်လေသည်[၁]။

ဆွမ်းလှူရသည့် အကျိုး ၄ ပါးလာသည်လည်းရှိ၏[၂]၊ ၅-ပါးလာသည်လည်း ရှိ၏[၃]။ ၁၀-ပါးလာသည်လည်း ရှိ၏၊ ဆယ်ပါးကို အောက်ပါလင်္ကာအတိုင်း သိရာ၏။

ဆောင်။ ။သက်ရှည်ဆင်းလှ၊ ဗလကြီးမား၊ ချမ်းသာများလျက်၊ ထင်ရှားပညာ၊ ငါးဖြာမယုတ်၊ ဆွမ်းကျိုးထုတ်၍၊ အင်္ဂုတ္တရ၊ ပဉ္စကနိပါတ်၊

၁။ သံ၊၁။၂၁၅(ဓိရာသုတ်) ၂။ အံ၊၁။၃၇၄။
၃။ အံ၊၂။၃၅။

မိန့်လတ်တဝ၊ မိလိန္ဒဟု၊ ပစ္စပဒါန်၊ အလို
ပြန်သော်၊ နှစ်တန်ပါနု၊ ဆွမ်းလှူရှမှူ၊ ပုဗ္ဗ-
နိုသင်၊ ကျိုးငါးအင်ဝယ်၊ ဖြူစင်သန့်ရှင်း၊
ထမင်းအဖျော်၊ ပူဇော်များလှ၊ လို့လင်္ကုံခြွေ၊
ဣခြေနှင့်၊ ငါးထွေထည့်ပြား၊ ကျိုးဆယ်
ပါးဟု၊ ပိုင်းခြားမိန့်ဆိုလေသတည်း။

ကျောင်းလှူရခြင်း၏ အကျိုးသည်လည်း လွန်စွာကြီးမားများပြားလှသည်။ ငါတို့ဘုရားအလောင်းတော်သည် ကဿပဘုရားလက်ထက်က ရဟန်းတပါးအား ကျောင်းဝိုင်းကို စီးစောင်ရမ်း ကာရံ၍ သစ်ရှက်မိုး ကျောင်းငယ်ဆောက်လုပ် လှူဒါန်းခဲ့သည့် ကောင်းမှုကြောင့်, ရွှေတံတိုင်း, ငွေတံတိုင်း, ကြောင်မျက်ရွဲတံတိုင်း, ဖန်တံတိုင်း, ပတ္တမြားနီတံတိုင်း,ပတ္တမြားပြောက်တံတိုင်း ,ရတနာအလုံးစုံရောသည့်တံတိုင်း အားဖြင့်တံတိုင်း ၇ ထပ်ကာရံသည့် အရှေ့,အနောက် ၁၂-ယူဇနာ, တောင်မြောက် ၇-ယူဇနာ ကျယ်ဝန်းသည့် ကုသာဝတီ နေပြည်တော်ကြီး၌ ဓမ္မပြာသာဒ်အမှူးရှိသောပြာသာဒ်ပေါင်း ရှစ်သောင်း လေးထောင်၌အလှည့်အလည်စံ၍ ပျော်စံတော်မူခဲ့ရလေသည်[၁]။

ဧဝံ နာတိမဟန္တမ္ပိ၊ ပုညံ အာယတနေ ကတံ။
မဟာဝိပါကံ ဟောတီတိ၊ ကတ္တဗ္ဗံ တံ ဝိဘာဝိနာ[၁]။

၁။ အဋ္ဌယ ဒီ၊၂။၁၃၉။၁၆၁။ နိ၊ဋ္ဌ၊၂။၂၂၁-၂၂၅-ကြည့်။

ဟူသောဂါထာဖြင့် မဖော်ပြ၍ ကျောင်းဆောက်ရန်
တိုက်တွန်းတော်မူခဲ့လေသည်။

ဇေါ၊ ဤသို့။ နာတိမဟန္တမ္ပိ၊ အလွန် မကြီးကျယ်ပါ
သော်လည်း။ ပါ၊ အလွန် မကြီးကျယ်သည်လည်းဖြစ်
သော။ အာယတနံ၊ သီလစသည်၊ ဂုဏ်ရည်ကဲလွ န်သူမွန်
သူမြတ်တို့နေရာ သာသနာတော်၌။ ဝါ၊ သီလစသည်
ဂုဏ်ရည်ကဲလွန် သူမွန်သူမြတ်၌။ ကတံ၊ ပြုအပ်သော။
ပုညံ၊ ကောင်းမှုသည်။ မဟာဝိပါကံ၊ ကြီးကျယ်ဖွံ့ဖြိုး
များသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ။
ထို့ကြောင့်။ ဝိဘာဝိနာ၊ ကြောင်းကျိုးမြင်သိ ပညာရှိ
သည်။ တံ၊ ထိုကောင်းမှုကို။ ကဏ္ဍမ္ပိ၊ မမေ့မလျော့လျော့
ပေါ့ဆမနေပြုထိုက်ပေသတည်း။

ဂုဏ်းပြင် ဘုရားမြတ်စွာ အနာထပိဏ် သဋ္ဌေး၏
ဇေတဝန်ကျောင်းတိုက်တော် အလှူခံတော်မူပြီး ဟော
တော်မူသည့် ကျောင်းအနုမောဒနာ ၅ ဂါထာတို့ကို
နှုတ်ရဆောင်၍ ဟောပြောရာ၏။ ကျောင်းအကျိုးကို
သိရာ၏။

၁။ သီတံ ဥဏှံ ပဋိဟန္တိ၊
တတော ဝါဠမိဂါနိစ။

၁။ ဒီ၊ ၎၊ ၂။ ၂၂၅။

သရီသပေစ မကသော၊
သိသိရေစာပိ ဝုဋ္ဌိယော ။

၁။ (ဝိဟာရော ကျောင်းသည်။) သီတဉ္စ၊ အအေး ဓာတ်ကိုလည်း။ ပဋိဟန္တိ၊ ပယ်ဖျောက်နိုင်၏။ ဥဏှဉ္စ၊ တော မီးလောင်ခြင်း စသည်ကြောင့် ဖြစ်ပေါ်သည့် မီးပူဓာတ် ကိုလည်း။ ပဋိဟန္တိ၊ ပယ်ဖျောက်နိုင်ပေ၏။ တတော၊ ထိုမှတပါး။ ဝါဠမိဂါနိစ၊ ခြင်္သေ့ သစ်ကျားစသော သားရဲဘေးရန်တို့ကိုလည်း။ ပဋိဟန္တိ၊ ပယ်ဖျောက်နိုင်ပေ ၏။သရီသပေစ၊ တရွေ့ရွေ့ရှားသွားတတ်သော မြွေကင်း သန်းတို့ကိုလည်း။ ပဋိဟန္တိ၊ ပယ်ဖျောက်နိုင်ပေ၏။ မက သေစ၊ သမာဓိပျက်အောင် နှိပ်စက်ကိုက်ခဲ မှက် ခြင် ယင်ရဲ တို့ကိုလည်း။ ပဋိဟန္တိ၊ ပယ်ဖျောက်နိုင်ပေ၏။ သိသိရေ စာပိ၊ သိသိရဥတုအခါ၊ ခုနစ်ရက်မိုးစွေရာ အခါစသည်တို့၌ ဖြစ်လာတုံလေ့ လွန်စွာအေးမြသော အတွေ့ကိုလည်း။ ပဋိဟန္တိ၊ ပယ်ဖျောက်နိုင်ပေ၏။ ဝုဋ္ဌိယောစာပိ၊ အမှတ် မထား အခါများ၌ ဖြစ်ပွားသွန်ဖြိုး မိုးတို့ကိုလည်း။ ပဋိဟန္တိ၊ ပယ်ဖျောက်နိုင်ပေ၏။

၂။ တတော ဝါတာတပေ ဃောရေ၊
သဉ္စာတော ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊
ဈာယိတုဉ္စ ဝိပဿိတုံ။

ဝိဟာရဒါနံ သံဃဿ၊
အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ ။

တဘော၊ ထို့ပြင်တပါးကား (ဝိဟာဒရေန၊ ဒကာ, ဒကာမတို့ သဒ္ဓါပျော့ပျောင်းလှူဒါန်းသော ကျောင်းသည်) သဒ္ဓါတော၊ ပေါပေါက်ဖြစ်ပွား လာသော။ ဆောမရော၊ ကြမ်းတမ်းစွာသော။ ဝါတာတပေ၊ လေနေပူကို။ ဝါ၊ လေပြင်းဒဏ် နေပြင်းဒဏ်ကို။ ပဋိဟာ-ညတိ၊ မလာရောက်အောင် ပယ်ဖျောက်အပ်ပေ၏။[2] လေဏတ္ထဉ္စ၊ အာရုံတပါး စိတ်မသွားပဲ တပါးတည်း ကိန်းပျော် မွေ့လျော်ခြင်းငှာလည်းကောင်း၊ သုခတ္ထဉ္စ၊ ဘေးရန်မသန်း ချမ်းသာစွာနေခြင်းငှာ လည်းကောင်း။ ဈာယိတုဉ္စ၊ အာရမ္မဏူပနိဇ္ဈာနစျာန်ကို ဖန်ဆါ ဝင်စား ရှုပွားခြင်းငှာ လည်းကောင်း။ ဝိပဿိတုဉ္စ၊ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှာ လည်းကောင်း။[3] သံဃဿ၊ သံဃာတော်အား။ ဝိဟာရဒါနံ၊ ကျောင်းအလှူဒါနကို။ အဂ္ဂံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓေန၊ ဘုံသုံးထွတ်ထား ဘုရားရှင်သည်။ ဝဏ္ဏိတံ၊ ရွှေနှုတ်မွေးကျူ ချီးမွမ်းတော်မူအပ်ပေပြီ။

၃။ တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
သမ္ပဿံ အတ္တမတ္တနော။

၁။ ဝိ၊ ၄။ ၃၁၄။ ၂။ ကျောင်း၏ ကျေးဇူးများပုံကို ပြတော်မူသည်။ ၃။ ဤ ၄-ပုဒ်ဖြင့် ကျောင်းဒကာ, ကျောင်းအမတို့ နှလုံးသွင်းရန်ကိုပြတော်မူသည်။

ဝိဟာရေ ကာရယေ ရမ္မေ၊
ဝါသယေတ္ထ ဗဟုဿုတေ[၁]။

တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သောအကျိုးကို။ သမ္ပဿံ သမ္ပဿန္တော၊ ကောင်းစွာဆင်ခြင် မြော်သိမြင်သော။ ပဏ္ဍိတော ပေါသော၊ ပညာရှိအမျိုးသားသည်။ ရမ္မေ၊ စိတ်ဓာတ်ကြည်ပျော် မွေ့လျော်ဖွယ် ကောင်းကုန်သော။ ဝိဟာရေ၊ ကမ္ဗုနန်းကျောင်းစာချကျောင်းနှင့် ကျောင်းကြီး ကျောင်းငယ် အသွယ်သွယ်သော ကျောင်းတို့ကို။ ဝါ၊ တိုက်ကျောင်း ပျဉ်ကျောင်း ကပ်ကျောင်း ထန်းရွက်မိုး ကျောင်း အစရှိသော ကျောင်းတို့ကို။ ကာရယေ၊ ဆောက်လုပ်စေရာ၏။ တတ္ထ၊ မိမိဆောက်လုပ်ပြီးသော ကျောင်း၌။ ဗဟုဿုတေ၊ အကြားအမြင် များဖြင့် ကြွယ်ဝ သီလဝန္တ ခေါ်ဆို ကျောင်းထိုင် ပုဂ္ဂိုလ်တို့ကို။ ဝါသယေ၊ စားပေးပို့ချ တရားပြ၍ မှချပုံသေ နေထိုင်စေရာ၏။[၁]

၄။ တေသံ အန္နဥ္စ ပါနဥ္စ၊
ဝတ္ထသေနာသနာနိစ။

---

[၁] ဝိ၊ ၄။ ၃၁၄။ ၂။ "ဆယ်ဝါပြည့်တင်း ဝိဘင်းနှစ်ဖြာ ကမ္မာကမ္မ ခန္ဓကပုဒ် နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင် ကျောင်းထိုင်ငါးအင်္ဂါ" ဟူသော ပရိဿပဒ္ဒါက = ကျောင်းထိုင် ဘုန်းကြီးအင်္ဂါနှင့် ပြည့်စုံသော ရဟန်းတော်ကို ကျောင်းထိုင် တင်မြှောက်ရမည်ဟူ၏။

ဒဒေယျ ဥဇုဘူတေသု၊
ဝိပ္ပသန္နေန စေတသာ။ ၁

ဥဇုဘူတေသု ဥဇုဘူတာနံ၊ အတွင်းစိတ်ခေတ် ဖြောင့်မတ်ကုန်သော။ တေသံ၊ ဗဟုသုတ ပြည့်ဝစုံလင် ထိုကျောင်းနေ အရှင်တို့အား။ အန္နဥ၊ ဆွမ်းကို လည်းကောင်း။ ပါနဥ၊ အဖျော်ယာမကာကို လည်းကောင်း။ ဝတ္ထသေနာ သနာနိစ၊ အဝတ် သင်္ကန်း အိပ်ရာ နေရာတို့ကိုလည်းကောင်း။ ဝိပ္ပသန္နေန စေတသာ၊ ရတနာသုံးတန် ကံ ကံ၏အကျိုး ယုံကြည်သောစိတ်ဖြင့်။ ဒဒေယျ၊ သဒ္ဓါလေ့းဖြူ ပေးလှူရာ၏။

[ယင်းဂါထာဖြင့် ကျောင်းဒကာ, ကျောင်း ဒါယိကာမတို့ဘက်မှ ပစ္စယာနုဂ္ဂဟာဖြင့် ချီးမြှောက်ရန် ဘုရားဇိနေ့ဉ် ညွှန်ပြတော်မူသည်။]

၅။ တေ တဿ ဓမ္မံ ဒေသေန္တိ၊
သဗ္ဗဒုက္ခာပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊
ပရိနိဗ္ဗာတိ နာသဝေါ။ ၁

တေ၊ ထိုဗဟုသုတ ပြည့်ဝစုံလင် ကျောင်းထိုင်အရှင်တို့သည်။ တဿ၊ ထိုသဒ္ဓါကြည်ဖြူ ကျောင်းလှူသော ဒါယကာအား။ သဗ္ဗဒုက္ခာပနူဒနံ၊ အလုံးစုံသောဝဋ်ဆင်းရဲကို ပယ်ဖျောက်ကြောင်းဖြစ်သော။ ဓမ္မံ၊ သူတော်

၁။ ဝိ၊၄။၃၁၄။

ကောင်းတရားကို။ ဒေသေန္တိ၊ ကရုဏာနှင့် မေတ္တာတရား ရှေးရှုထား၍ ဟောကြားကြကုန်၏။ သော၊ ထိုကြည်ဖြူသဒ္ဓါ ကျောင်းဒါယကာသည်။ ဣဓ၊ ဤအံ့ဖွယ်ရှစ်ဖြာ ငါဘုရားသာသနာတော်၌။ ယံဓမ္မံ၊ ကျောင်းထိုင်အရှင် ဟောကြားယင်း သူတော်ကောင်းတရားကို။ အညာယ၊ ပိုင်းခြားမိမိသိ၍။ အနာသဝေါ၊ အာသဝေါကုန်ခန်း ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာတိ၊ နိဗ္ဗူယူသိမ်း ငြိမ်းအေးရ၏။

ဤဂါထာများမှာ ဘုရားရှင်၏ ရွှေနှုတ်တော်ထွက် ဂါထာများဖြစ်ရာ ကျောင်းတရားဟောရန်အလွန်ကောင်း လှ၏။

ဇင်းပြင် အောက်ပါကျောင်းလှူရခြင်း အကျိုးရှစ်ပါး ပြ ဆောင်ပုဒ်ကိုလည်း အရဆောင်ရာ၏။

ဆောင်။ ။ရွှေဘုံပေါ်ပေါက်၊ ထိတ်ကြောက်လန့်ကင်း၊ ဘေးရန်ရှင်း၏၊ ကြောက်ခြင်းယက္ခ၊ ပါပ-မမက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊ ကုဋိ-ကျောင်းလှူ ရှစ်ကျိုးတည်း။

ဆေးလှူရခြင်း၏အကျိုး သည်လည်းအသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာကြီးခြင်း, ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း ဟူသော ၅-ပါးနှင့် အခြွေအရံများခြင်း လုံ့လကြီးခြင်း, အရိုအသေခံရခြင်း ချစ်ခင်သူများနှင့် မကွေမကွာ ကြာမြင့်စွာ နေထိုင်ပေါင်း သင်းရခြင်း, ဘေးရန်ကင်းခြင်း ဟူသောအကျိုးတရား ၁၀ ပါးကို ရရှိနိုင်ကြောင်း သိရာ၏။

ဆောင်။ ။အာယုဝဏ္ဏ၊ စသည်ပဉ္စကံ၊ ခြွေရံများလှ၊ လုံ့လကြီးတွေ့၊ လူရှိသေလျက်၊ မကွေချစ်သူ၊ ဘေးမပူသည်၊ ဆေးလှူ၍ အကျိုးဆယ်ပါး တည်း။

ဤသည်လျှင် ၄-ပါးတွဲ ဒါနဖြစ်သည်။ ၅-ပါးတွဲ ဒါနများကိုလည်း အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

အာဂန္တုကဒါန စသည် ၅-ပါး

တနည်း ဒါနသည်-

၁။ အာဂန္တုကဒါန

၂။ ဂမိကဒါန

၃။ ဂိလာနဒါန

၄။ ဒုဗ္ဘိက္ခဒါန

၅။ နဝသဿဖလဒါန-အားဖြင့် ၅-ပါးအပြား ရှိသည်။

ထိုတွင် အာဂန္တုရဟန်းတို့အား ပေးလှူခြင်းသည် အာဂန္တုကဒါနမည်၏။ ခရီးသွားရဟန်းတို့အား ပေးလှူခြင်းသည် ဂမိကဒါနမည်၏။ မကျန်းမမာ ဖျားနာသော ရဟန်းတို့အား ပေးလှူခြင်းသည် ဂိလာနဒါနမည်၏။ တော်မွတ်ခေါင်းပါး အစာရှားရာအခါ၌ ပေးလှူခြင်းသည် ဒုဗ္ဘိက္ခဒါနမည်၏။ ကောက်ဦး သစ်သီးဦးကို သီလဝန္တ

ရဟန်းတို့အား ဦးဦးဖျားဖျား လှူဒါန်းခြင်းသည် န၀ သဿဖလဒါနမည်၏။

ယင်းအလှူများကိုလည်း လှူခွင့်ကြုံလျှင် လှူနိုင်အောင် ကြိုးစားရာ၏။

အသက္ကစ္စဒါနစသည် ၅-ပါး

တနည်း ဒါနသည်—

၁။ အသက္ကစ္စဒါန
၂။ အစိတ္တီကတဒါန
၃။ အသဟတ္ထဒါန
၄။ အပဝိဒ္ဓဒါန
၅။ အနာဂမနဒိဋ္ဌိကဒါန-အားဖြင့်၅-ပါးအပြား ရှိသည်။

ထိုတွင် မရိုမသေမလေးမစား လှူခြင်းသည် အသက္ကစ္စ ဒါနမည်၏။ စိတ်မပါပဲ စေတနာမရှိပဲ လှူဒါန်းခြင်း သည် အစိတ္တီကတဒါနမည်၏။ မိမိလက်ဖြင့် ကိုယ်တိုင် မလှူပဲ သူတပါးတို့အား လှူစေခြင်းသည် အသဟတ္ထ ဒါနမည်၏။စွန့်ပစ်အပ်သောစားကြွင်းစားကျန်စသည်ကဲ့သို့ သဘောထား၍ ဖရိုဖရဲ ဖြန့်ကြဲပစ်လွှင့် ပေးလှူခြင်းသည် အပဝိဒ္ဓဒါနမည်၏။ ကံ၏အကျိုး ဖြစ်ပေါ်လတ္တံ့ဟု မယုံ ကြည်ပဲ ကံ ကံ၏ အကျိုးကိုမယုံကြည်ပဲ ပေးလှူခြင်းသည် အနာဂမနဒိဋ္ဌိကဒါန မည်၏။ ယင်း ၅-ပါးကို သူယုတ်

၁။ ၊အံ၊၂။၃၅၊ အံဋ္ဌ၊၃။၂၁။

မှာတို့ ပေးလှူနည်းဖြင့် ပေးလှူခြင်းကြောင့် အသပ္ပု-ရိသဒါနမည်၏။ ယင်းလှူနည်းဖြင့် မပေးမလှူပဲ သူတော်ကောင်းတို့၏ ပေးလှူနည်းဖြင့် ပေးလှူရာ၏။

သက္ကစ္စဒါနစသည် ၅-ပါး

တနည်း ဒါနသည်-

၁။ သက္ကစ္စဒါန

၂။ စိတ္တီကတဒါန

၃။ သဟတ္ထဒါန

၄။ အနုပဝိဒ္ဓဒါန

၅။ အာဂမနဒိဋ္ဌိကဒါန-အားဖြင့် ၅-ပါးအပြား ရှိသည်။

ထိုတွင် ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဖွယ်ဝတ္ထုကို ကောင်းစွာ ပြုစီရင်၍ အလှူခံပုဂ္ဂိုလ်ကို ရိုသေလေးစားစွာ ပေးလှူခြင်းသည် သက္ကစ္စဒါန မည်၏။ မြတ်မြတ်နိုးနိုး စိတ်ပါလက်ပါ ပေးလှူခြင်းသည် စိတ္တီကတဒါန မည်၏။ မိမိလက်ဖြင့် ကိုယ်တိုင်ပေးကမ်းလှူဒါန်းခြင်းသည် သဟတ္ထဒါနမည်၏။ စွန့်ပစ်အပ်သော စားကြွင်းစားကျန် စသည်ကဲ့သို့သဘောမထားပဲ ကောင်းစွာ ပေးလှူခြင်းသည် အနုပဝိဒ္ဓဒါနမည်၏။ ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်းရှိသည်ဖြစ်၍ ပေးလှူခြင်းသည် အာဂမနဒိဋ္ဌိကဒါန မည်၏။ ယင်း ၅-ပါးကို သူတော်ကောင်းတို့ ပေးလှူပုံ

ပေးလှူနည်းဖြင့် ပေးလှူခြင်းကြောင့် သပ္ပုရိသဒါနဟုခေါ်သည်။ [၁] သပ္ပုရိသဒါနမြောက်အောင် ပေးလှူရာ၏။

ဆောင်။ ။သပ္ပုရိသ၊ ဒါနမြောက်အောင်၊သတိဆောင်၊ အမောင်အမိ လှူပါလေ။

သဒ္ဓါဒါနစသည် ၅-ပါး

တနည်း ဒါနသည်—

၁။ သဒ္ဓါဒါန

၂။ သက္ကစ္စဒါန

၃။ ကာလဒါန

၄။ စိတ္တဒါန အနုဂ္ဂဟိတ (အနုဂ္ဂဟိတစိတ္တဒါန။)

၅။ အနုပဟစ္စဒါန-အားဖြင့် ၅-ပါး အပြားရှိသည်။

ထိုတွင် အလှူ၏အကျိုးကို ယုံကြည်၍ ပေးလှူခြင်းသည် သဒ္ဓါဒါနမည်၏။ ရိုသေစွာ ပေးလှူခြင်းသည် သက္ကစ္စဒါနမည်၏။ သင့်လျော်လျောက်ပတ်သော အချိန်၌ ပေးလှူခြင်းသည် ကာလဒါနမည်၏။မစွဲလမ်းပဲ လွတ်လွတ် စွန့်ကြဲလိုစိတ် ချီးမြှောက်လိုစိတ်ဖြင့် ပေးလှူခြင်းသည် အနုဂ္ဂဟိတစိတ္တဒါန (အနုဂ္ဂဟိတစိတ္တဒါနမည်၏။)

မိမိ သူတပါး မည်သူ့အားမျှ ဂုဏ်ပျက်ပြားအောင် မထိပါးမူ၍ ပေးလှူခြင်းသည် အနုပဟစ္စဒါန မည်၏။

၁။ အံ၊ ၂၊ ၁၅၂။ အံ၊ ၄၊ ၃။ ၅၃။

ယင်း ၅-ပါးကိုလည်း သူတော်ကောင်းတို့ မပေးလှူပဲ မပေးလှူနည်းဖြင့် ပေးလှူခြင်းကြောင့် သပ္ပုရိသဒါန မည်၏။

သပ္ပုရိသဒါနအကျိုး

ဖော်ပြခဲ့သည့်အတိုင်း သပ္ပုရိသဒါနမြောက် ပေးလှူယောသူတော်စင်သည် ချမ်းသာကြွယ်ဝ အစိုးရ၍ ပစ္စည်းဥစ္စာပေါများ ကြွယ်ဝခြင်း, အသုံးအဆောင် ပေါများခြင်း အကျိုးထူးတို့ကို ရရှိ၏။ အထူးသဖြင့် သဒ္ဓါဒါနပြုလျှင် ရုပ်ရေအဆင်းလှပခြင်း ကြည့်ရှုချင်ဖွယ် တင့်တယ်ခြင်း, သူတပါးစိတ်ကို ကြည်လင်စေနိုင်ခြင်း ဟူသော အကျိုးကို ရရှိစေနိုင်၏။

သက္ကစ္စဒါနပြုလျှင် သားသမီးဇနီး ကျေးကျွန်အစေခံ အလုပ်သမားတို့၏ မိမိစကားကို လေးလေးစားစားနားထောင် လိုက်နာဆောင်ရွက်ခြင်းဟူသော အကျိုးထူးများကို ရရှိ၏။ ကာလဒါနပြုလျှင် အိုမင်းရင့်ရော်ချိန်မှ မဟုတ်၊ သင့်လျော်လျောက်ပတ်ရာငယ်ရွယ်စဉ်အခါကပင်ဖွံ့ဖွံ့ဖြိုးဖြိုး များစွာသော အကျိုးထူးတို့ကို ရရှိ၏။ အနုဂ္ဂဟိတစိတ္တဒါန (အနုဂ္ဂဟိတစိတ္တဒါန)ပြုလျှင် ၅-ဖြာ အာရုံကာမဂုဏ်တို့ကို သုံးဆောင်ခံစားရန် စိတ်ညွတ်ခြင်း ဟူသောအကျိုးထူးကို ရရှိ၏။ အနုပဟစ္စဒါနပြုလျှင် မင်း မီး ရေခိုးသူ မချစ်မနှစ်သက်သောအမွေခံဆိုး တမျိုးမျိုးကြောင့်သော်မှ ဥစ္စာပစ္စည်း မပျက်စီးနိုင်ခြင်းဟူသော အကျိုးများကို ရရှိ၏။ [၁]

၁။ အံု၊ ၂။ ၁၅၂။ အံု၊ ၄၊ ၃။ ၅၃။

ဆောင်။ ။သဒ္ဓါဒါန၊ ပြုလေက၊ လှပရုပ်ရေ နုတ်နှုယ် တည်း။

သက္ကစ္စဒါန၊ ပြုလေက၊ များကနောယူစကား တည်း။

ကာလဒါန၊ ပြုလေက၊ ငယ်စဥ်ကာလ ကျိုးရတည်း။[၁]

အနုဂ္ဂဟိတဒါန၊ ပြုလေက၊ ကာမသုံးရန် ညွှတ်သတည်း။[၂]

အနုပဟစ္စ၊ ဒါနပြုက၊ ပစ္စုရန်သူ၊ ဘေးမပြု၊ ကြည်ဖြူချမ်းမြေ့ အေးကြည်တည်း။

ချမ်းသာကြွယ်ဝ၊ ကျိုးဖလ၊ ငါးဝလုံးနှင့် ဆိုင်သတည်း။

မဇ္ဇဒါနစသည် ၅-ပါး

တနည်း ဒါနသည်-

၁။ မဇ္ဇဒါန=သေရည်အရက်အလှူ။

၂။ သမဇ္ဇဒါန=ပွဲလမ်းသဘင်အလှူ။

၃။ ဣတ္ထိဒါန=မိန်းမအလှူ။

၁။ ငယ်ငယ်ကတည်းက အကျိုးပေးသည် ဟူလို အထက် စကားပြန်ကြည့်။

၂။ ၅ မြာအာရုံ ကာမဂုဏ်တို့၌ သုံးဆောင်ရန် စိတ်ညွှတ် သည်ဟူလို။

၄။ ဥသဘဒါန=နွားမ အပေါင်းတို့ အလယ် နွားလားဥသဘကို လွှတ်ပေးခြင်းဥသဘဒါန၊

၅။ စိတ္တကမ္မဒါန=မိန်းမယောကျ်ားတို့ မေထုန်မှီဝဲဟန် ပုံသဏ္ဌာန်စသော ကိလေသာဖြစ်ပေါ်ရန် အကြောင်းဖြစ်သော ပန်းချီဆေးရေးကားချပ်အလှူ။

ယင်း၅ ပါးကို လောကၶ တချို့က ကုသိုလ်ကောင်းမှုဟု သမုတ်အပ်သော်လည်း စင်စစ်အကုသိုလ်သာတည်း။ [၁]

ဤသည်လျှင် ၅-ပါးတွဲ အလှူဒါနဖြစ်သည်။ ၆-ပါးတွဲအလှူဒါနကို ဆက်လက်ကြည့်ရှုရာ၏။

ရူပဒါနစသည် ၆-ပါး

တနည်း ဒါနသည်–

၁။ ရူပဒါန

၂။ သဒ္ဒဒါန

၃။ ဂန္ဓဒါန

၄။ ရသဒါန

၅။ ဖောဋ္ဌဗ္ဗဒါန

၆။ ဓမ္မဒါနအားဖြင့် ၆-ပါးရှိသည်။

ထိုတွင် ရူပါရုံအဆင်း အဆင်းလှသော အဝတ်အထည်စသည်ကိုလှူခြင်းသည် ရူပဒါနမည်၏။ သဒ္ဒါရုံ (အသံ) ကိုလှူခြင်းသည် သဒ္ဒဒါနမည်၏။ ဂန္ဓာရုံ (အခိုးထုံးနံ့

၁။ ဝိ၊ ၅၊ ၂၃၁။ ဝိ၊ ဋ္ဌ၊ ၄၊ ၁၇၃။

အခိုးတိုင်)ကို လှူခြင်းသည် ဂန္ဓဒါနမည်၏။ ရသာရုံ (အရသာရှိသော စားဖွယ်သောက်ဖွယ်တို့ကို) လှူခြင်းသည် ရသဒါနမည်၏။ ဖောဋ္ဌဗ္ဗာရုံ (ညောင်စောင်း အင်းပျဉ်စသည်)ကို လှူခြင်းသည် ဖောဋ္ဌဗ္ဗဒါန မည်၏။ တရားဓမ္မဟောခြင်း စာပေချပ်ခြင်း ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်စသည့် တရားကျမ်းစာများကို လှူဒါန်းခြင်းသည် ဓမ္မဒါနမည်၏။ သီဟိုဠ်ကျွန်း၌ သာသနာ သက္ကရာဇ် ၄၅၀-ခန့်လောက်က ဘဏ္ဍာဂါရိက သံဃ မိတ္တထေရ်သည် ရွှေရတနာဖြင့် ချယ်အပ်သောအဝတ်ကို ရရှိရာ ဤအဝတ်သည် ရွှေအဆင်းရှိ၏။ ဘုရားရှင်သည် ရွှေအဆင်းရှိတော်မူသည်။ ရွှေအဆင်းရှိသောအဝတ်သည် ရွှေအဆင်းရှိတော်မူသော ဘုရားရှင်အား လျော်ကန်လှ ပေ၏၊ ငါတို့အဖို့ရာလည်း ဝဏ္ဏဒါန (ရူပဒါန) မြောက် လိမ့်မည် သုဝဏ္ဏမာလီ မဟာစေတီတော်အား လှူဒါန်း တော်မူခဲ့လေသည်။[၁] စေတီတော်အနီး ခေါင်းလောင်း ကြေးစည်, စည်စသည် ဆွဲချိတ်လှူဒါန်းခြင်း, တရား ဟောရန် ကြေးကြော်ခြင်း, အသံကောင်းကောင်းဖြင့် ဘုရားရှင်ဂုဏ်တော်တွဲ စသည်ကို ရွတ်ဆိုခြင်း စသည်သည် သဒ္ဒဒါနမည်၏။ သီဟိုဠ်ကျွန်း ကန္ဒီမြို့ စွယ်တော်တိုက်, ဂဒလာဒေနိယ- စသော ဘုရားကျောင်း- စသည်တို့၌ နေ့စဉ် သတ်မှတ်ထားသော အချိန်၌ စည်တီးသမား ဥပါသကာများသည် စည်တီးပူဇော်သည်ကိုတွေ့ရသည်။ ၎င်းသည် သဒ္ဒပူဇာမည်၏။ အမြစ်နံ့, အခေါက်နံ့, အခိုးတိုင် စသည်တို့ကို လှူဒါန်းကြသည်မှာ ဂန္ဓဒါန

၁။ အဘိ၊ဋ္ဌ၊၁။၁၁၈-၉။

ဖြစ်သည်၊ ဂန္ဓဒါန၏ အကျိုးသည်ဆယ်ပါးရှိသည်။ ယင်း ဂန္ဓဒါနအကျိုးဆယ်ပါးကို အောက်ပါ ဆောင်ပုဒ်ဖြင့် သိရာသည်။

ဆောင်။ ။တိက္ခဟာသ၊ ဇဝနနှင့်၊ ဒဋ္ဌဘူရိ၊ ဂမ္ဘီပညာ၊
ကောင်းစွာကိုယ်နံ့၊ ကျော်ပြန့် ထင်ရှား၊
ခြွေရံများ၏၊ ဆယ်ပါးအကျိုး၊ စုံပြည့်ဖြိုး
သည်၊ အခိုးထုံနံ့ အလှူတည်း။

အရသာနှင့် ပြည့်စုံသော စားဖွယ်သောက်ဖွယ်များကို ရရှိ၍ သံဃာတော်အား လှူဒါန်းခြင်းသည် ရသဒါန မည်၏။ ဒုဋ္ဌဂါမဏိမင်းကြီးသည် အရသာရှိသော အစား အစာရှိလျှင် သံဃာတော်အား လှူပြီးမှ စားတော်ခေါ် လေ့ရှိသည်၊ တခါတွင် အလွန်ကောင်းသော အရသာ ရှိသော စားဖွယ်များကို သံဃာတော်အားမလှူပဲစားခြင်း သည် ငါ၏အလေ့အကျင့် မဟုတ်ပါချေဟု နှလုံးသွင်းပြီး သံဃာတော်ပေါင်း ၁၂၀၀၀ (တသောင်း နှစ်ထောင်) တို့အား လှူဒါန်းကြောင်းလာရှိသည်။[၁] ကျောင်းအမ ကြီး ဝိသာခါသည် ပုဗ္ဗာရုံ ကျောင်းတိုက်ကြီးလှူစဉ်က ဆွောင်စောင်းအင်းပျဉ်, ဖုံ့ ခေါင်းအုံး စသော ဖော့ဋ္ဌဗ္ဗ ဒါနများ လှူဒါန်းလေသည်၊ အခြားပုဂ္ဂိုလ်များလည်း ဤကဲ့သို့လှူဒါန်းကြသည်။

၁။ သံဃဿ အဒတွာ ပရိဘုဉ္ဇန္တာနံ အမှာကံ န အာစိဏ္ဏန္တိ ဒွါဒသန္နံ ဘိက္ခုသဟဿာနံ ဒါပေတွာ.... အဘိ၊ဋ္ဌ၊၁၊၁၂၁။

မြေကထိကပုဂ္ဂိုလ်များ, စာချဆရာတော်များ၏ စာပေချပို့တော်မူခြင်းသည် ကြီးကျယ်သော မြေဒါနဖြစ်သည်။ ဘုရားဟော သုတ္တန်စသည်များကို အသံထုတ်၍ ရွတ်ဆိုပူဇော်ခြင်း စသည်လည်း မြေဒါနမည်၏။ သီဟိုဠ်ကျွန်း သာသနာ သက္ကရာဇ် ၃၇၃–၄၀၇–တွင် နန်းတက်သော ဒုဋ္ဌဂါမဏိမင်းကြီးသည် အနုရာဓ လောဟပါသာဒ ကြေးပြာသာဒ် အောက်ထပ်တွင် သံဃာ့အလယ် မြေဒါန အကျိုးကြီးသည်ဟု နှလုံးပိုက်ပြီး မင်္ဂလသုတ်ရွတ်ဆိုရာ သံဃာတော်အား ရိုသေအားကြီးသဖြင့် ရွတ်ဆို၍ မဆုံးပဲ ရှိလေသည်။ မြေကထိကရဟန်းများ ပင့်ပေးခြင်း, မြေကထိကရဟန်းများအား ထောပတ်ပျားတင်းလဲ စသည့် ဆေးပစ္စည်း ထောက်ပံ့ခြင်းသည်လည်း မြေဒါနတွင် ပါဝင်သည်။ ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း မြေဒါန ဖြစ်စိမ့်သောငှါ သီဟိုဠ်ကျွန်း ကျောင်းတိုက်များတွင် စွမ်းနိုင်သော ဆရာတော် သံဃာတော်များကို တရားဟောစေတော်မူခဲ့သည်။ ၎င်းပြင် ဆေးပစ္စည်း အထောက်အပံ့လည်း လှူဒါန်းတော်မူခဲ့လေသည်။

တတောပ္ပဘုတိလံကာယ၊
ဝိဟာရေသု တဟိံ တဟိံ။

၁။ မြေဒါနံ မဟာန္တန္တိ။ သုတွာ အာမိသဒါနတော။
လောဟပါသာဒတော ဟေဋ္ဌာ၊ သံဃမဇ္ဈမှိ အာသနေ။
သြသာ ရေဿာမိ သံဃဿ၊ မင်္ဂလသုတ္တမိစ္စတံ။
နိသိန္နော သြသာရယိတုံ၊ နာသက္ခိ သံဃဂါရဝါ။
မဟာဝံသ၊ ၃၂၊ ၄၃။

ဓမ္မကထံ ကထာပေယျံ၊
သက္ကရိတွာန ဒေသကော။

ဓမ္မကထိကဝေသာကာယ။
သပ္ပိဖာဏိတသက္ခရံ။
နာဠိံ့နာဠိမဒါပေသိ၊
ဒါပေသိံ စတုရင်္ဂုလံ။ ၁

အာရာမရောပဒါန စသည် ၆-ပါးတွဲဒါန

တနည်း ဒါနသည်—

၁။ အာရာမရောပဒါန

၂။ ဝနရောပဒါန

၃။ သေတုကာရကဒါန

၄။ ပပါဒါန

၅။ ဥဒပါနဒါန

၆။ ဥပဿယ ဒါန-အားဖြင့် ၆-ပါးအပြား
ရှိသည်။

ထိုတွင် ပန်းအရာမ်,သစ်သီးအရာမ်စိုက်ပျိုး၍ လှူဒါန်း ခြင်းသည် အာရာမရောပဒါန မည်၏။ အလိုအလျောက် ပေါက်ရောက်၍ မစိုက်ပျိုးအပ်သော တော၌ ပိုင်းခြား ကာရံ၍ဖြစ်စေ, စေတီ, ဗောဓိပင်, မဏ္ဍပ်, ကုဋိ-လိုဏ်, ညဉ့်သန့်ရာအရပ်, နေ့သန့်ရာအရပ်တို့ကို ပြုလုပ်၍ဖြစ်စေ, အရိပ်ကောင်းသော သစ်ပင်တို့ကို စိုက်ပျိုး၍ဖြစ်စေ

၁။ မဟာဝံသ။ ၃၂၊ ၄၄၊ ၄၅။

လှူဒါန်းခြင်းသည် ဝနရောပ ဒါနမည်၏။ တံတားခင်း၍ လှူဒါန်းခြင်းသည် သေတုကာရက ဒါနမည်၏။ ရေအိုးစင်တည် လှူဒါန်းခြင်းသည် ပပါဒါနမည်၏။ ရေတွင်း ရေကန် ရေမြောင်းတူး၍ လှူဒါန်းခြင်းသည် ဥဒပါန ဒါနမည်၏။ ဇရပ်တန်ဆောင်း ဂူ ကျောင်း, ပြာသာဒ် ဆောက်တည် ပြုလုပ်လှူဒါန်းခြင်းသည် ဥပဿယဒါန မည်၏။ ထို ၆-ပါးတို့တွင် တမျိုးမျိုးကို လှူဒါန်းသော အလှူ့ရှင်သည် နေ့နေ့ညည အမြဲနိစ္စထာဝရ ကုသိုလ် ပုညတိုးပွား၍ သေပြီးနောက် နတ်ပြည်သို့ ရောက်ရသည်။ ၁

ဆောင်။ ။အရာမ်သစ်ပင်၊ စည်ပင်သာမော၊ တောကို
မျိုးလှူ၊ တံတားလှူနှင့်၊ ကြည်ဖြူလှူစွာ၊
သဒ္ဒါပြည့်ဖြိုး။ ရေအိုးစင်လှူ၊ တမူသန့်ရှင်း၊
ရေတွင်း ရေကန်၊ တန်ဆောင်းဂူကျောင်း၊
ရောင်မောင်းပြာသာဒ်၊ ဇရပ်ဟူသည်၊ အလှူ
ရှစ်ပါး၊ လွန်ထူးခြား၏၊ တပါးပါးပြု၊ ကုသိုလ်
ရှင်ကား၊ သေလျှင်နတ်ပြည်၊ စံရသည်ဟူ၊
ဝိဒူဆရာ၊ မိန့်မြွက်မှာသည်၊ နောင်လာမှတ်ဖို့
ကဗျာတည်း။ ၂

ဤသည်လျှင် ၆-ပါးတွဲဒါန ဖြစ်သည်။ ၇-ပါးတွဲဒါန ကိုလည်း ဆက်လက်ကြည့်ရှု၍ လေ့လာရာ၏။

၁၊ သံ၊ ၁။ ၃၀-၃၁။ သံ၊ ဋ္ဌ၊ ၁။ ၈၃။ သံ၊ ဋီ၊ ၁။ ၁၂၃။

၂။ ထာဝရဒါန, အထာဝရဒါန အခန်းလည်း ပြန်ကြည့်။

ဥဘတောသံဃဒါန စသော ဒါနအပြား ၇-ပါး

တနည်း ဒါနသည်—

၁။ ဗုဒ္ဓပ္ပမုခ ဥဘတောသံဃဒါန

၂။ တထာဂတပရိနိဗ္ဗုတဥဘတောသံဃိကဒါန

၃။ ဧကတော ဘိက္ခုသံဃိကဒါန

၄။ ဧကတော ဘိက္ခုနီသံဃိကဒါန

၅။ ဥဘတော သံဃဥဒ္ဒိဿသံဃိကဒါန

၆။ ဧကတော ဘိက္ခုသံဃ ဥဒ္ဒိဿသံဃိကဒါန

၇။ ဧကတော ဘိက္ခုနီသံဃ ဥဒ္ဒိဿဒါန အားဖြင့် ၇-ပါး အပြားရှိသည်။ ထိုတွင်ဘုရားအမှူးရှိသော ရဟန်းယောကျ်ားရဟန်း မိန်းမသံဃာ ၂ဘက်အား လှူခြင်းသည် ဗုဒ္ဓပ္ပမုခ ဥဘတောသံဃိကဒါနမည်၏။ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသောအခါ ရဟန်းယောကျ်ား ရဟန်းမိန်းမအားဖြင့် ၂-ဖက်သော သံဃာအား လှူဒါန်းခြင်းသည် တထာဂတပရိနိဗ္ဗုတ ဥဘတော သံဃိကဒါနမည်၏။ တဘက်သော ရဟန်းယောကျ်ား သံဃာအားသာ လှူဒါန်းခြင်းသည် ဧကတော ဘိက္ခုသံဃိကဒါန မည်၏။ တဘက်သော ဘိက္ခုနီသံဃာအားသာ လှူဒါန်းခြင်းသည် ဧကတော ဘိက္ခုနီသံဃိကဒါနမည်၏။ ဤရွေ့ဤမျှအတိုင်းအရှည် အရေအတွက်ရှိသော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ကို သံဃာထဲမှ ညွှန်ချပါဟု လျှောက်ထားသဖြင့် သံဃာက ညွှန်းချသော ရဟန်းယောကျ်ား ရဟန်းမိန်းမများအား လှူဒါန်းခြင်းသည် ဥဘတောသံဃဥဒ္ဒိဿ

သံဃိကဒါနမည်၏။ ရဟန်းယောကျ်ားသံဃာအားလျှောက်ထားတောင်းယူ၍ ရဟန်းယောကျ်ားထဲမှ ညွှန်းချသော ရဟန်းယောကျ်ားအား လှူဒါန်းခြင်းသည် ကေတော ဘိက္ခုသံဃဥဒ္ဒိသ သံဃိကဒါနမည်၏။ ရဟန်းမိန်းမတို့ကို လျှောက်ထား၍ ရဟန်းမိန်းမ သံဃာထဲမှ ညွှန်းချရာ ရဟန်းမိန်းမအား လှူဒါန်းခြင်းသည် ကေတော ဘိက္ခုနီ သံဃဥဒ္ဒိသ သံဃိကဒါနမည်၏။[၁]

ဤသည်လျှင် ၇ ပါးတွဲဒါနဖြစ်သည်။ ရှစ်ပါးတွဲဒါနများကိုလည်း ဆက်လက်ကြည့်ရှုရာ၏။

အာသဇ္ဇဒါနစသော ၈-ပါးတွဲဒါန

တနည်း ဒါနသည်—

၁။ အာသဇ္ဇဒါန

၂။ ဘယာဒါန

၃။ အဒါသိမေဒါန

၄။ ဒဿတိမေဒါန

၅။ သာဟုဒါန

၆။ အဒါတုံနာရဟာမိဒါန

၇။ သိလောကပတ္တနာဒါန

၈။ စိတ္တာလင်္ကာရဒါန-အားဖြင့် ၈ ပါးအပြားရှိသည်။

၁။ မ။၃။၂၈၁၊ မဋ္ဌ၊ ၄။၂၂၄။ မ၊ ဋီ။၃။၄၁၁။

ထိုတွင် မိမိထံမှောက်သို့ အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်လာလျှင် မကြန့်ကြာ မပင်ပန်းစေပဲ ချက်ခြင်းအရေးတယူ ပေးလှူခြင်းသည် အာသန္နဒါနမည်၏။ အကဲ့ရဲ့ခံရမည့်အရေး အပါယ်ငရဲ ကျခံရမည့်အရေးကို ကြောက်ရွံ့၍ ပေးလှူခြင်းသည် ဘယာဒါနမည်၏၊ ဤသူသည် ရှေးအခါက ငါ့အား ဤမည်သောဝတ္ထုကို ပေးလှူဖူးပြီဟု နှလုံးသွင်း၍ အကျိုးပြန်သောအားဖြင့် ပေးလှူခြင်းသည် အဒါသိမေ ဒါနမည်၏။ ယခုအခါငါကပေးလှူလိုက်လျှင် နောင်အခါ ငါ့အားပြန်၍ ပေးလှူလိမ့်မည်ဟု ရည်ရွယ်၍ပေးလှူခြင်းသည် ဒဿတိမေဒါန မည်၏။ လှူဒါန်းပေးကမ်းခြင်းသည် ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းအပ်သည်ဖြစ်၍ ကောင်းမွန်သောအလုပ်ဖြစ်ပေသည်ဟု နှလုံးသွင်း၍ ပေးလှူခြင်းသည် သာဟုဒါန်မည်၏။ ငါသည် ချက်ပြုတ်၍စားနေသူ ဖြစ်ပါလျက် မချက်မပြုတ်ရသော သူအား မလှူဒါန်းပဲ စားခြင်းငှာ မသင့်မတော် မလျော်ပါချေဟု နှလုံးသွင်း၍ ပေးလှူခြင်းသည်အဒါတုံနာရဟာမိဒါနမည်၏။ ဤမည်သော အလှူဒါနကို ငါပြုလိုက်ပါက ငါ၏ ကောင်းသော ဂုဏ်သတင်းကျော်စောသံ လွှမ်းမိုးပျံ့နှံ့သွားလိမ့်မည်ဟု နှလုံးသွင်း၍ ပေးလှူခြင်းသည် သိလောကပဏ္ဏနာ ဒါနမည်၏။ သမထဝိပဿနာ ဘာဝနာစိတ် တည်ကြည်စေရန် အဆင်ဘန်ဆာ အခြံအရံအဖြစ် ရည်ရွယ်၍ ပေးလှူခြင်းသည် စိတ္တာလင်္ကာရဒါနမည်၏။ ယင်းရှစ်ပါးတွင် နောက်ဆုံးဖြစ်သော စိတ္တာလင်္ကာရဒါနသည်သာတရားအားထုတ်ရာ၌ စိတ်တည်ကြည်ရှင်လန်းလာအောင် အားပေးပုံကာ ဈာန်မဂ်ဖိုလ်

ရကြောင်းဖြစ်သော သမထ ဝိပဿနာတို့အား ကျေးဇူး များသောကြောင့် အမြတ်ဆုံးဒါနဖြစ်သည်။[၁]

ဆောင်။ ။ဈာနမဂ္ဂ၊ ဖလရကြောင်း၊ ကောင်းသောဓမ္မ၊ သမထဝိပဿနာ၊ ဤနှစ်ဖြာအား၊ ဥပကာရ၊ များလှပေထ၊ စိတ္တအလင်္ကာရ၊ ဤဒါန၊ မုချ အမြတ်ဆုံး ဖြစ်သတည်း။

ဆန္ဒာဒါနစသော ၈-ပါးတွဲဒါန

တနည်း ဒါနသည်-

၁။ ဆန္ဒာဒါန

၂။ ဒေါသာဒါန

၃။ မောဟာဒါန

၄။ ဘယာဒါန

၅။ ဟာပေတုံနာရဟာမိဒါန

၆။ သဂ္ဂလောကပတ္ထနာဒါန

၇။ စိတ္တုပသာဒ ဒါန

၈။ စိတ္တာလင်္ကာရဒါန- အားဖြင့် ၈-ပါးအပြား ရှိသည်။

ထိုတွင် အလှူခံ ပုဂ္ဂိုလ်အား ချစ်ခင်ခြင်းမေတ္တာပေမ ဖြင့် ပေးလှူခြင်းသည် ဆန္ဒာဒါန မည်၏။ မလွဲမရှောင်

၁။ အံ၊ ၃၊ ၆၈။ အံ၊ ဋ္ဌ၊ ၃။ ၂၂၈။ အံ၊ ဋီ၊ ၃။ ၂၃၆။

သာသည့်အတွက် အလှူခံပုဂ္ဂိုလ်အား မုန်းလျက်နှင့်ပင် ပေးလှူခြင်းသည် ဒေါသာဒါနမည်၏။ အကြောင်းအကျိုး အကောင်းအဆိုးကို မသိပဲ မိုက်မဲတွေဝေသဖြင့် ပေးလှူခြင်းသည် မောဟာဒါနမည်၏။ အကဲ့ရဲ့ခံရမည့်အရေး, အပါယ်ငရဲကျမည့်အရေး, အလှူခံပုဂ္ဂိုလ်က တစုံတခုရန်ပြုမည့်အရေးကို ကြောက်ရွံ့သဖြင့် ပေးလှူခြင်းသည်ဘယာဒါနမည်၏။ ငါ၏ မိဘ ဘိုးဘွားများလက်ထက်ကပင် ပေးကမ်းလှူဒါန်းခဲ့ကြသည်။ မိဘဘိုးဘွားများ အဆက်ဆက်ကပင် ပေးကမ်းလှူဒါန်းခဲ့သည့် အဆက်အနွယ်ကို ယုတ်လျော့စေခြင်းငှာ မသင့်လျော်ဟု နှလုံးသွင်း၍ ပေးလှူခြင်းသည် ဟာပေတုံ နာရဟာမိဒါနမည်၏။ သေလွန်ပြီးနောက် နတ်ပြည်သို့ သွားရောက်ရတော့အံ့ဟု နှလုံးသွင်း၍ ပေးလှူခြင်းသည် သဂ္ဂလောက ပတ္ထနာဒါနမည်၏။ ဒါနပြုလျှင် စိတ်ကြည်လင်မည်, နှစ်သက်ရွှင်လန်းဝမ်းမြောက်ခြင်းဖြစ်လိမ့်မည်ဟု စိတ်ကြည် လင်ရွှင်လန်း, ဝမ်းမြောက်မှုကို ရှုမျှော်၍ ပေးလှူခြင်းသည် စိတ္တပသာဒဒါနမည်၏။ သမထဝိပဿနာ စိတ်ဘည်ကြည်စေရန် အဆင်းတန်ဆာ အခြံအရံအဖြစ် ရည်ရွယ်၍ ပေးလှူခြင်းသည် စိတ္တာလင်္ကာရဒါနမည်၏။ ၁

သုစိဒါနစသော ၈ ပါးတွဲဒါန

တနည်း ဒါနသည်—

၁။ သုစိဒါန

၂။ ပဏီတဒါန

၁။ အံ။ ၃။ ၆၉။ အံ၊ဋ္ဌ၊၃။ ၂၂၉။ အံ။ဋီ၊၃။ ၂၃၆။

၃။ ကာလဒါန

၄။ ကပ္ပိယဒါန

၅။ ဝိစေယျဒါန

၆။ အဘိဏှဒါန

၇။ စိတ္တပသာဒဒါန

၈။ အတ္တမနဒါန - အားဖြင့် ၈-ပါးအပြားရှိသည်။

ထိုတွင် သန့်ရှင်းစင်ကြယ် တင့်တယ်သော ဝတ္ထုကို ပေးလှူခြင်းသည် သုစိဒါနမည်၏။ မှန်မြတ်သော အရသာရှိသော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းသည် ပဏီတဒါနမည်၏။ သင့်လျော် လျောက်ပတ်သော အခါ၌ ပေးလှူခြင်းသည် ကာလဒါနမည်၏။ အလှူခံပုဂ္ဂိုလ်နှင့် အပ်စပ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ကပ္ပိယဒါနမည်၏။ အလှူခံပုဂ္ဂိုလ်, အလှူဝတ္ထုကို ရွေးချယ်စိစစ်၍ ပေးလှူခြင်းသည် ဝိစေယျဒါနမည်၏။ စွမ်းနိုင်သမျှ တတ်အားသမျှ မပြတ်မလပ် ပေးလှူခြင်းသည် အဘိဏှဒါနမည်၏။ လှူဒါန်းစဉ် ဒါနပြုစဉ် စိတ်ကို ကြည်လင်စေ၍ ပေးလှူခြင်းသည် စိတ္တပသာဒ ဒါနမည်၏။ လှူဒါန်းပြီးနောက် ဝမ်းမြောက် ဝမ်းသာဖြစ်အောင် ပေးလှူခြင်းသည် အတ္တမန ဒါန မည်၏။

ဤ ၈-ပါးသော ဒါနကိုလည်း သူတော်ကောင်းတို့၏ ပေးလှူနည်းအတိုင်း လှူဒါန်းခြင်း ဖြစ်သောကြောင့် သပ္ပုရိသဒါန မည်၏။[၁]

ပညာရှိ ချီးမွမ်း, သေလျှင် လူ့ပြည် နတ်ပြည် ရောက်သော ဒါန

ဖော်ပြပါ လှူနည်းအတိုင်း လှူလျှင် ပညာရှိတို့ ချီးမွမ်းကြောင်း, လူ့ရပ် နတ်ထံ ရောက်ကြောင်း ဘုရားရှင်သည် အောက်ပါ ၃-ဂါထာဖြင့် ဆက်လက် ဟောကြားတော်မူသည်။

၁။ သုစိံ ပဏီတံ ကာလေန၊
ကပ္ပိယံ ပါနဘောဇနံ။
အဘိဏှံ ဒဒါတိ ဒါနံ၊
သုခေတ္တေသု ဗြဟ္မစာရိသု။

၂။ နေ၀ ဝိပ္ပဋိသာရိဿ၊
စဇိတွာ အာမိသံ ဗဟုံ။
ဧဝံ ဒိန္နာနိ ဒါနာနိ၊
ဝဏ္ဏယန္တိ ဝိပဿိနော။

၃။ ဧဝံ ယဇိတွာ မေဓာဝီ၊
သဒ္ဓေါ မုတ္တေန စေတသာ။

၁၊ အံ၊၃။၇၄။ အံ၊ဋ္ဌ၊၃။၂၃၀။

အဗျာပဇ္ဈံ သုခံ လောကံ၊
ပဏ္ဍိတော ဥပပဇ္ဇတိ^၁^။

သုခေတ္တသု၊ ကောင်းမွန်လှစွာ လယ်ယာ မြေကောင်း သဖွယ် ဖြစ်ကုန်သော။ ဗြဟ္မစာရိသု၊ အကျင့်မြတ်ကို မပြတ် ကျင့်ကြံ ရဟန်းသံဃာတော် အရှင်မြတ်တို့၌။ သုစိံ၊ သန့် ရှင်း စင်ကြယ်သော။ ဒါနံ၊ လှူဖွယ်ဝတ္ထုကိုလည်းကောင်း။ ပဏီတံ၊ မွန်မြတ်သော အရသာနှင့် ပြည့်စုံသော။ ဒါနံ၊ လှူဖွယ်ဝတ္ထုကို လည်းကောင်း။ ကာလေန၊ သင့်လျော် လျောက်ပတ် ကောင်းမြတ်သောအခါ၌။ ကပ္ပိယံ၊ ရဟန်း သံဃာတော်တို့အား အပ်စပ်သော။ ပါနဘောဇနံ၊အဖျော် ယမကာ, ဘောဇဉ်ဟု ဆိုအပ်သော။ ဒါနံ၊ လှူဒါန်းဖွယ် ကိုလည်းကောင်း။ အဘိဏှံ၊ မပြတ်မလပ်၊ ဒဒါတိ၊ သဒ္ဓါ ဖွေးဖြူ ပေးလှူ၏။ ဗဟုံ၊ များစွာသော။ အာမိသံ၊ ဆွမ်း သက်နှီး စသော လှူဖွယ်ဝတ္ထုပစ္စည်း အာမိသကို။စဇိတွာ၊ မငြွေမနှော ရက်ရောစွာ လှူဒါန်း၍။ ဝိပ္ပဋိသာရီ၊ စိတ်ကြံ အိုက်စွာ နှလုံးမသာယာသူသည်။ နေဝအာသ၊ မဖြစ်ရာ။ ဝိပဿိနော၊သဒ္ဓါကွန့်မြူး အထူးသိမြင် ပညာရှင်တို့သည်။ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်။ ဒိန္နာနိ၊ သူတော် စွာတို့ သဒ္ဓါကြည်ဖြူ လှူနည်းလျော်လှ ပေးလှူအပ်သော ဒါနတို့ကို။ ဝဏ္ဏယန္တိ၊ နှစ်ထောင်းအားရ ချီးမွမ်းကြကုန် ၏။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော။ မေဓာဝီ၊နှိုင်း ချိန် မှတ်ဆောင် ဉာဏ်ရောင်ကဲလျှံ ဉာဏ်ပညာနှင့် ပြည့်စုံ သော၊' ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိပုဂ္ဂိုလ်

၁။ အံ၊ ၃။ ၇၄။

သည်။ မုတ္တေန၊ မစ္ဆေမနေ့ာ ရက်ရောသော။ စေတသာ၊ စိတ်ဖြင့်။ ယဇိတ္တွာ၊ မြတ်လေးကော်ရော် ပူဇော်၍။ အဗျာပဇ္ဈံ၊ ကြောင့်ကြ ဗျာပါဒ မရှိရာဖြစ်သော၊ ဝါ၊ ဆင်းရဲခြင်း ကင်းရာဖြစ်သော။ သုခံ၊ ချမ်းသာသော။ လောကံ၊ နတ်ပြည်သို့။ ဝါ၊ နတ်ပြည်၌။ ဥပပဇ္ဇတိ၊ ကပ်ရောက်ရ၏။ ဝါ၊ ဖြစ်ရ၏။

ဤသည်လျှင် ၈-ပါးတွဲ ဒါန ဖြစ်သည်။ ၉ ပါးတွဲ ဒါနကိုလည်း ဆက်လက်၍ ကြည့်ရှုရာ၏။

သံဃပရိဏာတ အညဒါန စသော ၉-ပါးတွဲဒါန

တနည်း ဒါနသည်-

၁။ သံဃပရိဏာတအညသံဃဒါန

၂။ သံဃပရိဏာတ စေတိယဒါန

၃။ သံဃပရိဏာတပုဂ္ဂလဒါန

၄။ စေတိယပရိဏာတအညစေတိယဒါန

၅။ စေတိယပရိဏာတသံဃဒါန

၆။ စေတိယပရိဏာတပုဂ္ဂလဒါန

၇။ ပုဂ္ဂလပရိဏာတအညပုဂ္ဂလဒါန

၈။ ပုဂ္ဂလပရိဏာတ သံဃဒါန

၉။ ပုဂ္ဂလပရိဏာတ စေတိယဒါန အားဖြင့် ၉ ပါး အပြားရှိသည်။

ထိုတွင် သံဃာအား လှူပါမည် ဆောက်လုပ်ပါမည်
ဟု နှုတ်မြွက်ဝန်ခံ၍ ညွှတ်ကိုင်းပြီးလာဘ်ကို ညွှတ်ယင်း
သံဃာမှတပါး အခြားသံဃာအား ညွှတ်ကိုင်းစေခြင်း
သည် သံဃပရိဏာတ အညသံဃဒါနမည်၏။ (တခုသော
ကျောင်းတိုက်ရှိ သံဃာအား လှူဒါန်းရန်ရည်ရွယ်ထား
သော ပစ္စည်းဝတ္ထုကို ရည်ရွယ်ယင်း ကျောင်းတိုက်မှတပါး
အခြားကျောင်းတိုက်ရှိ သံဃာအား လှူပါဟု အလှူရှင်
ဒါယကာတို့အား မပြောကောင်းချေ) သံဃလာဘ်ကို
စေတီအား ညွှတ်ကိုင်းလှူဒါန်းစေခြင်းသည်သံဃပရိဏာတ
စေတိယဒါနမည်၏။ (သံဃာအားလှူဒါန်းရန် ရည်ရွယ်
ထားသော ပစ္စည်းဝတ္ထုကို သံဃာအားပေးလှူ၍ အကျိုး
မရှိ၊ စေတီတော်အား လှူဒါန်းပူဇော်ပါဟု အလှူရှင်
ဒါယကာတို့အား မပြောဆိုကောင်းချေ) သံဃာ့လာဘ်
ကိုပင် ပုဂ္ဂိုလ်တပါးပါးအား ကိုင်းညွှတ်လှူစေခြင်းသည်
သံဃပရိဏာတပုဂ္ဂလဒါနမည်၏။ စေတီတော်အား ညွှတ်
ပြီးသောလာဘ်ကို ညွှတ်ကိုင်းရင်း စေတီတော်မှတပါး
အခြား စေတီတော်တဆူဆူအား ညွှတ်ကိုင်း လှူစေခြင်း
သည်စေတိယ ပရိဏာတ အညစေတိယဒါနမည်၏၊ (စေတီ
တော်တဆူအတွက် သတ်မှတ်၍ စိုက်ပျိုးထားသော ပန်း
ခြံမှပန်းပွင့်ကို အခြားစေတီ တဆူဆူ၌မတင်မလှူကောင်း
ချေ။ စေတီတဆူဆူ၌ လှူပြီးသောထီးတံခွန်တို့မှ အကြွင်း
အကျန်အပိုလျှံကိုမူ အခြားစေတီတဆူအားလှူစေကောင်း
သည်။) စေတီတော်အားညွှတ်ပြီးသောလာဘ်ကို သံဃာ
အားညွှတ်ကိုင်းလှူစေခြင်းသည်စေတိယပရိဏတသံဃဒါန
မည်၏။ရင်းပြင် စေတီတော်အား ညွှတ်ပြီးသော လာဘ်ကို

ပုဂ္ဂိုလ်အားကိုင်းညွှတ်လှူစေခြင်းသည်စေတိယပရိဏတပုဂ္ဂလဒါနမည်၏။ ပုဂ္ဂိုလ်အား ညွှတ်ကိုင်းထားပြီးသောလာဘ်ကိုညွှတ်ယင်း ပုဂ္ဂိုလ်မှတပါးအခြားပုဂ္ဂိုလ်တယောက်အား ညွှတ်ကိုင်းလှူစေခြင်းသည် ပုဂ္ဂလပရိဏတအညပုဂ္ဂလဒါနမည်၏။

(အယုတ်သဖြင့် ခွေးတကောင်အား ကျွေးဖို့ ရန်ရည်ရွယ်ထားသော အစားကို ရည်ရွယ်ယင်း ခွေးမှ အခြားသော ခွေးတကောင်ကောင်အား သော်မှ ပြောင်းရွှေ့၍မကျွေးကောင်းပါ။)

အကယ်၍ အလှူရှင်ဒါယကာက သံဃာတော်အားဆွမ်းလှူလိုပါသည်။ စေတီတော်အား ပူဇော်လိုပါသည်။ ဂုဟန်းတပါးအား ပရိက္ခရာ လှူလိုပါသည်။ အရှင်ဘုရားတို့၏ သဘောကျအလိုအတိုင်းလှူပါမည်။ မည်သူ့အား လှူရပါမည်နည်း အမိန့်ရှိတော်မူပါဟု လျှောက်ထား လာပါမူ မည်သူ့အား လှူဒါန်းပါဟု ညွှန်းဆိုကောင်းသည်။

ပုဂ္ဂိုလ်အား ကိုင်းညွှတ်ပြီးသောလာဘ်ကို သံဃာအား ညွှတ်ကိုင်းလှူစေခြင်းသည် ပုဂ္ဂလပရိဏတ သံဃဒါနမည်၏။ ထိုမှတပါး ပုဂ္ဂိုလ်အား ညွှတ်ပြီးသောလာဘ်ကို စေတီတော်အား ညွှတ်ကိုင်းလှူစေခြင်းသည် ပုဂ္ဂလပရိဏတ စေတိယဒါနမည်၏။ ယင်းဒါန ၉-ပါးကို တရားနှင့်အညီ ပေးလှူခြင်း မဟုတ်သောကြောင့် အဓမ္မိကဒါနဟု ခေါ် ဆိုရသည်။[၁]

၁။ ဝိ၊၁။၃၀၀။ ဝိ၊၅။၂၄၅။ ဝိ၊ဋ္ဌ၊၂။၃၁၁။ ဝိ၊ဋ္ဌ၊၄။၁၁၀။

အန္နဒါနစသော ၁၀-ပါးတွဲဒါန

တနည်း ဒါနသည်-

၁။ အန္နဒါန

၂။ ပါနဒါန

၃။ ဝတ္ထဒါန

၄။ ယာနဒါန

၅။ မာလာဒါန

၆။ ဂန္ဓဒါန

၇။ ဝိလေပနဒါန

၈။ သေယျာဒါန

၉။ အာဝသထဒါန

၁၀။ ပဒီပဒါန—အားဖြင့် ၁၀-ပါးအပြားရှိသည်။

ထိုတွင် ဆွမ်းဘောဇဉ် မုန့်ပဲသရေစာ အစရှိသော စားဖွယ်ခဲဖွယ်အစာအာဟာရကို လှူဒါန်းခြင်းသည် အန္နဒါနမည်၏၊ အဖျော်နှင့် အခြားသောက်ဖွယ်ကို ပေးလှူခြင်းသည် ပါနဒါနမည်၏။ အဝတ်သင်္ကန်းကို ပေးလှူခြင်းသည် ဝတ္ထဒါနမည်၏။ ဖိနပ်စသောယာဉ်ကို ပေးလှူခြင်းသည် ယာနဒါနမည်၏။ ပန်းအမျိုးမျိုးကို ပေးလှူခြင်းသည် မာလာဒါနမည်၏။နံ့သာတုန်းနံ့သာခဲ့အမွှေးတိုင်ကို ပေးလှူခြင်းသည် ဂန္ဓဒါနမည်၏။ နံ့သာရည် နံ့သာပျောင်း အရောင်တင်ဆေးကို ပေးလှူခြင်းသည်

ဝိလေပနဒါနမည်၏။ ညောင်စောင်း အင်းပျဉ် အိပ်ရာနေရာကို ပေးလှူခြင်းသည် သေယျာဒါနမည်၏။ ဇရပ်တန်ဆောင်း ပြာသာဒ် မဏ္ဍပ်ကျောင်းကို ပေးလှူခြင်းသည် အာဝသထဒါနမည်၏။ ဆီမီးအရောင်အလင်း ဖယောင်းတိုင်မီးဖန်သီးဖလ်ချောင်းမီးရောင်စသည့် အရောင်အလင်းကိုပေးလှူခြင်းသည်ပဒီပဒါနမည်၏[၁]။ လက်နှိပ်မီးကို ပေးလှူခြင်းသည်လည်းပဒီပဒါနမည်၏။

မဇ္ဈဒါနစသော ၁၀-ပါးတွဲဒါန

တနည်း ဒါနသည်–

၁။ မဇ္ဈဒါန

၂။ သမဇ္ဈဒါန

၃။ ဇုတ္တိဒါန

၄။ ဥဿဘဒါန

၅။ စိတ္တကမ္မဒါန

၆။ သတ္တဒါန

၇။ ဝိသဒါန

၈။ သန်လိကဒါန

၉။ ကုက္ကုဋ္ဌသူကရဒါန

၁။ သံ။၂။၂၁၅။ အံ၊၃။၄၄၂။ ဇာတိဝတ်။၄၂ဝ။ ဝိ၊ ဋ္ဌ၊၄။၁၈၂။ ဒီ၊ဋ္ဌ၊၃။၁ဝ၆။

၁၀။ တုလာကူဋမာနကူဋဒါန-အားဖြင့် ၁၀-ပါး
အပြားရှိသည်။

ထိုတွင် သေရည်အရက်ကို ပေးလှူခြင်းသည် မဇ္ဇဒါနမည်၏၊ ပွဲလမ်းသဘင်ဖြင့် လှူဒါန်းပူဇော်ခြင်းသည် သမဇ္ဇဒါန မည်၏။ မိန်းမကို ပေးလှူခြင်းသည် ဣတ္ထိဒါန မည်၏။ နွားမ အပေါင်း၏ အလယ်၌ နွားလားဥသဘကို လွှတ်ပေးခြင်းသည် ဥသဘဒါန မည်၏။ မိန်းမယောကျ်ားတို့၏ မေထုန်မှီဲဟန် ပုံသဏ္ဍာန် အစရှိသော ကိလေသာ ဖြစ်ပေါ်ကြောင်း ဖြစ်သောပန်းချီ ဆေးရေးကားချပ်ကို လှူဒါန်းခြင်းသည် စိတ္တကမ္မဒါန မည်၏။ ဓား, လှံ, လေး, မြား, သေနတ် စသော လက်နက်ကို ပေးလှူခြင်းသည် သတ္ထဒါနမည်၏။ အဆိပ်ကို ပေးလှူခြင်းသည် ဝိသဒါန မည်၏။ သံခြေကျင်းကို ပေးလှူခြင်းသည် သင်္ခလိကဒါန မည်၏။ ကြက် ဝက် တို့ကို ပေးလှူခြင်းသည် ကုက္ကုဋသူကရဒါန မည်၏။ ချိန်စဉ်းလဲ တောင်းစဉ်းလဲကို ပေးလှူခြင်းသည် တုလာကူဋ မာနကူဋဒါနမည်၏။ ယင်းဆယ်ပါးကို လောက၌ အလှူစာရင်းတွင် မထည့်ကြချေ၊ လှူဒါန်းသူမှာ အပါယ်ကျနိုင်သည်။ သို့ဖြစ်၍ သေရည်အရက် စသော အလှူဝတ္ထု ဆယ်မျိုးကို မလှူမိရန် သတိပြုရာ၏။

ဆောင်။ သေရည်အစ ယင်းဆယ်ဝကို မုချပုံသေ မလှူလေနှင့် လှူချေကမူ အပါယ်ကျကြောင်း လွန်မကောင်းသည် အပေါင်း မှတ်ကြစေကုန်သတည်း။

ဤသည်လျှင် ၁၀-ပါးတွဲ ဒါန ဖြစ်လေသည်။ ၁၁-ပါးတွဲ, ၁၂-ပါးတွဲ ၁၃-ပါးတွဲ ဒါနများ မတွေ့ရပဲ ၁၄-ပါးတွဲဒါနကို ဘုရားရှင် မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောတော်မူသည်။

မိထွေးတော် ဂေါတမီသည် ကိုယ်တိုင် စီမံ ယက်လုပ်သည့် သင်္ကန်းလျာအစုံကို ဘုရားသဗ္ဗညုအား လှူလေရာ ဘုရားမြတ်စွာသည် သံဃာ့အပေါ်၌ တဆင့်တက်၍ စေတနာ ဖြစ်ပွားစေလိုခြင်း နောင်လာ နောက်သားတို့၏ သံဃိကဒါန၌ စိတ်ညွတ်စေလိုခြင်းကြောင့် အလှူခံတော် မမူပဲ အို မိထွေးတော် ဂေါတမီ... သံဃာတော်အားသာ လှူပါ၊ သံဃာလှူတယ်ဆိုလျှင် သားတော် ဘုရားအားလဲ လှူဒါန်းရာ ရောက်ပါတယ် စသည်ဖြင့် မိန့်ကြားတော်မူ၍ သံဃာတော်အား လှူဒါန်းရန် ၃-ကြိမ်တိုင်အောင် တိုက်တွန်းတော်မူခဲ့လေသည်။ ထိုအခါ မိထွေးတော် ဂေါတမီ၏ ဘုရားရှင်အပေါ်ဝယ် ကျေးဇူးများရှိခဲ့ခြင်း, ဘုရားရှင်လဲ မိထွေးတော် ဂေါတမီအပေါ်၌ ကျေးဇူးတုံ့ များပြားမြောက်စွာ ရှိခဲ့ခြင်းတို့ကို ထောက်ထား၍ အလှူခံတော်မူရန် ညီတော်အရှင်အာနန္ဒာက ကူညီဖေးမ လျှောက်ထားပြန်လေရာ ရှေးဦးစွာ ကျေးဇူးပြုသူအား ပစ္စယာနုဂ္ဂဟာဖြင့် ကျေးဇူးဆပ်ရာ၌ ပြေလည်အောင် မတတ်နိုင်ကြောင်း မိန့်တော်မူပြီးနောက် အောက်ပါအတိုင်း ပါဋိပုဂ္ဂလိကဒါန သံဃိကဒါနအပြား ၂ ပါး၊ ယင်း ၂-ပါးမှ ဖြာထွက်သော ဒါနအပြားကို ဆက်လက်၍ ဟောကြားတော်မူသည်။

ဒါနသည် -

၁။ ပါဋိပုဂ္ဂလိကဒါန - ပုဂ္ဂိုလ်အသီးသီးအား ပေး လှူခြင်း

၂။ သံဃိကဒါန = သံဃာတော်အား လှူဒါန်းခြင်း

၂-မျိုးတွင် ပါဋိပုဂ္ဂလိကဒါန = ပုဂ္ဂိုလ်အသီး သီးအား လှူဒါန်းခြင်းသည်။

၁။ ဘုရားရှင်အား လှူဒါန်းခြင်း

၂။ ပစ္စေကဗုဒ္ဓါအား လှူဒါန်းခြင်း

၃။ အရဟတ္တဖလဋ္ဌာန် ရဟန္တာ ပုဂ္ဂိုလ်အား လှူ ဒါန်းခြင်း

၄။ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အား လှူဒါန်းခြင်း

၅။ အနာဂါမိဖလဋ္ဌာန် (အနာဂါမ်) ပုဂ္ဂိုလ်အား လှူဒါန်းခြင်း

၆။ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အား လှူဒါန်းခြင်း

၇။ သကဒါဂါမိဖလဋ္ဌာန် (သကဒါဂါမ်) ပုဂ္ဂိုလ် အား လှူဒါန်းခြင်း

၈။ သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အား လှူဒါန်းခြင်း

၉။ သောတာပတ္တိဖလဋ္ဌာန် (သောတာပန်) ပုဂ္ဂိုလ် အား လှူဒါန်းခြင်း

၁၀။ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အား လှူဒါန်း ခြင်း

၁၁။ သာသနာပကမ္မဝါဒီ အဘိညာဉ်ရ ရသေ့ ပရိဗိုဇ်အား လှူဒါန်းခြင်း

၁၂။ ကောင်းစွာ ရှောင်ဝယ် လုပ်ကိုင် စားသောက်သော ပုထုဇဉ်သီလဝန္တ ပုဂ္ဂိုလ်အား လှူဒါန်းခြင်း

၁၃။ တံငါ မုဆိုး အစရှိသော ပုထုဇဉ် ဒုဿီလအား လှူဒါန်းခြင်း

၁၄။ ခွေး ဝက် စသော တိရစ္ဆာန်အား ပေးလှူခြင်း—အားဖြင့် ၁၄-ပါးရှိသည်။ သရဏဂုံ တည်သူ သီလရှိသူ ပုထုဇဉ်လူများနှင့် ရဟန်း သာမဏေ သမထဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည် အရိယာပုဂ္ဂိုလ် ၈-ယောက်တို့တွင် သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၌ ပါဝင်ကြကုန်၏။

ထိုပုဂ္ဂိုလ်များ အနက် ၁၄ ခုမြောက် တိရစ္ဆာန်အား ပေးလှူခြင်းသည်သော်လည်း ဘဝတစ်ရာ၌ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်းဟူသော အကျိုးငါးပါးတို့ကို ပေးစွမ်းနိုင်၏။ ၁၃-ခုမြောက် တံငါမုဆိုးစသော ပုထုဇဉ် ဒုဿီလအား ပေးလှူခြင်းသည် ဘဝ ၁-ထောင်, ၁၂-ခုမြောက် ကောင်းစွာ ရှောင်ဝယ်လုပ်ကိုင် စားသောက်သော ပုထုဇဉ် သီလဝန္တပုဂ္ဂိုလ်အား ပေးလှူခြင်းသည် ဘဝ ၁-သိန်း, ၁၁-ခု မြောက် သာသနာပ ကမ္မဝါဒီအဘိ-ညာဉ်ရ ရသေ့ ပရိဗိုဇ်အား ပေးလှူခြင်းသည် ဘဝပေါင်း ကုဋေ ၁ သိန်းတိုင်အောင် ကောင်းကျိုး ၅-မျိုးကိုအဆင့်

ဆင့်ပေးစွမ်းနိုင်လေသည်။ ၁၀-ခုမြောက်မှဒါန ၁-အသိ ဒါနများသည် ဘ၀ အပိုင်းအခြား အကန့်အသတ်မရှိ မရေမတွက်နိုင်လောက်အောင် ကောင်းကျိုးကို ပြုစွမ်းနိုင်ပေသည်။

သံဃိကဒါန ၇-ပါး

သံဃိကဒါနသည်-

၁။ ဘုရားအမှူးရှိသောရဟန်းယောကျ်ား,ရဟန်းမိန်းမအား လှူဒါန်းခြင်း

၂။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဖြစ်ရှိသောရဟန်းယောကျ်ား ရဟန်းမိန်းမ သံဃာတော်အား လှူဒါန်းခြင်း

၃။ ရဟန်းယောကျ်ားသံဃာအားသာ လှူဒါန်းခြင်း

၄။ ရဟန်းမိန်းမသံဃာအားသာ လှူဒါန်းခြင်း

၅။ သံဃာမှညွှန်းသည့် ရဟန်းယောကျ်ား ရဟန်းမိန်းမအား လှူဒါန်းခြင်း

၆။ သံဃာမှညွှန်းသည့် ရဟန်းယောကျ်ားအား လှူဒါန်းခြင်း

၇။ သံဃာမှညွှန်းသော ရဟန်းမိန်းမအား လှူဒါန်းခြင်းအားဖြင့် ၇-ပါးရှိသည်။

သံဃိကဒါန လွန်စွာအကျိုးကြီး

ယင်းသံဃိကဒါနသည် အိမ်ထောင်သားမွေး ပြုလျက် ရဟန်းအမည်နာမကို ခံယူသော သင်္ကန်းလည်ရောက် ဒုဿီလပုဂ္ဂိုလ်တို့ဖြစ်သော်လည်း သံဃာကိုရည်မှတ်၍ အရိယာ သံဃာနှင့်မခြား အလားတူ လေးစားရိုသေစွာ ပေးလှူမှုပြုနိုင်ပါက ဘုရားအမှူးရှိသော သံဃာအား ပေးလှူရသကဲ့သို့ မရေမတွက်နိုင်သော ကောင်းကျိုးကိုပေးစွမ်းနိုင်ပေ၏။ သံဃိကမြောက်အောင် သံဃာ့အပေါ်၌ စိတ်ရောက်အောင် သတိကြီးစွာထားရသည်။ သံဃာထဲမှ စာရေးတံဖြင့် သာမဏေကိုရခြင်းကြောင့် စိတ်မကြည်လင်ခဲ့သော်လည်းကောင်း, မထေရ်ကြီးကိုရခြင်းကြောင့် ဝမ်းသာအားရ ဖြစ်ခဲ့သော်လည်းကောင်း, သံဃာ့အပေါ်၌ စိတ်မရောက်ဟုသိရာ၏။ စာရေးတံမဲဖြင့်ရသော သံဃာ့ကိုယ်စားလှယ်ကို ဂုဏ်ငယ်သူ, ဂုဏ်ကြီးသူဟု မပိုင်းခြားပဲ သံဃာအနေဖြင့် ရိုသေစွာပေးလှူနိုင်မှ သံဃိကမြောက်သည်။ ယင်းသို့သံဃာ့အပေါ် စိတ်ရောက်အောင် ပြုနိုင်ပါက ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်းရသော ပုဂ္ဂလိကဒါနထက် သံဃာ့ကိုယ်စားလှယ် ဒုဿီလပုဂ္ဂိုလ်အား လှူရသော သံဃိကဒါနက သာလွန်မွန်မြတ်သည်။ အကျိုးကြီး၏။ အကျိုးကြီးသော ဒါနကို "ဒက္ခိဏာဝိသုဒ္ဓိ" ဟု ခေါ်ဆိုသည်။[1] ယင်းသို့ သံဃိကဒါန၏ လွန်စွာ အကျိုးများကြောင်း သိရှိမြင်မြော်တော် မူကြသော သီဟိုဠ်ကျွန်း ကျမ်းဂန်တတ် ဆရာတော်များ အဆက်ဆက် စိစဉ်တော်

မူခဲ့သဖြင့်သီဟိုဠ်ကျွန်း၌ ရဟန်း သံဃာတော်များ ဆွမ်း ကျွေးလျှင် "ဣမံ ဘတ္တံ သံဃဿဒေမ ဤဆွမ်းကို သံဃာ တော်အား လှူပါ၏"ဟု ဆိုစေ၍ လှူဒါန်းကြသည်။ အသုဘများဘွင်ပိတ်ပိုးပိတ်စများလှူရိုးရှိရာ "ဣမံမတက ဝတ္ထံ သံဃဿ ဒေမ" ဤသေသူကို ရည်မှန်း၍ လှူဒါန်း အပ်သော အဝတ်ကို သံဃာတော်အား လှူပါ၏ဟု ဆိုစေ ၍လှူဒါန်းကြသည်။သို့ဖြစ်၍ အသင်သူတော်ကောင်းသည် လည်း သံဃိကဒါနဖြစ်အောင် လှူဒါန်းရာ၏။

ဆောင်။ ။သံဃဒါန ကျိုးဖလ ကြီးလှလွန်စွာပေ။
ထိုကြောင့်မင်းပျို၊ သံဃာကို၊ ကြည်ညိုလှူ ပါလေ။
သီဟိုဠ်ကျွန်းသူ၊ အတုယူ၊ သင်မူပြုပါလေ။

ဒါနအကျိုးအမျိုးမျိုး

အလှူဝတ္ထုလှူဒါန်းသော ပုဂ္ဂိုလ်သည်-

၁။ လူအများတို့ မျက်နှာမြင်လျှင် ချစ်ခင်ခြင်း

၂၊ သူတော်ကောင်းတို့ မှီဝဲဆည်းကပ်လာခြင်း

၃။ ကျေးဇူးဂုဏ်သတင်း ပျံ့နှံ့ကျော်စောခြင်း

၄။ ပရိသတ် ၄-ပါးသို့ ကြောက်ရွံ့ခြင်း ကင်း ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း၊ သို့မဟုတ် ၅- ပါးသီလကိုလုံခြုံစွာ စောင့်နိုင်ခြင်း

၅။ သေသည့်အခြားမဲ့၌ နတ်ပြည်သို့ လားရောက် ရခြင်း ဟူသော အကျိုး၅-ပါးကို ရရှိရလေ သည်။[၁]

၁။ အံ၊ ၂။ ၂၇။ အံ၊ ၃၊ ၃။ ၁၇။

ဆောင်။ ။မြင်လျှင်ချစ်ခင်၊ သူတော်စင်တို့၊ ခိုဝင်ကပ်ချဉ်း၊ သတင်းမွှေးလှ၊ လေးဝပရိသတ် ချဉ်းကပ်မကြောက်၊ လွန်မြောက်ဘဝ၊ သဂ္ဂနတ်ပြည်၊ စံရောက်လေသည်၊ ကျမ်းညီအဋ္ဌကထာရနိကာယ်ကည်း။

ရဟန်းဖြစ်ခဲ့လျှင် အရှင်သီဝလိ အရှင် အာနန္ဒာတို့ အလား အလှူခံတော်မူပါဟု တောင်းပန်ခံရသည် ဖြစ်၍ သင်္ကန်း သူမ်း ကျောင်း ဆေး ပစ္စည်း ၄-ပါးကို သုံးဆောင်ရသည်ကမျှား၍ တောင်းပန်မခံရပဲ သုံးဆောင်ရသည်က နည်းပါးခြင်း ကိုယ်နှုတ်စိတ်အားဖြင့် ချစ်ခင်နှစ်လိုဖွယ် သီတင်းသုံးဖော်တို့နှင့်အတူတကွ နေရခြင်း ဟူသော အကြောင်း ၅-မျိုးတို့ဖြင့် ပေးလှူသူက မပေးလှူသူထက် ထူးကဲသာလွန်လေသည်။ [၁]

တနည်း အားဖြင့်—

၁။ ရဟန္တာသခင်အရှင်မြတ်တို့၏ အချီးအမြောက်ကို ရှေးဦးစွာ ခံရခြင်း

၂။ ရဟန္တာသခင် အရှင်မြတ်တို့၏ ချဉ်းကပ်ခံရခြင်း

၃။ လှူဖွယ်ဝတ္ထုကို ရှေးဦးစွာ လှူဒါန်းခွင့်ရခြင်း

၄။ တရားတော်ကို ရှေးဦးစွာ နာယူခွင့်ရခြင်း

၅။ ကောင်းသော ဂုဏ်သတင်း ပျံ့သင်း ကျော်စောခြင်း

၁။ အံ၊ ၂။ ၂၇။ အံဋ္ဌ၊ ၃။ ၁၇။

၆။ ပရိသတ် ၄-ပါးသို့ ရဲဝံ့စွာ ချဉ်းကပ်နိုင်ခြင်း

၇။ သေပြီးနောက် နတ်ပြည်သို့ လားရောက်ရခြင်း

ဟူသော အကျိုးတရား ၇-ပါးကို ရရှိခံစားနိုင်လေသည်။

ဆောင်။ ။ထေရ်ရဟန္တာ ဦးစွာ ချီးမြှောက် ရောက်ရှိ ရဟန္တာ လှူဖွယ်ရာကို ဦးစွာ လှူရ ဓမ္မတရား နာရဦးစွာ အရပ်တကာ ကျော်ကြား ပျံ့သင်း သတင်းမွှေးလတ် လေးရပ် ပရိသတ် ချဉ်းကပ် ရဲစွာ သေပြီးခါနောက် နတ်ပြည်ရောက်သည် အံ့လောက် ဒါနအကျိုးတည်း။

တနည်း ဒါနသည်-

သိကြားမင်း စည်းစိမ်, မာရ်နတ် စည်းစိမ်, ဗြဟ္မာ့ စည်းစိမ်, စကြာမင်း စည်းစိမ်,-အစရှိသော လောကီ စည်းစိမ်, သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်,-ဟု ဆိုအပ်သော လောကုတ္တရာ စည်းစိမ်တို့ကိုလည်း ပေးစွမ်း နိုင်သည်။

ဆောင်။ ။သိကြားဖြစ်လို၊ ဒါနကို၊ မင်းမျိုးပြုပါလေ။
မာရ်နတ်ဖြစ်လို၊ ဒါနကို၊ မင်းမျိုးပြုပါလေ။
ဗြဟ္မာဖြစ်လို၊ ဒါနကို၊ မင်းမျိုးပြုပါလေ။

၁။ အံ၊ ၂။ ၄၅၇။

၂။ ဒီ၊ ဋ္ဌ၊ ၂။ ၆၃။ မ၊ ဋ္ဌ၊ ၃။ ၆၄။ အံ၊ ဋ္ဌ၊ ၃။ ၂၁၃။ ဥဒါန၊ ဋ္ဌ။ ၂၅၆။

စက္ကဝတ်များ၊ မင်းတရားဖြစ်လို၊ ဒါနကို၊ မင်းပျိုပြုပါလေ။
သာဝကပါရမီ၊ ဉာဏ်ရည်ပြည့်လို ဒါနကို၊ မင်းပျိုပြုပါလေ။
ပစ္စေကဗောဓိ၊ ထူးဘိဉာဏ်ကို၊ သင်ရလို၊ မင်းပျိုပြုပါလေ။
ဘုရားဘုန်းမို၊ သင်ဖြစ်လို၊ မင်းပျိုပြုပါလေ။

ဗြဟ္မာ့ပြည်ရောက်မှု၌ မှတ်သားဖွယ်

ဗြဟ္မာ့ပြည်သို့ အလှူဒါန ပြုရုံမျှဖြင့်ကား မရောက်နိုင်ချေ၊ သို့ရာတွင် ဒါနစေတနာသည် သမထ ဝိပဿနာစိတ်၏ အခြံအရံတန်ဆာဖြစ်၍ ပေးလှူပြီးနောက် ရန်ငြိုးဖွဲ့တတ်သော ရန်သူ၌သော်လည်း နူးညံ့သောစိတ် ပေါ်ပေါက်လာပြီးလျှင် ဗြဟ္မာ့ဝိဟာရခေါ် ဗြဟ္မစိုရ်တရားတို့ကို ပွားများ အားထုတ်ခဲ့ပါမူ ဗြဟ္မာ့ပြည်သို့လားရောက်နိုင်လေသည်။[၁]

ဈာန်ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်အား ကျေးဇူးပြုနိုင်

ဒါနသည် ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်, နိဗ္ဗာန် ချမ်းသာ အားလည်း အားကြီးသော မှီရာအကြောင်း အထောက်အပံ့ ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။[၂]

၁။ ဒီ၊ ၃။ ၂၁၄။ အံ၊ ၃။ ၇၁။ ဒီ၊ဋ္ဌ။ ၃။ ၂၂၇။ အံ၊ဋ္ဌ၊ ၃။ ၂၃၈။

၂။ ယံပန တံ ဈာနဝိပဿနာ မဂ္ဂဖလနိဗ္ဗာန ပဋိသံယုတ္တံ သုခံ၊ တဿာပိ ဒါနံ ဥပနိဿယ ပစ္စယော ဟောတိယေဝ။ ဒီ၊ဋီ၊ ၂။ ၆၇။

ဒါနသည် အလှူ့ရှင်နောက်သို့ တကောက်ကောက် ကပ်လိုက်

လှည်းဘီးသည် လှည်းတုတ်သံ(လှည်းဘီး၏ ရှေ့ဝယ် ကပ်လျက်တည်သော သစ်သား) နောက်သို့ ကပ်၍လိုက် သကဲ့သို့ ဒါနသည် အလှူ့ရှင် နောက်သို့ တကောက် ကောက် ကပ်၍လိုက်သည်။ ပစ္စုပ္ပန်, တမလွန်နှစ်တန်သော လောက၌ ပေးလှူသူ ဒါယကာသို့ အစဉ်တစိုက် လိုက်၍ အကျိုးပေး၏။

ဒါနဉ္စ ဒါယကံ ဇာတု၊
ပစ္ဆတော အနုဗန္ဓတိ။

ဣဓစေဝ ပရတ္ထစ၊
ဒါယကံ အနုဂစ္ဆတိ

ဟိ၊ ဟုတ်တိုင်းမှန်ရာ ထင်စွာပြအံ့။ ဒါနံ၊ အလှူ ဒါနသည်။ ဝါ၊ ဒါနပြုထ ကောင်းလှသော ကံသည်။ (ဒါန စေတနာသည်) ဇာတု၊ စင်စစ်ကေန် အမှန်အား ဖြင့်။ ဒါယကံ၊ ပေးလှူလေသူ အလှူ့ရှင်သို့။ ပစ္ဆတော၊ နောက်က။ အနုဗန္ဓတိ၊ ထက်ကြပ်မကွာ လိုက်ပါ လာ၏။ ဣဓစေဝ၊ ဤပစ္စုပ္ပန် လောက၌လည်းကောင်း၊ ပရတ္ထစ၊ တမလွန်လောက နောက်ဘဝ၌ လည်းကောင်း။ ဒါယကံ၊ ပေးလှူသူ အလှူဒါယကာသို့။ အနုဂစ္ဆတိ၊ ကောင်းကျိုးပေးရန် ကေန်စိုက်စိုက် နောက်ကလိုက်၏။

၁။ သံ၊ဌ၊၁။၇၉၊ သံ၊ဋီ၊၁။၁၂၀-ကို ချုံးရေးသည်။

အဓမ္မ ၁၀ ကုဋေအလှူ ဓမ္မ ၁ ကျပ်တန် အလှူလောက် မမြတ်

ကြီးကဲသူ မင်းစိုးရာဇာ စသူတို့၏ သူတပါးကို နှိပ်စက်၍ မတရားရအပ်သော အသပြာ ၁၁-ကုဋေတန် အလှူသည် တရားသဖြင့် တောင်းရမ်း ကောက်သင်းကောက် ရှာဖွေ၍ သားမယားကို လုပ်ကျွေးမွေးမြူသော ဆင်းရဲသား တယောက်၏ အသပြာတကျပ်တန်အလှူကို ၂၅၆-ပုံ ပုံ၍ တပုံမျှ မမှီနိုင်၊ တပုံစာမျှလောက်ပင် မထိုက်တန်။ ဆင်းရဲသား၏ တကျပ်တန် အလှူကအကျိုးများသည်။[၁] သို့ဖြစ်၍ တရားသဖြင့် ရှာမှီး၍ လှူရာ၏။ မတရားသော နည်းဖြင့် ပစ္စည်းကို မရှာမှီးရာ၊ မတရားသော နည်းဖြင့် ရှာမှီး၍ မလှူရာ။

ဆောင်။ တရားနှင့်လျော်စွာ ရှာဖွေ၍ရ ဓနဥစ္စာ တို့
ဖြင့်သာ ပြုပါ ဒါနကို။

လှူဖွယ်ဝတ္ထုနည်းပါးသော်လည်း သဒ္ဓါများက အကျိုးများစွာရ

လှူဖွယ်ဝတ္ထု တန်ဖိုးနည်းသော်လည်း သဒ္ဓါစေတနာ ထက်သန်များပြားလျှင် ထောင်ပေါင်းများစွာ တန်ဖိုးရှိသောအလှူနှင့် ထပ်တူထပ်မျှ အကျိုးရနိုင်၏။[၂]

၁။ သံ၊ ၁။ ၁၀၊ သံ၊ ဋ္ဌ၊ ၁။ ၅၇။ ဇာ၊ ဋ္ဌ၊ ၁။ ၆၆။

၂။ သံ၊ ဋ္ဌ၊ ၁။ ၅၆၊ သံ၊ ဋီ၊ ၁။ ၁၀၂။

ဂတိမြဲလှ ထူးမြတ်သောဒါန

စာရေးတံမဲလက်မှတ်၌ ဆွမ်းဒါယကာ၏ အမည်ကို ရေး၍ သံဃာထဲမှ မဲကျသောရဟန်းတို့အား လှူဒါန်းအပ်သော သလာကဘတ်, လဆန်း လဆုတ် ၇ ရက် ၈ ရက် ၁၄ ရက် ၁၅ ရက်နေ့တို့၌ ဥပုသ်စောင့်သုံး၍လှူဒါန်းသော ပက္ခိကဘတ်, ဝါဆိုသင်္ကန်း, ရေကန်, ကျောင်းတို့တွင် တမျိုးမျိုးကို လှူဒါန်းသူသည် အမြဲမပြတ် နိဗ္ဗကုသိုလ် ကောင်းမှုကိုပြုရာရောက်သောကြောင့် သောတာပန်နှင့်တူသည်ဟူ၏။ သောတာပန်ပမာ လားရာဂတိမြဲ၏။

ဆောင်။ ။စာရေးတံ ဆွမ်း၊ လှူဒါန်းသသူ၊ တမူဘသုံး၊ ဥပုသ်သုံးလျက်၊ ပက္ခိကဘတ် တရပ်ဝါဆို၊ သင်္ကန်းကိုလှူ၊ တူးလှူရေကန်၊ တဘန်ဝိဟာရ၊ ပြုထသောသူ၊ တူလေသောတာပန်၊ ထူးခြားဟန်ကို၊ ကေန်အဋ္ဌကထာဆိုသတည်း။

ဆုတောင်း၍ လှူပါ

ထိုမှတပါး သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဟူသော တရား ၅-ပါး တည့်ရှိ၍ ဆုတောင်းမှုလည်းရှိသောသူ၏ လားရာဂတိကားမြဲ၏။ ဆုတောင်းမှုမရှိလျှင်ကား အထက်ကောင်းကင်သို့ မြှောက်တင်ပစ်လွှင့်လိုက်သော တုတ်, လှံတံသည် အောက်မြေသို့ အချွန်းပိုင်းဖြင့် ကျမည်, အလယ်

၁။ အံ၊ ၄၊ ၃။ ၂၆၅။

ပိုင်းဖြင့်ကျမည့်, အရင်းပိုင်းဖြင့်ကျမည်ဟု တိတိကျကျ မမှတ်နိုင်သကဲ့သို့လားရောဂတိ မမြဲချေ၊ထို့ကြောင့် ကုသိုလ်ကောင်းမှုတခုခုပြုလျှင် သုဂတိဘုံဌာန တခုခုကိုဆုတောင်း၍ ပြုသင့်သည်ဟု မိန့်ဆိုလေသည်။ ၁

ဒါနအကျိုးပြ လင်္ကာများ

ဒါနအကျိုးများကို စာရှုသူတို့ မှတ်သားလွယ်အောင် ပါဠိ, အဋ္ဌကထာ ကျမ်းဂန်များ လာရှိသည့်အတိုင်း အကျဉ်းချုပ်၍ လင်္ကာဖြင့် ဖော်ပြအပ်ပါသည်။

ဆွမ်း အကျိုးပြလင်္ကာ

သက်ရှည် ဆင်းလှ၊ ဗလကြီးမား၊ ချမ်းသာများဘိ၊ ကြီးစွ ပညာ၊ ငါးဖြာမယုတ်၊ ဆွမ်းကျိုးထုတ်၍၊ အင်္ဂုတ္တရ၊ ပဥ္စကနိပါတ်၊ မိန့်လတ်တာဝ၊ မိလိန္ဒပဟ္၊ ဝဏ္ဏပဒါန်၊ အလို ပြန်သော်၊ နှစ်တန်ပါနု၊ ဆွမ်းလှူရမှု၊ ပုဗ္ဗနိသင်၊ ကျိုး ငါးအင်ဝယ်၊ ဖြူစင်သန့်ရှင်း၊ ထမင်းအဖျော်၊ ပူဇော် များလှ၊ လို့လရုံခြွေ ဌာနေန္တနှင့်၊ ငါးတွေထည့်ငြား၊ကျိုး ဆယ်ပါးဟု၊ ပိုင်းခြား မိန့်ဆိုလေသတည်း။

အန္နံ ပါနဉ္စ ဒတွာန၊
ဝုဒ္ဓေသံဃေ ဂဏုက္ကမေ။

ဒသာနိသံ သေအနုဘောမိ၊
ကမ္မာနုစ္ဆဝိကေမမ။

၁။ မ၊ဋ္ဌ၊၄။၁၀၄။

အာယုဝါဗလာဝါဒိရော၊
ဝဏ္ဏဝါ သယာဝါသုခံ။
လာဘီ အန္နသပါနဿ၊
သူရော ပညဝါသဒါ။
ဣမေဂုဏောပဋိလဘော၊
သံသရန္တော ဘဝေအဟံ။[၁]

သင်္ကန်းအကျိုးပြလင်္ကာ

ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝင်းစုံဝ၊ ထွန်းလင်းပ၏၊ မကာသိန်းဘိုး၊ ပုဆိုးရလော၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီသင်္ကန်းလှူကျိုးတည်း။

မျိုးသားတို့မှာ၊ မြတ်စွာဗေဟီ၊ ခေါ်ဘ်မြွက်ကြား၊ ရှစ်ပါးပရိက္ခရာ၊ လှူယ်ပြီးကာလျှင်၊ လေးဖြာအာသဝေါ၊ သန္တိစင်ကြော၏၊ မနောဖြူဆွ၊ မိန်းမတို့မှာ၊ မဟာလတာ၊ မြတ်တန်ဆာကို၊ ရောင်ဝါထိန်ညီး၊ ဝတ်ဆင်ပြီး၍၊ မဂ်ထိုး ဖိုလ်ရိပ်၊ အောင်ဘိသိက်ဖြင့်၊ နိဗ္ဗူအောင်မြို့၊ ရွှင်စံမျို့သည်၊ မချို့မှတ်ဖွယ် ဆောင်ပုဒ်တည်း။

ကျောင်းအကျိုးပြလင်္ကာ

ရွှေဘုံပေါ်ပေါက်၊ ယိုတ်ကြောက်လန့်ကင်း၊ ဘေးရန်ရှင်း၏၊ ကြောက်ခြင်းယာ္ဂ၊ ပါပမမက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊ ကုဋိကျောင်းလှူရှစ်ကျိုးတည်း။[၂]

၁။ အပ၊ ၁။ ၃၆၉။ (ဗိလိန္ဓဝစ္ဆေတ္ထေရာပဒါန်၊ ဂါထာနက် အတွင်းဝင်ပြီး) အံ၊ ၁။ ၃၇၄။ အံ၊ ၁။ ၃၅ - လည်းကြည့်။
၂။ သမန္တနဒေါသာဒိ ဒီပနီ။

ခွန်အားကြီးခြင်း၊ အဆင်းလှပ၊ များလှချမ်းသာ၊ တဖြာမျက်စိ၊ လှူတုံဘိသည်၊ မှတ်သိကျောင်းလှူအကျိုးတည်း[၁]။

ဆေးလှူအကျိုးပြလင်္ကာ

သက်ရှည်ဆင်းလှ စသည်ငါးတွေ့ ခြွေရံများလှ လုံ့လ ကြီးတွေ့ လူရှိသေလျက် မကွေ့ချစ်သူ ဘေးမပြုသည် ဆေးလှူအကျိုးဆယ်ပါးတည်း၊

ယာဂုအကျိုးပြလင်္ကာ

ရောဂါကင်းရှင်း ချမ်းသာခြင်းနှင့် ထမင်းအဖျော် ပူဇော်လည်းများ ဆင်းရောင်ပွား၏၊ တရားဓိပ္ပါယ် သိစွမ်း လွယ်ဟု ငါးသွယ်ကျိုးစု ယာဂုပဒါန် လာဟန်ဖွေထုတ် ဒသင်္ဂုတ်ကား ဆွမ်းကျိုးငါးမှာ ထည့်ပါမှတ်ကင်း ပတွင်း သန့်စင် လေလျှင်နိမ်လေ အစာကြေသည် ဆယ်တွေ့ယာဂု လှူကျိုးတည်း[၂]။

[“ဘေသဇ္ဇမေတံ သုဂတေန ဒေသိတံ” ဟူသော ဘုရားမြွက်စွာ စကားတော်ကိုထောက်၍ ယာဂုကို ဘုရားဆေးဟု ရှေးဆရာတော်ကြီးများ မိန့်ဆိုတော်မူကြသည်။ *ယာဂုဟူသည် သဗ္ဗညုဇိနော် ဆေးကျော်မည်၏တည်း။]

၁။ သံ၊ ၁။ ၂၉။ ဝိ၊ ဋ္ဌ၊ ၄။ ၅၈-ကြည့်။ ကျောင်းလှူကျိုး ၉-ပါး မ၊ ၁။ ၁၃။ ကြည့်။ ကျောင်းလှူအကျိုး ဝိ၊ ၄။ ၂၉၁ ကြည့်၊

၂။ ဝိ၊ ၄၊ ၃၁၅-၌လည်း ယာဂုလှူရကျိုး ဆယ်ပါးပင်လာသည်၊

ဟင်းလျာအသားလျှကျိုးပြလက်ာ

ရတနာမျိုး မညိုးပြည့်စုံ များလှုပုံကို အုပ်ကြုံစိုးငြား ရေသားနုစွာ ဤသုံးဖြာသည် ဟင်းလျာအသားလှူကျိုး တည်း။

ကောက်ဦးသီးဦး လှူကျိုးပြလက်ာ

စည်းစိမ်ကြီးမား ခြွေရံများ၏ ပယ်ရှားရန်ဘေး ရုပ်သွေးလျှံပ နေပြန့်ပြော မြဲသောရံခြွေ ရှိသေညွတ်လျ လာဘ်ဦးရသည် အဌသစ်သီးကောက်ဦး လှူကျိုးတည်း။

ရေလှူအကျိုးပြလက်ာ

ကိတ္တိသုဓ္ဒေါ ခြွေရံပေါ လျှင်ဆောမှတ်သိပ်ကွာ။
သက်ရှည်ဆင်းလှ ချမ်းသာရ ဗလဉာဏ်ပညာ။
ရေကိုလှူရ ကျိုးဆယ်ဝ စိတ်ကမှတ်လေပေါ။

တနည်းရေလှူ အကျိုးပြလက်ာ

သစ်ပင်တောင်ဖျား တက်လေငြားလည်း မရှားရေရ တောင့်တမိုးရွာ ပူဆာအိုက်ကင်း ရှင်းသည့်အနာ ကိလေသာဝေး ညစ်ကြေးမရစ် နှံ့သာစစ်သို့ ခုနစ်ရေလှူအကျိုး တည်း။

သပိတ်လှူအကျိုးပြ လက်ာ

ရွှေ ငွေ ပတ္တမြား သုံးပါးခွက်ရ ဘယကင်းလေ လူ ရှိသေ၏ များထွေလာဘ ဘောဂမပျက် စိတ်စက်တည်

ကြည် လိုသည်တရား ခေါင်းပက်လေ ဤဆယ်ထွေသည် မှတ်လေ သပိတ်လှူကျိုးတည်း။

ထီးလှူ အကျိုးပြ လင်္ကာ

ပူချမ်းမသိ ကြေးညှိမတင် ကင်းစင်ရန်ဘေး ကင်းဝေး နှောင့်ယှက် မပျက်ရှိသေ အရေနုန်နယ် စင်ကြယ်နှလုံး စောင့်သုံးရိပ်ဖြူ ဤရှစ်ဆူသည် ထီးလှူရခြင်း အကျိုးတည်း။[၁]

ပဲခွပ်သင်ခုန်းလှူ အကျိုးပြ လင်္ကာ

သာမန်ရဲခြင်း တွန့်တိုကင်း၏ ရဲခြင်းလွန်ထ တည်ပငြိမ်သက် မပျက်လုံ့လ သစ္စာကို နိစ္စချိပြု ပုထုဂမ္ဘီ ဉာဏ်နှစ်လီထပ် ဤရှစ်ရပ်သည် ပဲခွပ်သင်ခုန်း လှူကျိုးတည်း။

ဓား လှူ အကျိုးပြ လင်္ကာ

မိတ်ဆွေကောင်းနှင့် မပေါင်းရကြုံရ လုံ့လလည်းရှိ ခံချိသည် လက်ဆွဲမကွာ တဏှာဖြတ်ရန် မဂ်ဉာဏ်လေးပါး ဤဆယ်ပါးသည် ဓားလှူရခြင်း အကျိုးတည်း၊

လက်သည်းလှီးဓားငယ်လှူအကျိုးပြ လင်္ကာ

ဆင် မြင်း ကျွဲ နွား တခြားကျေးကျွန် တမန်စေပါး တန်ဆာဆင်ယူ ချက်သူခဲဖွယ် ငါးမျိုးကြွယ်သည် ဓားငယ်လက်သည်းလှီး လှူကျိုးတည်း။

၁။ အပ၊၁။၃၅၈။ဆတ္တာနိသံသကြည့်။

အပ်လျှ အကျိုးပြ လင်္ကာ

ပညာထက်လှ ရှုပတင့်တယ် ဥစ္စာကြွယ်၏ ဖျောက်ပယ် နှစ်ဖြာ ငါသင်္ကာသူ ဤငါးဆူ အပ်လျှုအကျိုး မှတ်ဖွယ် တည်း။၁

အပ်အိမ်လျှ အကျိုးပြ လင်္ကာ

ကင်းရှင်းညောင်းညာ ကိုယ်ချမ်းသာ၏ ရိယာပုထ်ငြိမ် ဤသုံးကြိမ် အပ်အိမ်လျှုကျိုးတည်း။

ယပ်တောင်လျှ အကျိုးပြ လင်္ကာ

ချမ်းပူကွာရှင်း အိုက်ခြင်းကင်းပ စိတ်အေးမြ၏ ရာဂ ဒေါသ မောဟာဒိဋ္ဌိ မာနဂ္ဂိကင်း ဤရှစ်ခင်းသည် လေ ညှင်းယပ်ခပ် လျှုကျိုးတည်း။

ရေစစ်ဓမ္မကရိုဏ်လျှ အကျိုးပြ လင်္ကာ

သက်ရှည်သူ့ထက် ရန်မဖျက်တည်း လက်နက်မရှ ဆိပ် ပျောက်ပလျက် သူ့လက်မသေနိုင် ဤငါးဆိုင်သည် ဓမ္မ ကရိုဏ် ရေစစ် လျှုကျိုးတည်း။

ထောပတ်ဆီကြည်လျှ အကျိုးပြ လင်္ကာ

လုံးရုပ်ညီညာ ဆင်းဝါလျှောက်ပတ် တည့်မတ်ဣန္ဒြေ သခေ့စိတ်စက် မပျက်စောင့်ကြပ် ဤငါးရပ်သည် ထော ပတ်ဆီကြည် လျှုကျိုးတည်း။၂

၁။ အပ၊၁။၃၆၀ ကြည့်။

၂။ သမ္ဗန္ဓနဒေါသဒီပနီ။

ခါးပမ်းကြိုးအလှူ အကျိုးပြ လင်္ကာ

တုန်လှုပ်ကင်းကွာ ချောန်သမာလေ့ စုံစေ့မြဲမြဲ ဆို ယေခုံတည် မေ့သည်မရှိ ထင်ပေါ်တိသည် သတိနှစ်မှန်း ညှိခြောက်ခန်းသည် ခါးပမ်းလှူခြင်း အကျိုးတည်း

သပိတ်ခြေလှူကျိုး ငါးပါး

မိပ္ပါယ်ကျန ထင်လှသည့်ဉာဏ် ကျမ်းဂန်မြင်သိ သတိ မပျက် နှောင့်ယှက်သူတွေ့ သပိတ်ခြေ ငါးထွေလှူကျိုး တည်း။

အိုးခွက်လှူအကျိုးပြ လင်္ကာ

ရွှေဖန်ပတ္တမြား ခွက်များမယုတ် အလုပ်အကျွေး မနှေးစုံလင် ဗေဒင်ကျမ်းဂန် မကျန်တတ်လျက် ဉှိသုံး ချက်သည် အိုးခွက်လှူခြင်းအကျိုးတည်း။

ဆွမ်းစားခွက်လှူ အကျိုးပြ လင်္ကာ

ရွှေဖန်ပတ္တမြား သုံးစားခွက်ရ လိုကမကြွင်း ခါ သင်းကြေးခွက် မပျက်ဖြူဆွတ် ကျင့်ဝတ်တရား ဉှိသုံးပါး သည် ဆွမ်းစားခွက်လှူအကျိုးတည်း။

ဖိနပ်ခြေနင်းလှူအကျိုးပြ လင်္ကာ

ထမ်းစင်သံလျင်း ဆင်မြင်းယာဉ်ရ ခြေလှမ်းကလည်း ပေါ်ရခြေနင်း သန့်ရှင်းစိတ်ဇော စောဓါထပ်ထပ် ဉှိသုံး

ရပ်မှာ ဖိနပ်လှူကျိုး တန်ခိုးဖြင့်သာ ပါဒုကာကို လိုရာစီး သွား ဤတပါးကား မှတ်သားခြေနင်း လှူကျိုးတည်း။

ခြေသုတ် ခြေသုတ်ခုံလှူ အကျိုးပြလင်္ကာ

မြူကြေးမတွေ့ ချောမွေ့သားရေ အဆင်းရွှေတည်း ထွန်းလေဝန်းကျင် ကိုယ်ရောင်ရှင်သည် ငါးအင်ခြေသုတ် လှူကျိုးတည်း။

တောင်ဝှေးလှူကျိုး ပြလင်္ကာ

ချွတ်ချော်ပယ်ရှင်း ကြောက်ခြင်းမရှိ လုံဘိအစောင့် မနှောင့်စိတ်စက် ရန်ဖက်ပယ်ရှား သားကောင်များသည် ခြောက်ပါးတောင်ဝှေး လှူကျိုးတည်း။

မျက်စဉ်းလှူကျိုးပြ လင်္ကာ

သင့်ရာသင့်ရာ ဖြူနီဝါလျက် ကျယ်စွာမျက်စိ ကြည်လင်ဘိ၏ မရှိနောက်နုက် နတ်မျက်စိသွင် နှာမျိုးစင်သည် ရှစ်အင်မျက်စဉ်း လှူကျိုးတည်း။

အာယောဂပတ်လှူကျိုးပြ လင်္ကာ

သမာဓိစျာန် နှစ်တန်လေ့လာ မကွာခြေများ စကား ယုံကြည် စည်းစိမ်တည်မော ငါးမည်ဟောသည် အာယောဂပတ်လှူ အကျိုးတည်း။

သံကောက်အိမ် သော့အိမ်လှူကျိုးပြ လင်္ကာ

ဒေါသမရောက် စိုးရိမ်ပျောက် သံကောက်သော့အိမ် လှူကျိုးနှစ်ပါးတည်း။

မှီအိုးလှူကျိုးပြ လင်္ကာ

မျိုးနွယ်မြွတ်စွာ အင်္ဂါပြည့်ညီ ဉာဏ်ရှီပြီ သုံးလီမှီအိုး လှူကျိုးတည်း၊

ကရားရေဗူး ဓါတ်ဗူး လှူကျိုးပြလင်္ကာ

ကြီးကဲဖြစ်ရ သုခတိုးပွား ခြေရံများလျက် ညံ့ထွား ကိုယ်လက် ဂုဏ်နက် ပြန့်ပြော ညီမောလက္ခဏာ ကင်းကွာ ထိတ်လန့် ပယ်ဟန့်ဥပဒ် လေးမှတ်ထင်ပြား ဗူးကရားနှင့် ယာဉ်များမြင်းဆင် စုံလင်ရလာ ထိုရတနာလည်း မကွာ တည်ငြား ဤဆယ်ပါးသည် ကရားရေဗူး ဓါတ်ဗူးလှူကျိုးတည်း။

လက်သုတ်ပုဝါလှူကျိုးပြ လင်္ကာ

ကိုယ်မပူဆာ လက္ခဏာစုံလင် ဉာဏ်မြင်သမာဓိ ဇီဝိ မယုတ် ငါးချက်ထုတ်သည် လက်သုတ်ပုဝါလှူကျိုးတည်း။

မွေးညှပ်လှူကျိုးပြလင်္ကာ

ဓားငယ်လှူနက် ကျိုးငါးချက်၌ နူတ်ဖျက်ကိလေ တည့်သွင်းချေက, ခြောက်ထွေမွေးညှပ် လှူကျိုးတည်း။

နှာနှပ်တံလှူ ကျိုးပြ လင်္ကာ

ပညာကြီးလျက် သဒ္ဒါထက်၍ ကြောက်ရှက်ပါပ ကျန ကျမ်းဂန် စွန့်ဟန်မတူ ကျိုးခြောက်ဆူသည် မှတ်ယူ နှာနှပ်တံ လှူကျိုးတည်း။

ပလ္လင်လှူကျိုးပြ လင်္ကာ

မြတ်သည်မျိုးရိုး ကြွယ်ဖြိုးဥစ္စာ ကြေညာပေါ်ထင် မြင်ကရိုသေ ဖြစ်လေသမျှ ပလ္လင်ရသည် ပိဋ္ဌပလ္လင်ငါး ကျိုးတည်း။

ဘုံလျှို(ဖုံ) လှူကျိုးပြ လင်္ကာ

စေ့စပ်သောကိုယ် နှုပျိုလှဝါ ခင်းထူးလာ၏ လိမ္မာ ညံ့ပျောင်း ချောနုညောင် စောင်းစက် ဤမြောက်ချက်သည် ဟောမြွက် ဘုံလျှိုလှူကျိုးတည်း။

ခေါင်းအုံးလှူကျိုးပြလင်္ကာ

သိုးမွေးနှုဖြင့် ပြုသည့်အုံးနီ သုံးရပြီတည်း ရမှီဓိဂမ ပေးနိစ္စဟု စောင့်ထကိုယ်ကို ဖြုဟူစိုရ်နှင့် ထိုထိုကျင့်ဝတ် ဂုဏ်ထူးမြတ်၏ အပတ်တကုတ် အားထုတ်မရှိ ဗောဓိပက္ခိယ ပြည့်စုံဝ၏ သီလစင်ဘိ သမာဓိနှင့် ဝိမုတ္တိခန် ပညာဉာဏ်သည် ငါးတန်ခေါင်းအုံး လှူကျိုးတည်း။

အင်းပျဉ်လှူကျိုးပြ လင်္ကာ

မယားကျွန်ကျေး ယာဉ်မျိုးခွေး ခြေဆေးအင်းပျဉ် လှူကျိုးတည်း။

နယ်ဆီလှူကျိုးပြ လင်္ကာ

သက်ရှည်ဆင်းလှ ကင်းပရောဂါ ဉာဏ်လက်ငင်း ထမင်း အဖျော် ပူဇော်သည်များ ဤငါးပါးသည် ဟောကြား နယ်ဆီ လှူကျိုးတည်း။

သိဟောပတ်လှုကျိုးပြ လင်္ကာ

ခွန်အားကြီးခြင်း အနာကင်းလျက် အဆင်းယဉ်ကျေး အမွေးကြည်မှုင် သန့်ရှင်းစင်သည် ငါးအင်ဆီနှင့် ဟောပတ် လှုကျိုးတည်း။

ဒန်ပူလှုကျိုးပြ လင်္ကာ

လည်ချောင်းစင်သန့် ချောင်းဆိုးဟန့်၍ မွေးပျံ့ခံတွင်း ကုတ်ဟ်ကင်း၍ သံညင်းရင့်ယူ ဤငါးဆူသည် ဒန်ပူ လှု ခြင်း အကျိုးတည်း။

ပျားရည်လှုကျိုးပြ လင်္ကာ

ရောက်လေသမျှ တက္ကပါနာ ပျားမိုးရွာ၏ ရသာမဂ်ဖိုလ် သုံးရဆိုသည် ပျားချိုလှုကျိုး လေးပါးတည်း။

နို့ဓမ်းလှုကျိုးပြ လင်္ကာ

ကာယဂတာ မြိုက်သုခာ သုံးရာနို့မေ်း လှုကျိုးတည်း။

အခိုးထုံနံ့လှုကျိုးပြလင်္ကာ

တိက္ခပညာသ ဇဝနနှင့် ဒဠှဘူရိ ဂမ္ဘီပညာ ကောင်းစွာ ကိုယ်နံ့ ကျော်ပျံ့ထင်ရှား ခြောက်မျိုးများ၍ ဆယ်ပါးအကျိုး စုံပြည့်ဖြိုးသည် အခိုးထုံနံ့အလှုတည်း။[၁]

၁။ ဤလင်္ကာများမှာ များသောအားဖြင့် သမင္ဂနဒေါ်သာဒိ ဗ်ပနီ ကျမ်းလင်္ကာများဖြစ်သည်။

အသက်ရှည်ကြောင်း အလှူကောင်း

အိုသူတော်စင် အသက်ရှည်ပြီး ဘုရားမြတ်စွာ သာသနာတော်မြတ်ကြီး ချီးမြှောက်နိုင်အောင် အခွင့်သာခိုက် ရေစစ်အလှူ, ကျောင်းအလှူ, ဂိလာနဝတ်အလှူ, ကျောင်းအိုဇရပ်အို ပြုပြင်မှုအလှူ စသည်တို့ကို ပြုလုပ်ရာ၏။ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ သာသနာတော် သက္ကရာဇ် ၆၀၀-၆၅၂ တွင် ၄၄-နှစ်တိုင် ဝသဘမင်းကြီး မင်းပြုတော်မူခဲ့လေသည်။

မင်းကြီးသည် မင်းအဖြစ်သို့ ရောက်တော်မူလေလျှင် ကျမ်းကျင်တတ်မြောက်သော ဗေဒင်ဆရာတယောက်ကို မိမိမည်မျှ မင်းပြုရမည်ဖြစ်ကြောင်း မေးမြန်းရာ ဗေဒင်ဆရာက အိုမင်းမြတ် အရှင်မင်းကြီး ၁၂-နှစ်မင်းပြုရပါမည်ဟု သံတော်ဦးတင်လေ၏။ မင်းကြီးသည် ဗေဒင်ဆရာအား ငွေအသပြာ ၁ ထောင်ပေး၍ ယင်းသတင်းကို မည်သူတဦးတယောက်မျှ မပြောရန် ပိတ်ပင်တားမြစ်ပြီး နန်းတော်၌ သံဃာတော်များပင့်ဖိတ်ဧစတော်မူပြီး နန်းသက်ကြာရှည်စွာ မင်းပြုနိုင်ကြောင်း ဥပါယ်ကောင်းတို့ကို လျှောက်ထားရာ သံဃာတော်အရှင်မြတ်တို့က-ဒကာတော် ရေမြေ့ရှင် မင်းတရား နန်းသက်ရှည်ရှည် မင်းပြုလိုလျှင် ရေစစ်လှူပါ, ကျောင်းဆောက်လှူဒါန်းပါ, မကျန်းမမာသော ဂိလာန ရဟန်းများအား ထွမ်း, ယာဂု, ဆေးစသည့်ဂိလာနဝတ္တဒါနပြုပါ၊ ကျောင်းအို, တန်ဆောင်းအို, ဇရပ်အို, စေတီအို, ပုထိုးအိုများပြင်ပါ, ၅-ပါးသီလ လုံအောင်စောင့်သုံးပါ။ ရှစ်ရက်သီတင်း လပြည့်လကွယ်

ဥပုသ်စောင့်ပါဟု မိန့်တော်မူလေသည်၊ ဝသဘမင်းကြီး သည် သံဃာတော်များ မိန့်ကြားသည့်အတိုင်း ရေစစ် အလှူ, ကျောင်းအလှူ, ဂိလာနဝတ်အလှူ, ကျောင်းအို, တန်ဆောင်းအို, ဇရပ်အို, စေတီပုထိုးအိုများကို ပြင်ဆင် ခြင်းအလှူ၊ ၅-ပါး သီလ, ရှစ်ပါး သီလစောင့်ခြင်း ပြု တော်မူခဲ့လေသည်။ ယင်းသို့ပြုသဖြင့် ဝသဘမင်းကြီးသည် သိဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ၌ ၄၄-နှစ်တိုင်တိုင် မင်း ပြုပြီးမှ နတ်ရွာစံတော်မူခဲ့လေသည်။ ယင်းသို့ဖြစ်ကြောင်း မဟာဝံသ၌ —

၁။ ပရိဿာဝနဒါနေန၊
အာဝါသဒါနမေဝစ။
ဂိလာနဝတ္ထုဒါနေန၊
ဒါတဗ္ဗံ မနုဇာဓိပ။

၂။ ကာတဗ္ဗံ ဇိဏ္ဏကာဝါသ၊
ပဋိသင်္ခရဏံတထာ။
ပဉ္စသီလသမာဒါနံ၊
ကတွာ သာဓု သုရက္ခိယံ။

၃။ ဥပေါသထူပဝါသော စ၊
ကတ္တဗ္ဗော ပေါသထေ ဣတိ။
ရာဇာသာဓူတိ ဂဏှာန၊
တထာ သဗ္ဗမကာသိ သော။

၁။ မဟာဝံသ။ ၃၅၊ ၇၄၊ ၇၅၊ ၇၆။

၄။ စတုတ္တာလီသဝဿာနိ၊ ပုရေရဇ္ဇမကာရယိ။
စတုတ္တာလီသဝေဿာခ၊ ပူဇာယောစ
အကာရယိ၊[1]

ဂါထာများဖြင့် ဖော်ပြခဲ့ပေသည်။

ဆောင်။ ။အသက်ရှည်လို ရေစက်ကို မင်းပျိုလှူဒါန်းပါ။
ရဟန်းသာမဏေ ကိန်းနေစံမြန်း ကျောင်း
သင်္ခမ်း လှူဒါကြစမ်းပါ။
မကျန်းမမာ မြတ်သံဃာ သဒ္ဓါကြည်ဖြူ လှူ
ဒါန်းပါ။
ကျောင်းအို တန်ဆောင်းအို ဇရပ်အို မင်းပျို
ပြင်စမ်းပါ။
ငါးပါးရှစ်ပါးသီလများ လေးစား စောင့်
ထိန်းပါ။
ယခုဘဝ သက်ရှည်ရ၍ နောက်ဘဝမှာ ထက်
နတ်ရွာ မှန်စွာစံရမှာ။

ဒါနဂုဏ်ရည်ကျမ်း အပြီးသတ်ခြင်း

၁၃၄၅-ခုနှစ် သီတင်းကျွတ်လဆန်း ၆-ရက်နေ့တွင် မန္တလေးသာသနာဝင်ကျမ်း တောရသမတွဲကျမ်းကြီး ရေးသား တည်းဖြတ်၍ပြီးပါသည်။ ၁၃၄၅ ခုနှစ် သီတင်းကျွတ် လဆန်း ၉-ရက်နေ့ ညနေတွင် ဤမည်သော ဒါနဂုဏ်ရည်ကျမ်းကို ပိဋက၃-ပုံ နိကာယ် ၅ ရပ် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများ မဟာဝံသစသော သီဟိုဠ်သာသနာ့သမိုင်းကျမ်း စသည့် ကျမ်းပေါင်းများစွာတို့ကို

၁။ မဟာဝံသ။ ၃၅၊ ၁၀၀။

ကြည့်ရှုလေ့လာ၍ ရေးသားပြုစုရာ ၁၃၄၅-ခုနှစ် သီတင်းကျွတ် လဆုတ် ၃ ရက်နေ့ နေ့ ၂ နာရီအချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါသဖြင့် အောက်ပါသံပေါက်ကဗျာတို့ဖြင့် နိဂုံးအုပ်လိုက်ပါသည်။

ဒါနဂုဏ်ရည်ကျမ်း နိဂုံးသံပေါက်များ

၁။ မှတ်ပါစေလို သံပေါက်ဆို နောင်ကိုသိစေရာ။
၂။ အကြင်ငါမူ ပခုက္ကူ[၁]စွဲယူသန္ဓါ။
၃။ တစ်နှစ် ကိုးနှစ် သက္ကရာဇ် ဖွားလစ်ထိုကောဇာ။
၄။ ဆယ့်လေးနှစ်မှာ သာသနာ ဝင်ကာ ထမ်းရွက်ပါ။
၅။ နှစ်ဆယ်ကျော်စ နှစ်ကာလ ရရှိသမ္ဗဒါ။
၆။ မန္တလေး ပခုက္ကူ ကျမ်းဆုသူ ငါမှူသင်ယူပါ။
၇။ ကျွန်းလင်္ကာမှာ ငါးနှစ်ကြာ များစွာ သင်ယူလာ။
၈။ ပခုက္ကူ ဝိသုတာ ကျောင်းတိုက်မှာ ကျမ်းစာချုပ်ကာ။
၉။ ရာဂဏန်းမျှ ကျမ်းဂန္ထ မုချရေးခဲ့ပါ။
၁၀။ ဒါနဂုဏ်ရည် ကျမ်းဂန္ထ ငါသည်ရေးပြန်ရာ။
၁၁။ ဤစာရေးရ မြတ်ပုညကြောင့် အမတမည် ရောက်ကြောင်းရည် ငါသည်ပတ္တနာ။
၁၂။ သတ္တဝါအပေါင်းချမ်းသာကြောင်း ဆုတောင်းပို့မေတ္တာ။

ဒါနဂုဏ်ရည်ကျမ်း အလုံးစုံပြီး၏။

၁။ ပခုက္ကူမြို့ အနောက်ဘက် ၁၂-မိုင်ခန့် ကွာလှမ်းသည့် ကန်ရပ်ရွာ၌ ဖွားမြင်သည်။

အရှင်ကေလာသ

ပြုစုသော ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။
၂။ တိပိဋကအတ္ထုဒ္ဓါရသူစိကျမ်း။
၃။ တိပိဋကသုတ္တသူစိကျမ်း။
၄။ အင်္ဂလိပ် ပါဠိ အဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်။
၆။ သက္ကတ မြန်မာ အဘိဓာန်။
၇။ ပခုက္ကူ သာသနာဝင်။
၈။ မဟာဝိသုတာရာမ သာသနာဝင်။
၉။ မန္တလေး သာသနာဝင် ပထမတွဲ။
၁၀။ မန္တလေး သာသနာဝင် ဒုတိယတွဲ။
၁၁။ မန္တလေး သာသနာဝင် တတိယတွဲ။
၁၂။ မန္တလေး သာသနာဝင် စတုတ္ထတွဲ။
၁၃။ မန္တလေး သာသနာဝင် ပဉ္စမတွဲ။
၁၄။ မန္တလေး သာသနာဝင် ဆဋ္ဌတွဲ။
၁၅။ မန္တလေး သာသနာဝင် သတ္တမတွဲ။
၁၆။ မန္တလေး သာသနာဝင် အဋ္ဌမတွဲ။
၁၇။ မန္တလေး သာသနာဝင် နဝမတွဲ။
၁၈။ မန္တလေး သာသနာဝင် ဒသမတွဲ။
၁၉။ မန္တလေး သာသနာဝင် ဧကဒသမတွဲ။
၂၀။ မန္တလေး သာသနာဝင် ဒွါဒသမတွဲ။
၂၁။ မန္တလေး သာသနာဝင် တေရသမတွဲ။

၂၂။ မန္တလေး သာသနာဝင် စုဒ္ဒသမတွဲ။
၂၃။ မန္တလေး သာသနာဝင် ပန္နရသမတွဲ။
၂၄။ မန္တလေး သာသနာဝင် သောဠသမတွဲ။
၂၅။ မန္တလေး သာသနာဝင် သတ္တရသမတွဲ။
၂၆။ မန္တလေး သာသနာဝင် အဋ္ဌာရသမတွဲ။
၂၇။ မန္တလေး သာသနာဝင် ဧကူနဝီသတိမတွဲ။
၂၈။ မန္တလေး သာသနာဝင် ဝီသတိမတွဲ။
၂၉။ မန္တလေး သာသနာဝင် ဧကဝီသတိမတွဲ။
၃၀။ မန္တလေး သာသနာဝင် ဒွါဝီသတိမတွဲ။
၃၁။ မန္တလေး သာသနာဝင် တေဝီသတိမတွဲ။
၃၂။ မန္တလေး သာသနာဝင် စတုဝီသတိမတွဲ။
၃၃။ မန္တလေး သာသနာဝင် ပဉ္စဝီသတိမတွဲ။
၃၄။ ပုဂံ သာသနာဝင်။
၃၅။ ပင်းယ သာသနာဝင်။
၃၆။ အင်းဝ သာသနာဝင်။
၃၇။ စစ်ကိုင်းသာသနာဝင်။
၃၈။ အမရပူရသာသနာဝင်။
၃၉။ စွန်းလွန်းပဋိပတ္တိသာသနာဝင်။
၄၀။ သီဟိုဠ်ရဟန္တာများ။
၄၁။ သီဟိုဠ်ဘုရားစုံသမိုင်း။
၄၂။ စေတိယပုပ္ပတ္တိဒီပနီ။

၄၃။ ပခုက္ကူဘုရားစုံသမိုင်း။

၄၄။ ပခုက္ကူဘုရားသုံးဆူသမိုင်း။

၄၅။ ပခုက္ကူရှင်ကျင့်ဝတ်။

၄၆။ ပခုက္ကူစာချနည်း။

၄၇။ ပခုက္ကူရေစက်ချနည်းကျမ်း။

၄၈။ ပခုက္ကူသဒ္ဒါသုတ်နက်။

၄၉။ ပခုက္ကူဂုဏ်တော်ဖွင့်။

၅၀။ ပခုက္ကူဘုရားရှိခိုးကျမ်း။

၅၁။ ပခုက္ကူစာစပ်ကျမ်း။

၅၂။ ပခုက္ကူနိပါတ်နက်များကျမ်း။

၅၃။ ပခုက္ကူပရိတ်နိဿယကျမ်း။

၅၄။ ပါဠိပါဌမဥ္စူရီ ပါဠိဖတ်စာ။

၅၅။ ဥပုသ်သည်များလက်စွဲ။

၅၆။ တိပိဋကပါဠိ မြန်မာအဘိဓာန်အတွဲ ၉ (ပါဝင်ပြုစု)။

၅၇။ တိပိဋကပါဠိမြန်မာအဘိဓာန်အတွဲ ၁၀(ပါဝင်ဦးစီးပြုစု)။

၅၈။ တိပိဋကပါဠိမြန်မာအဘိဓာန်အတွဲ၁၁ (ပါဝင်ဦးစီးပြုစု)။

၅၉။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိ ဒီပနီနှင့် အဖိုးတန်စာပေများ။

၆၀။ အသင်္ခတမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏ မဟာထေရ စရိတ။

၆၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရုပ္ပတ္တိ ဒီပနီ။

၆၂။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ကလျာ ဏထေရဂုဏ်ရည်။

၆၃။ ဝါးကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန် ထေရဂုဏ်ရည်။

၆၄။ သံပုဏ္ဏကုန်းဆရာတော် အရှင်အရိယ၏ ထေရ ဂုဏ်ရည်။

၆၅။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော် အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမ ထေရာ ပဒါန်။

၆၆။ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ ၏ မဟာထေရုပ္ပတ္တိဒီပိကာ။

၆၇။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရား ကြီး၏ မဟာထေရလလိတ။

၆၈။ သာသနာပိုင်ဆရာတော် ဦးဧယျ ထေရုပ္ပတ္တိ။

၆၉။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော် ဘွဲ့ ဂါထာ ခြောက်ဆယ်ပါဌ်နိသယ။

၇၀။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ရှစ်ဆယ်ပါဋ္ဌိနိသာယ။

၇၁။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ကိုးဆယ်ပါဋ္ဌိနိသာယ။

၇၂။ ရေစကြို ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀-ပါဋ္ဌိနိသာယ။

၇၃။ ကျွန်းဦးဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ သုံးဆယ်ပါဋ္ဌိနိသာယ။

၇၄။ လက္ခဏာတော်ငယ်ရှစ်ဆယ် ဘုရားရှိခိုးဂါထာ ပါဋ္ဌိ နိသာယ။

၇၅။ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရား ရှိခိုး ဂါထာပါဋ္ဌိ နိသာယ။

၇၆။ တရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုးဂါထာ ပါဋ္ဌိနိသာယ။

၇၇။ နမက္ကာရ ပါဠိ နိသာယ။

၇၈။ ရှင်ဥပဂုတ် ဘုရားရှိခိုး ဆယ့်နှစ်ဂါထာ ပါဋ္ဌိ နိသာယ။

၇၉။ ပဋ္ဌသီခသီချင်း ဂါထာပါဋ္ဌိနိသာယ

၈၀။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာ လင်္ကာရသိမ် မော်ကွန်းပါဋ္ဌိ နိသာယ။

၁။ မရဏာကားတိဘာဝနာ။

၈၂။ မူလပဏ္ဏာသ အဋ္ဌကထာ ဂဏ္ဍိ။

၈၃။ ပိဋကတ်သုံးပုံ ဘုရားရှိခိုး (၁၁၅-ဂါထာပါဠိ နိဿယ)။

၈၄။ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။

၈၅။ ဒီပဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။

၈၆။ အစ္စရိယပဒါန်နှင့် အဖိုးတန်စာပေများ။

၈၇။ ပခုက္ကူ အဘိဓာန် နိဿယသစ်။

၈၈။ တိပိဋကရေဝတ္တနဿ ဒီပနီကျမ်း။

၈၉။ ကဝိဒပ္ပဏနီတိ ပါဠိနိဿယ။

၉၀။ တိပိဋကရေဝတ္တနဝိလာသိနီ။

၉၁။ ဆယ့်နှစ်ရာသီဘွဲ့ဂါထာပါဠိနိဿယ။

၉၂။ ရေနံချောင်းမြို့ ရွှေတောင်တိုက် တိုက်အုပ် ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရဝတ္တနဝိလာသိနီ။

၉၃။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။

၉၄။ မဟာဝိသုတာရာမ နိကာယ ဝတ်ရွတ်စဉ်အဖွင့်။

၉၅။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်သစ်။

၉၆။ မဟာဝိသုတာရာမိကာဂဏဝါစကနိကာယသမိုင်း မှတ်တမ်း။

၉၇။ မဟာစည်ထေရုပ္ပတ္တိဝိလာသိနီ။

၉၈။ သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း။

၉၉။ ၁၃၄၀ ပြည့်နှစ် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး သုံးပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၁၀ ပါး တို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒီပနီ။

၁၀၀။ အဂ္ဂမဟာပဏ္ဍိတအရှင်ဂန္ဓမာ၏မဟာမထေရဝိက္ကိ ဋ္ဌိတ။

၁၀၁။ ပခုက္ကူ အဖိုးတန်စာပေများ။

၁၀၂။ မိတ္တာမြတ်ကျေးဇူး။

၁၀၃။ ထမနောင်းခလထေရဂုဏ်ရည်။

၁၀၄။ ၁၃၄၁ ခုနှစ်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး နှစ်ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခြောက်ပါးတို့၏အဖြစ်တော်စဉ်မဟာထေရုပ္ပတ္တိ ပကာသနီ။

၁၀၅။ ပခုက္ကူ ရွှေတန့်တစ် ဘုရားသမိုင်း။

၁၀၆။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး သမိုင်းကျမ်း။

၁၀၇။ ရွှေကူဘုရားသမိုင်း။

၁၀၈။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်။

၁၀၉။ ကလျာဏီသာသနာဝင် (ပဲခူးကလျာဏီ သာသနာဝင်ကျမ်း)

၁၁၀။ ပခုက္ကူ နမောတဿ အနက်များကျမ်း။

၁၁၁။ ဆရာမြတ်ကျေးဇူး။

၁၁၂။ တပည့်လိမ္မာ။

၁၁၃။ ယာဂီရလပညာနန္ဒ၏ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)

၁၁၄။ ပခုက္ကူ သဒ္ဒါသုတ်နက်သစ်။

၁၁၅။ ပခုက္ကူ မောဂ္ဂလ္လာန်သုတ်နက်။

၁၁၆။ ယာမမင်းထံ အစစ်ခံသံပေါက်ကျမ်း အဖွင့်။

၁၁၇။ ထွတ်ခေါင်ကမ္ဘာ့ဝန်း သံပေါက် အဖွင့်ကျမ်း။

၁၁၈။ တိပိဋကပါဠိ အဋ္ဌကထာဋီကာဂါထာသူစိကျမ်း (ဦးစီးရေး)။

၁၁၉။ ပခုက္ကူ ပဒမာလာကျမ်း။

၁၂၀။ ပခုက္ကူ လက်ပန်ကျွန်းရွာ ပြည်လုံးချမ်းသာ ဘုရားသမိုင်း။

၁၂၁ ပခုက္ကူအနေကဇာတင် ပါဠိ နိဿယ။

၁၂၂။ [illegible] လက်စွဲဘုရားရှိခိုး။

၁၂၃။ အေးမြမြ ဓမ္မအမြုတေ။

၁၂၄။ မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ဆရာတော် အရှင် ဥက္ကံသာဘိဝံသ၏ ထေရုပ္ပတ္တိ ဒီပနီ။

၁၂၅။ မိုးကုတ် မဟာထေရဂုဏ်ရည် (မရိုက်ရသေး)။

၁၂၆။ ဆီးတော မဟာထေရဂုဏ်ရည် (မရိုက်ရသေး)။

၁၂၇။ တောင်သာမြို့နယ် ကျောက္ကာရွာ မဟာဗောဓိ ဆရာတော် ဘုရားကြီး အရှင်သီရိဓမ္မ၏ ဘုန်းတော်ဘွဲ့ ၁၄-ဂါထာ ပါဠိ နိဿယ။

၁၂၈။ သမီးလိမ္မာ။

၁၂၉။ သားလိမ္မာ။

၁၃၀။ မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ ဓမ္မပါရဂူဆရာတော် ဘုရားကြီး အရှင်အာစိဏ္ဏ မဟာထေရ်၏ ဘုန်းတော်ဘွဲ့ ၄၃-ဂါထာ ပါဠိ နိဿယ။

၁၃၁။ ရှင်ပင်မဟာရွှေဂူကြီး မြတ်စွာဘုရားသမိုင်း။

၁၃၂။ ရတနာဝလိ ဘုရားရှိခိုး။

၁၃၃။ ရတနာဝလိ ဝတ်ရွတ်စဉ် (၎င်းအဖွင့်)။

၁၃၄။ သီလဂုဏ်ရည်။

၁၃၅။ ဂုဏ်တော်ပွားနည်း နိဿရည်း။

၁၃၆။ ဒါနဂုဏ်ရည်။

၁၃၇။ ဘာဝနာဂုဏ်ရည်။

၁၃၈။ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီး၏ မကွေး မဟာထေရ ဂုဏ်ရည်။

၁၃၉။ သီဟိုဠ် ဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသ၏ သီဟိုဠ်ရှင်မဟာထေရ ဂုဏ်ရည်။

၁၄၀။ စတုရာရက္ခဘာဝနာ။

၁၄၁။ ဗုဒ္ဓဘုန်းတော် ဂုဏ်တော်မှ ပါဠိ နိဿယ (ဂါထာ ၅၀၀ ကျော်)။